# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရ၊ မရဏာနသဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 December 2017 ၉၁၅၁


# အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပစဉ်။**

**ရန်ကုန် ဒီဇင်ဘာ ၂၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

ရှေးဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သာရဏီယ ဩဝါဒကထာ မြွက်ကြားတော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယ ဩဝါဒ ကထာကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာ သာသနာတော် သုံးရပ်ရှိရာတွင် ပရိယတ္တိသာသနာတော်သည် ပင်စည်ရေသောက်မြစ်သဖွယ်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁**

**အစ္စရေးနှင့် ပါလက်စတိုင်း အတူယှဉ်တွဲနေထိုင်ရေး ညှိနှိုင်းဆွေးနွေးကြရန် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် တိုက်တွန်း**

စာမျက်နှာ - ၄

**နိုင်ငံတကာအဆင့်မီ ကန်သာယာ အထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနား ကျင်းပ**

စာမျက်နှာ - ၅

**လ အတန်ကြာ ပိတ်ထားသော မောင်တောမြို့မဈေးကြီး ပြန်လည်ဖွင့်လှစ်**

စာမျက်နှာ - ၁၁


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

ကြေးမုံ

# ထိန်းသိမ်းစို့လေ ဘိုးဘွားအမွေ

မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပုံ၊ လွတ်လပ်ရေးရရှိခဲ့ပုံ၊ လွတ်လပ်ရေးရရှိပြီးနောက် ဖြတ်သန်းလာခဲ့ရသော မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတို့ကို မျက်မှောက်ကာလ မြန်မာတို့အနေဖြင့် အနည်းနှင့်အများ သိရှိကြပြီးဖြစ်ပေလိမ့်မည်။ သို့သော် လွတ်လပ်ရေးဆုံးရှုံးခဲ့ရစဉ်ကာလ မြန်မာတို့ ရပ်တည်နေထိုင်ရသည့်ဘဝနှင့် လွတ်လပ်ရေးရရှိပြီး ရပ်တည်နေထိုင်ရသောဘဝ မတူကွဲပြားသည့်ဘဝနှစ်မျိုးကို စစ်စစ်ပေါက်ပေါက် ခံစားသိရှိနိုင်လိမ့်မည် မထင်ချေ။

ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်စဉ်ကာလက မြန်မာတို့၏ လွတ်လပ်ရေးအသိမှာ 'ဒိဋ္ဌဓမ္မအသိ' ကိုယ်တိုင်ကြုံတွေ့ခံစားရာမှ ဖြစ်ပေါ်လာသည့် ကိုယ်တွေ့အသိဖြစ်သည်။ မြန်မာတစ်မျိုးသားလုံး၏ နှလုံးသားတွင် သူ့ကျွန်အဖြစ်မခံလိုမှု၊ လွတ်လပ်သောနိုင်ငံဖြစ်လိုမှု စသည့် အမျိုးသားရေးစိတ်ဓာတ်များ ကိုယ်စီကိုယ်စီရှိနေသော ပကတိစိတ်ခံစားမှုအသိဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးနောက် အေးချမ်းသာယာသော လူ့ဘောင်၌ နေထိုင်စဉ်ကာလ မြန်မာတို့၏လွတ်လပ်ရေးအသိမှာ ကိုယ်တိုင်မခံစားရသည့် 'သညာသိ'သာဖြစ်သည်။ သိရှိမှတ်သားခြင်းမှ ရရှိသောအသိဖြစ်၍ ကိုယ်စီကိုယ်စီခံစားမှု ရှိချင်မှရှိပေလိမ့်မည်။

ထို့ကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပုံ၊ တိုင်းရင်းသားပြည်သူများအသက်၊ သွေး၊ ချွေး အမြောက်အမြား ရင်းနှီးပေးဆပ်ကာ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ရပုံတို့ကို မမေ့မပျောက်စေရန် အကြိမ်ကြိမ်အခါခါ မပြတ်အသိပေးနေရခြင်းဖြစ်သည်။ အသိပညာဗဟုသုတတို့ကို ထိုသို့မျှဝေပေးပြီး လွတ်လပ်ရေးနှင့်ပတ်သက်၍ ပြည်သူများ ကိုယ်စီကိုယ်စီ မမေ့မလျော့ရှိကြသောအခါ အမျိုးသားရေးစိတ်ဓာတ်များ မပျောက်မပျက်တော့ဘဲ နိုင်ငံ၏လွတ်လပ်ရေး မဆုံးရှုံးအောင်၊ အချုပ်အခြာအာဏာကို ထိပါးခြင်းမခံရအောင် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။

လွတ်လပ်ရေးကို ပြန်လည်ရယူခြင်းနှင့် လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းခြင်း နှစ်မျိုးမှာ သဘောသဘာဝအားဖြင့် ကွဲပြားသော်လည်း ရည်ရွယ်ချက်အားဖြင့် အတူတူပင်ဖြစ်သည်။ လွတ်လပ်ရေးကို ပြန်လည်ရရှိရန်အတွက် ဆိုခဲ့ကြပြီးသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးစိတ်ဓာတ်ထက်သန်မှု၊ ရဲစွမ်းသတ္တိနှင့် မျိုးချစ်စိတ်ဓာတ်ကြွခိုင်မှုတို့ဖြင့် နယ်ချဲ့တို့၏ အန္တရာယ်ရန်စွယ်ကို အချိန်ကာလကြာရှည်စွာ အသက်၊ သွေး၊ ချွေး အမြောက်အမြား ရင်းနှီးပေးဆပ်ကြရသည်။ မိမိတို့၏ ဘိုးဘေးဘီဘင်တို့ ဘဝများ၊ အသက်များ စတေးခဲ့ကြရသည်။ မိမိတို့၏ အရင်းအမြစ်များစွာတို့ ဆုံးရှုံးခဲ့ရသည်။ နှမြောတသဖွယ် တန်ဖိုးကြီးကြီး ပေးဆပ်ခဲ့ရသည်။

ဆုံးရှုံးမှုများ၊ ရင်းနှီးပေးဆပ်ရမှုများ၊ ခက်ခက်ခဲခဲကျပ်ကျပ်တည်းတည်း ရုန်းကန်လှုပ်ရှား အသက်စွန့်ကြိုးပမ်းအားထုတ်ရမှုများမှာ မမေ့နိုင်စရာဖြစ်သည်။ မိမိတို့၏ ဘိုးဘေးဘီဘင် မျိုးချစ်သူရဲကောင်းများအား ကမ္ဘာမြေကွန်းရေးထိုး၍ အောက်မေ့သတိရနေကြဆဲဖြစ်သည်။ မျိုးချစ်ဘိုးဘေးဘီဘင်တို့၏ ပြောင်မြောက်သော စွမ်းဆောင်မှုများမှာ မြန်မာတို့အဖို့ မေ့ပျောက်ဖွယ်ရာမရှိ၊ အတုယူအားကျ မြတ်နိုးလေးစားဖွယ်ရာများသာ ဖြစ်သည်။

မျက်မှောက်ကာလ ကျွန်ုပ်တို့ရရှိပြီးသော လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရသည်မှာ ကျွန်ုပ်တို့ မျိုးချစ်ဘိုးဘေးဘီဘင်များ၏ ရင်းနှီးပေးဆပ်ရမှုနှင့်နှိုင်းစာလျှင် သက်သောင့်သက်သာရှိမည်ဟု ဆိုနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့ ဘိုးဘေးဘီဘင်များ ရယူပေးခဲ့သော လွတ်လပ်ရေးကို အမှုမဲ့အမှတ်မဲ့ဖြင့် သတိမမူမိဘဲ စည်းလုံးညီညွတ်မှုအားနည်းပြီး အကွဲကွဲအပြားပြားဖြစ်နေလျှင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တစ်စတစ်စထိပါးလာနိုင်ပြီး ပေးဆပ်ရမှု များပေလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များ ရယူပေးခဲ့သော တန်ဖိုးကြီးမားသည့် လွတ်လပ်ရေးအမွေကို မပျောက်ပျက်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလ ခေတ်သစ်ကိုလိုနီနယ်ချဲ့မှုများအား ဘိုးဘေးဘီဘင်များ လက်ဆင့်ကမ်းပေးခဲ့သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် မျက်ခြည်မပြတ် သတိမလပ်ဘဲ စောင့်ကြည့်ကာကွယ်သွားကြရမည်ဖြစ်သည်။ ။

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )



၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**

# မန္တလေးတိုင်းဒေသကြီး မြင်းခြံဒေသတွင် ၂၂၅ မဂ္ဂါဝပ် ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ စမ်းသပ်မောင်းနှင်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံဒေသတွင် Sembcorp Myingyan Power Company Limited မှ IPP/BOT စနစ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသော ၂၂၅ မဂ္ဂါဝပ် ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စမ်းသပ်မောင်းနှင်ခြင်းအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၂၄ ရက်တွင် မြင်းခြံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။



အဆိုပါ ၂၂၅ မဂ္ဂါဝပ် ထုတ်လုပ်မည့် မြင်းခြံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ဆောင်ရွက်ခဲ့မှု၊ စမ်းသပ်မောင်းနှင်လည်ပတ်မှုအခြေအနေကို စက်ရုံအတွင်းရှိ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဓာတ်အားပေးစက်ရုံစီမံကိန်းမှာ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် သံမဏိစက်ရုံဝင်းအတွင်း တည်ရှိပြီး သဘာဝဓာတ်ငွေ့သုံးစက် ၇၁ ဒသမ ၅ မဂ္ဂါဝပ် နှစ်လုံး၊ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ ၈၂ မဂ္ဂါဝပ် တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် မတ် ၂၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ကာ လိုအပ်သောသဘာဝဓာတ်ငွေ့ကို ရွှေကမ်းလွန်မှဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်သည်။ စက်ရုံမှ ထွက်ရှိလာသည့် ဓာတ်အားများကို ၂၃၀ ကေဗွီမြင်းခြံ(သံမဏိ) ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားစနစ်ကွန်ရက်အတွင်းသို့ ပို့လွှတ်သွားမည်ဖြစ်သည်။

လက်ရှိ ပထမအဆင့်အနေဖြင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက် ၇၁ ဒသမ ၅ မဂ္ဂါဝပ် နှစ်လုံးကို စမ်းသပ်မောင်းနှင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါစက်ရုံမှ ဓာတ်အားများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ပုံမှန်ထုတ်လုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်(ရွှေဈေး) ၉၂၅၀၀၀ - ၉၂၅၀၀၀၊ မန္တလေး(ရွှေဈေး) ၉၂၅၀၀၀ - ၉၂၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၇၅/၇၉၅ ကျပ်၊ | ၈၃၀/၈၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၃၅ ကျပ်၊ | ၉၁၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၇၉၅ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၅၀/၈၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၅၀/၇၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၇/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၅၀ ကျပ်

***၁၉-၁၂-၂၀၁၇ ရက်နေ့မှ ၂၂-၁၂-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၂၉ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၅၁ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၅၇ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၈ ကျပ် ဖြစ်ပါသည်။***(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၇.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၇.၃၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁.၆၆၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၄.၄၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၀၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၃.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၅၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၂.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၅.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# သုတ္တန်၊ အဘိဓမ္မာ နှစ်ဖြာသော ဒေသနာတော်ကြီးများ မေ့ပျောက်ပျက်စီး၍သွားသော်လည်း ဝိနည်းဒေသနာတော်ကြီးတစ်ခု တည်မြဲလျက်ရှိပါက သာသနာတော်ကြီး တည်မြဲနိုင်

## အကြိမ် (၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဝဇိရာမတိ) မိန့်ကြားတော်မူအပ်သော သာရဏီယ ဩဝါဒကထာ

(၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၉ ရက်၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် အင်္ဂါနေ့)

အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆိုရေးဖြေလို၍ အဓိပတိတရားလေးပါး လက်ကိုင်ထားလျက် အားခဲ၍ ကြွရောက်တော်မူလာကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စာသင်တိုက်ကြီးများမှ ကြွရောက်တော်မူလာကြသည့် စာထောက်စာမ ဆရာတော်များနှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ၊ ဥပါသိကာမအပေါင်းသူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား ဩဝါဒစကား မြွက်ကြားလိုသည်မှာ-

ပမုဋ္ဌမှိ စ သုတ္တန္တေ၊ အဘိဓမ္မေ စ တာဝဒေ။


ဝိနယေ အဝိနဋ္ဌမှိ၊ ပုန တိဋ္ဌတိ သာသနံ။(ဝိ၊ ၃၊ ၁၃၇)

ဟူသော ဒေသနာတော်အရ မြတ်စွာဘုရားရှင်၏ သာသနာတော်၌ သုတ္တန်၊ အဘိဓမ္မာနှစ်ဖြာသော ဒေသနာတော်ကြီးများ မေ့ပျောက်ပျက်စီး၍ သွားသော်လည်း ဝိနည်းဒေသနာတော်ကြီးတစ်ခု တည်မြဲလျက်ရှိပါက သာသနာတော်ကြီး တည်မြဲနိုင်ပေသည်။ ဝိနည်းသည် သာသနာတော်၏ အသက်ပင်ဖြစ်ပေသည်။ ထို့ကြောင့် ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟု (ဝိ၊ ဋ္ဌ၊ ၁၊ ၁၁။)၌ မိန့်ဆိုထားပါသည်ဘုရား။

ဝိနည်းဆိုသည်မှာ မြတ်စွာဘုရားရှင်၏ အဆုံးအမဩဝါဒပင် ဖြစ်ပေသည်။ ဝိနည်းနှင့်သာသနာမှာ ရဟန်းတော်များ၌သာ ရှိသည်မဟုတ် လူပုဂ္ဂိုလ်များ၌လည်း လူပုဂ္ဂိုလ်များအလိုက် ငါးပါးသီလ အစရှိသော လူ့ဝိနည်း လူ့ကျင့်ဝတ် လူ၏ယဉ်ကျေးမှုများ ရှိကြပေသည်။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ အကြင်ပုဂ္ဂိုလ်သည် ဘုရားရှင်၏ အဆုံးအမဩဝါဒအတိုင်း လိုက်နာကျင့်သုံး၏။ ထိုပုဂ္ဂိုလ်၏သန္တာန်၌ သာသနာတည်ရှိနိုင်ပါသည်ဘုရား။

အရှင်မြတ်တို့၏ စိတ်သန္တာန်၌ မြတ်စွာဘုရားရှင် သာသနာတော်၏ အသက်ကား ဝိနည်းတရားပင်ဖြစ်သည်ဟု ယုံကြည်ခြင်း သဒ္ဓါတရားရှိကြသည့်အားလျော်စွာ ဝိနည်းဒေသနာတော်ကို ဦးစွာပထမ နှုတ်တက်အာဂုံဆောင်ကြကာ နက်နဲသော အနက်အဓိပ္ပာယ်သဘောတို့ကိုလည်း သိမြင်လေ့လာ လိမ္မာကျွမ်းကျင်လိုသော ကုသိုလ်ဆန္ဒ ထက်သန်စွာ ဖြစ်ရှိကြမည်ကို အလေးအနက်ထား သတိတရားလက်ကိုင်ထားလျက် သိမြင်ရင်း ရှိကြသဖြင့် ဝိနယဘာသာ ဥဘတောဝိဘင်းကို တစ်ပိုင်း၊ ခန္ဓကပရိဝါရကို တစ်ပိုင်း နှစ်ပိုင်းခွဲခြား၍ အလွယ်တကူ အောင်ပန်းကို ဆွတ်ခူးရရှိနိုင်ကြစေရန် ပြဋ္ဌာန်းသတ်မှတ်ခဲ့ကြပါသည်ဘုရား။

အရှင်မြတ်များသည် မကြာမီ အနာဂတ်ကာလ၌ သာသနာ့ရှေ့တန်းမှ စွမ်းစွမ်းတမံ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်းထမ်းဆောင်ကြရမည်



ဧကန် အမှန်ပင်ဖြစ်ကြ၍ ဝိနယဓရ ဝိနယကောဝိဒ သာသနာ့သက်စောင့်ပုဂ္ဂိုလ်များပီပီ ဤသာသနာတော် အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ကျေးဇူးပြုကြမည့် ပုဂ္ဂိုလ်များ ထူးခြားစွာ ဧကန်အမှန်ပင် ဖြစ်ကြလိမ့်မည်ဟု ယုံကြည်ကြ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ဝိနည်းကို အလေးထား စာပြန်စာဖြေ အရှင်မြတ်တို့လည်း ဆောင်အားရှိအောင် ပိုင်းခြားသတ်မှတ်ကာ အရှင်မြတ်များသည်လည်း သာသနာတော်၏အသက်ဆက်လက်ထမ်းပိုး တိုး၍ ရှည်ပါစေဟု နှလုံးသွင်းကောင်းထားကြလျက် ကြိုးစားပြန်ဆိုဖြေဆိုတော်မူကြလိမ့်မည်ဟု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှ စာပြန်စာဖြေ အရှင်မြတ်တို့၏ ပါရမီကုသိုလ်ထူးကို ယုံကြည်ကိုးစားအားထားလျက်ရှိကြပါသည် ဘုရား။

အရှင်မြတ်တို့သည် ဝိနည်းပိဋကတ်ကို အထပ်ထပ်ရွတ်အံ ကြံစည်ပွားများ မှတ်သားကျင့်ကြံခြင်းဖြင့် သီလသမ္ပဒါကို လွယ်လင့်တကူ ဖြည့်ကျင့်နိုင်ကြပြီး သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋကတို့ကို အထပ်ထပ်ရွတ်အံ ကြံစည်ပွားများ မှတ်သားကျင့်ကြံခြင်းတို့ဖြင့် သမာဓိသမ္ပဒါ+ပညာသမ္ပဒါနှစ်ဖြာတို့ကိုလည်း လွယ်ကူစွာကျင့်နိုင်ကြမည်ဖြစ်ပါသည်ဘုရား။ ဤနည်းအားဖြင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ဘုရားသာသနာတော်သည် စာပြန်စာဖြေ အရှင်မြတ်တို့၏ လုံ့လဝီရိယဖြင့် ဆတက်ထမ်းပိုး တိုးတက်လင်းပြောင် အရောင်ပဝင်းထွန်းလင်းမည် ဧကန်အမှန်ပင် ဖြစ်ပါသည်ဘုရား။

အရှင်မြတ်တို့သည် အလဂဒ္ဒူပမ စာသင်နည်းကို ရှောင်ရှား နိဿရဏတ္ထ စာသင်နည်းကို လိုက်စားကြလျက် လေးပါးသော သမ္မပ္ပဓာန ဝီရိယခြေအစုံတို့ဖြင့် သီလသမ္ပဒါ အကျင့်မြတ်၌ ရပ်တည်ကြကာ သမာဓိ ပညာ သမ္ပဒါနှစ်ပါး နှစ်ဖက်သွား စိန်သန်လျက်ဖြင့် ကိလေသာမာရ်နတ်၏ စစ်သည်များကို ချိုးနှိမ်ပယ်သတ်၍ အရဟတ္တဖိုလ်အောင်နန်း ကို သိမ်းမြန်းစိုးစံနိုင်ကြောင်း နည်းလမ်းကောင်းကို အမှန်ရကြပြီဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် စာပြန်စာဖြေ အရှင်မြတ်တို့အနေဖြင့် ငါတို့သည် သာသနာတော်တွင် အဓိကကျသော သာသနာ့တာဝန်ကို ထမ်းဆောင်၍ သာသနာတော်ကို စောင့်ရှောက်နေသူများဖြစ်ကြသည်ဟု နှလုံးသွင်းကာ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အာဂုံရေးဖြေ ပြန်ဆို ဖြေဆိုကြရမည်ဖြစ်ပါသည် ဘုရား။

နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့ အနေဖြင့်လည်း-

သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဗ္ဘရေ။

နပ္ပပုညာ ကရဟစိ၊ ပဂ္ဂဏှိတု မဝိသယာ-

ဟူသော ရှေးပညာရှိ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်အရ ဘုန်းရှင်ကံရှင် သဗ္ဗညုရှင် ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏သာသနာတော်မြတ်ကြီးကို လိုအပ်ရာရာ အာမိသဖြင့် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနေကြသော ငါတို့သည် ရှေးအခါက ဆည်းပူးခဲ့ ပြုခဲ့ဖူးသော ပါရမီဘုန်းကံရှိသူများ ဖြစ်သောကြောင့်သာ လှူဒါန်းထောက်ပံ့နေနိုင်ကြပေသည်ဟု သိရှိကြကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်ကြပေသည်။

မြတ်ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်ကြ၍သာ ဆရာဒကာ ဆိုင်ရာတာဝန်ကို ထမ်းရွက်ကြခြင်းဖြင့် ကုသိုလ်တရားများကို ဆည်းပူးရရှိကြပြီး ဖြစ်ပါသည်။ ထိုကုသိုလ်ကောင်းမှု၏ အရှိန်ကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုး၍ နိုင်ငံသူ နိုင်ငံသားအားလုံးတို့လည်း နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိအကျိုးများ ရရှိနိုင်ကြပါစေ၊ စာပြန်စာဖြေ အရှင်မြတ်များလည်း နှုတ်တက်ရွရွ အာဂုံပြန်ဆိုနိုင်ကြပြီး သဘောရေးဖြေ စာမေးပွဲကိုလည်း ချောမောစွာ ရေးသားဖြေဆိုနိုင်ကြပါစေဟု ပတ္ထနာပြု၍ သာရဏီယဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။ ။

### စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး- GDP (နှစ်အလိုက်ဈေးနှုန်း)


(ကျပ်ဘီလီယံ)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြသည်။

### ဘဏ္ဍာရေးနှစ်အလိုက် စီးပွားရေးတိုးတက်မှုနှုန်း (Growth Rate)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြသည်။

# အစ္စရေးနှင့် ပါလက်စတိုင်း အတူယှဉ်တွဲနေထိုင်ရေး ညှိနှိုင်းဆွေးနွေးကြရန် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် တိုက်တွန်း

**ဗာတီကန်စီးတီး ဒီဇင်ဘာ ၂၆**
အစ္စရေးနှင့်ပါလက်စတိုင်း ပဋိပက္ခအဆုံးသတ်စေရေးအတွက် နှစ်နိုင်ငံ အတူယှဉ်တွဲနေထိုင်ရေးအယူအဆနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြရန် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ခရစ္စမတ်ပွဲတော်(နာတာလူးပွဲတော်) အထိမ်းအမှတ် နှုတ်ခွန်းဆက်သဝဏ်လွှာတွင် တိုက်တွန်းထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၆ရက်တွင် သတင်းထုတ်ပြန်သည်။



### တင်းမာမှု

ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏မြို့တော်အဖြစ် အသိအမှတ်ပြုသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောဆိုခဲ့ရာမှ ဒေသတွင်း တင်းမာမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ရဟန်းမင်းကြီးက အရှေ့အလယ်ပိုင်းပဋိပက္ခနှင့် ကမ္ဘာ့ဆီပူအိုးဒေသများ အရေးတို့နှင့်ပတ်သက်၍ ၎င်း၏မိန့်ခွန်းတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။

အပြန်အလှန် သဘောတူညီမှု ရှိပြီး နိုင်ငံတကာက လက်ခံနိုင်သည့် နယ်စပ်ဒေသများကို အသိအမှတ်ပြုကြလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်သင့်ကြကြောင်း ပုပ်ရဟန်းမင်းကြီးက အစ္စရေးနှင့် ပါလက်စတိုင်းတို့ကို ရည်ညွှန်းလျက် ပြောကြားသည်။

ဗာတီကန်ရှိ စိန့်ပီတာရင်ပြင်ကို စီးမိုးတွေ့မြင်နိုင်သော ကျောင်းဆောင်၏ လသာဆောင်ပေါ်မှနေ၍ ဘုရားဖူးများအား ပုပ်ရဟန်းမင်းကြီးက ခရစ္စမတ်မိန့်ခွန်း မြွက်ကြားခဲ့သည်။

အမေရိကန်သမ္မတ ထရန့်သည် ဒီဇင်ဘာ ၆ ရက်က ဂျေရုဆလင် အဆင့်အတန်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ပြီးချိန်နောက်ပိုင်း ယင်းမြို့နှင့်ပတ်သက်၍ ရဟန်းမင်းကြီးက လူသိရှင်ကြား ထုတ်ဖော်ပြောကြားခြင်းမှာ ဒုတိယအကြိမ်ဖြစ်သည်။

### ပြောဆို

ဂျေရုဆလင်မြို့ကို နဂိုရှိရင်းစွဲ အနေအထားအတိုင်း ထားရှိရေး အယူအဆကို လေးစားလိုက်နာကြရန် ပုပ်ရဟန်းမင်းကြီးက တိုက်တွန်းသည်။ အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုအသစ် ထပ်မံဖြစ်ပေါ်လာခြင်းမရှိစေရေး၊ ကမ္ဘာ့ပဋိပက္ခများအတွင်းသို့ နောက်ထပ်မီးထိုးပေးခြင်းမရှိရေးတို့ကို ပုပ်ရဟန်းမင်းကြီးက အလေးအနက်ပြု ပြောဆိုခဲ့သည်။

ပါလက်စတိုင်းတို့သည် အနာဂတ်ကာလတွင် လွတ်လပ်သော နိုင်ငံတော်ထူထောင်ရာ၌ အရှေ့ဂျေရုဆလင်ကို ၎င်းတို့၏ မြို့တော်အဖြစ် သတ်မှတ်ရန် လိုလားကြသည်။

**ရိုက်တာ**

# မြေအောက် လူသွားလမ်းဝင်ပေါက်သို့ ဘတ်စ်ကားထိုးကျ လေးဦးသေဆုံး

မော်စကို ဒီဇင်ဘာ ၂၆
ရုရှားနိုင်ငံ မြို့တော် မော်စကိုတွင် ဒီဇင်ဘာ ၂၅ ရက်က မြေအောက်လူသွားစကြံလမ်းတစ်ခု၏ ဝင်ပေါက်လှေကားထစ်များပေါ်သို့ ဘတ်စ်ကားတစ်စီးထိုးကျသဖြင့် လူ လေးဦး ထက်မနည်း သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

### ထုတ်ပြန်ကြေညာ

မတော်တဆမှု ဖြစ်ပွားရခြင်းမှာ ယာဉ်မောင်းသူက မော်တော်ယာဉ်ကို ထိန်းချုပ်နိုင်မှုမရှိခြင်း (သို့မဟုတ်) မော်တော်ယာဉ် စက်ချွတ်ယွင်းခြင်းတို့ကြောင့် ဖြစ်နိုင်ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ယာဉ်မောင်းကို ထိန်းသိမ်းထားပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

မှတ်တိုင်၌ ဘတ်စ်ကားကို ရပ်ထားစဉ် ဘတ်စ်ကားသည် ရုတ်တရက် ရွေ့လျားလာသဖြင့် ယာဉ်မောင်းသူက ရပ်တန့်ရန် ကြိုးစားခဲ့သော်လည်း ဘရိတ်စနစ် အလုပ်မလုပ်တော့ကြောင်း ယာဉ်မောင်းသူ၏ ပြောကြားချက်ကို ကိုးကားလျက် စုံစမ်းစစ်ဆေးရေးကော်မတီက ထုတ်ပြန်ကြေညာသည်။

### ရေးသားဖော်ပြ

သေဆုံးသွားသူများနှင့် ထိခိုက် ဒဏ်ရာရရှိသူများ၏ ဆွေမျိုးများ၊ သူငယ်ချင်းများနှင့်အတူ ဝမ်းနည်း ကြေကွဲရပါကြောင်း မော်စကိုမြို့တော်ဝန် ဆာဂေး ဆိုဘီယာနင်က တွစ်တာ၌ရေးသား ဖော်ပြသည်။

ဆင်ဟွာ

# ဒစ်ဂျစ်တယ်ငွေကြေးထုတ်ဝေရေး အစ္စရေးဗဟိုဘဏ် လေ့လာနေဟုဆို



**ဂျေရုဆလင် ဒီဇင်ဘာ ၂၆**
အစ္စရေးဗဟိုဘဏ်သည် ပိုမိုမြန်ဆန်သော ငွေပေးချေမှုစနစ်တစ်ရပ်ကို ဖန်တီးနိုင်ရန်လည်းကောင်း၊ အမျိုးသားစီးပွားရေးတွင် ငွေသားပမာဏလျှော့ချနိုင်စေရန်လည်းကောင်း ဒစ်ဂျစ်တယ်ငွေကြေးထုတ်ဝေရန် လေ့လာသုံးသပ်လျက်ရှိကြောင်း ဗဟိုဘဏ်သတင်းရပ်ကွက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အစ္စရေးအစိုးရအဖွဲ့သည် ဗဟိုဘဏ်၏သဘောတူညီမှုရရှိမည်ဆိုပါက ဒစ်ဂျစ်တယ်ငွေကြေးထုတ်ဝေရေးအတွက် ဥပဒေရေးဆွဲရန် အသင့်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် နိုင်ငံတော် ရသုံးမှန်းခြေငွေစာရင်းနှင့် စီးပွားရေးအစီအစဉ်တွင် ဒစ်ဂျစ်တယ်ငွေကြေးစနစ် အသုံးပြုရေးကို ဖော်ပြဖွယ်ရှိကြောင်း၊ သို့ရာတွင် ယခုအချိန်အထိ ဒစ်ဂျစ်တယ်ငွေကြေးသုံးစွဲရေးနှင့်ပတ်သက်၍ အစိုးရအဖွဲ့က တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချမှတ်ရခြင်း မရှိသေးကြောင်း အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

### ဟောကိန်းထုတ်

ဒစ်ဂျစ်တယ်ငွေကြေးစနစ်ဖြစ်သော Bitcoinနှင့် အခြားသော ဒစ်ဂျစ်တယ်ငွေကြေးများ (Cryptocurrencies) ပေါ်ထွန်းလာခြင်းနှင့်အတူ တစ်နေ့တွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ စီးပွားရေးဘဝတွင် ဒစ်ဂျစ်တယ်ငွေကြေးများကို ဗဟိုဘဏ်များက အသီးသီး ထုတ်ဝေလာကြမည်ဟု စီးပွားရေးပညာရှင်များက ဟောကိန်းထုတ်ထားကြသည်။

သို့ရာတွင် နိုင်ငံတော်ဗဟိုဘဏ်ကထုတ်ဝေမည့် မည်သည့်ဒစ်ဂျစ်တယ်ငွေကြေးမဆို ဗဟိုမှ ထိန်းချုပ်မှုရှိရမည်ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေစည်းမျဉ်းများနှင့်လည်း ကိုက်ညီမှုရှိရမည်ဖြစ်ကြောင်း အစ္စရေးသတင်းရပ်ကွက်က ပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိ ဗဟိုဘဏ်များသည် ဒစ်ဂျစ်တယ်ငွေကြေးများ အသုံးပြုရေးနှင့် ပတ်သက်၍ လေ့လာသုံးသပ်လျက်ရှိကြသည့်နည်းတူ အစ္စရေးဗဟိုဘဏ်ကလည်း အလားတူလေ့လာသုံးသပ်လျက်ရှိသည်ဆို၏။

အစ္စရေးဗဟိုဘဏ် တာဝန်ရှိသူများကမူ မှတ်ချက်ပြု ပြောဆိုရန်ငြင်းဆိုသည်။ **ရိုက်တာ**

# တရုတ်နိုင်ငံမြောက်ပိုင်း ဟာဘဲ့ပြည်နယ်တွင် ဖန်သားပြင်ကြိုးဆိုင်းတံတားသစ် ဖွင့်လှစ်

**ရှီကျားကျွန်း ဒီဇင်ဘာ ၂၆**
အလျား ၄၈၈ မီတာ ရှိပြီး ဖန်သားဖြင့်တည်ဆောက်သော သံမဏိကြိုးဆိုင်းတံတားသစ်တစ်စင်းကို တရုတ်နိုင်ငံမြောက်ပိုင်းဟာဘဲ့ပြည်နယ် ပင်းရှန်ခရိုင်တွင် ဖွင့်လှစ်လိုက်ကြောင်း ဒီဇင်ဘာ ၂၆ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပြက်လေးမီတာကျယ်ဝန်းသော ဖန်သားပြင် ကြိုးဆိုင်းတံတားသည် မြေပြင်အထက် ၂၁၈ မီတာခန့်တွင် ချောက်ကမ်းပါးနှစ်ခုအကြား ဆက်သွယ်ထားသည်။ တံတား၏ မြေပြင်အမြင့်မှာ အထပ် ၆၆ ထပ်ရှိ အဆောက်အအုံ၏ အမြင့်နှင့်အလားသဏ္ဌာန်တူညီကြောင်း၊ ယင်းတံတားတည်ရှိရာ နေရာမှာ ဟောင်ရာဂုတောင်၏ ရှုမငြီးဖွယ်ရာနေရာတွင် ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါတံတားသည် တစ်ကြိမ်လျှင် လူပေါင်း ၆၀၀ ခန့် ဖြတ်သန်းနိုင်ပြီး ဖန်သားပြင်ကြိုးတံတားကို အလေးချိန်တန် ၁၂၀ ရှိ ကေဘယ်ကြိုးများက ဆိုင်းထားပေးသည်။ တံတားတည်ဆောက်ရာတွင် လေးစင်တီမီတာ အထူရှိ ဖန်သားမှန်ကူကွက်ပေါင်း ၁၀၀၀ ကျော်အသုံးပြုထားသည်။ ဖန်သားပြင်ခင်း ကြိုးတံတားများကို တရုတ်နိုင်ငံရှိ အခြားဒေသများတွင်လည်းတွေ့ရှိနိုင်သည်။ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ဒေသများတွင် ယင်းသို့သော တံတားများကို တွေ့ရှိနိုင်သည်။ ကျန်ရှားယွေဒေသ၌ မြေမျက်နှာပြင်အထက် မီတာ ၃၀၀ အမြင့်တွင် ကမ်းပါးနှစ်ခုကို ဆက်သွယ်လျက် မီတာ ၄၃၀ ရှည်လျားကာ ခြောက်မီတာကျယ်ဝန်းသည့် ဖန်တံတားတစ်စင်းမှာ ကမ္ဘာလှည့် ခရီးသည်များအတွင်း ရေပန်းစားသော တံတားတစ်စင်းဖြစ်သည်။



**ဆင်ဟွာ**

# နိုင်ငံတကာအဆင့်မီ ကန်သာယာအထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**
မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၏ Kan Thar Yar International Specialist Hospital ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အမှတ်(၈၇) ပြည်လမ်း ၆ မိုင်ခွဲ အင်းလျားကန်ပေါင်အနီးရှိ အဆိုပါ အထူးကုဆေးရုံကြီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က Kan Thar Yar International Specialist Hospital ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆေးရုံကြီး အတွင်း လှည့်လည်ကြည့်ရှုသည်။



ယနေ့ဖွင့်လှစ်လိုက်သည့် Kan Thar Yar International Specialist Hospital သည် ရန်ကုန်မြို့ အမှတ် (၈၇) ပြည်လမ်း ၆ မိုင်ခွဲ အင်းလျားကန်ပေါင်အနီး၌ တည်ရှိသည်။

နှလုံးနှင့်ကျောက်ကပ်ရောဂါများကို အထူးကုသရာတွင် (One Stop Service Center) တစ်နေရာတည်း၌ပင် ပြည့်စုံလုံလောက်သော ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်စေရန်၊ နိုင်ငံသားများ ပြည်ပနိုင်ငံများသို့ သွားရောက်ဆေးကုသခံယူခြင်းအစား နိုင်ငံအတွင်း၌ စရိတ်မျှတ၍ ကိုယ်စိတ်ချမ်းသာစွာဖြင့် ကုသခံနိုင်ရန်၊ ဆေးရုံနှင့်လူနာ မမျှတမှုကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊ အဆင့်မြင့်ရောဂါရှာဖွေကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများနှင့် နည်းပညာ အဆင့်မြင့်မားသည့်ကုသမှုများကို ပြည်သူလူထုအများရရှိနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတကာအဆင့်မီ ကန်သာယာအထူးကုဆေးရုံကြီးကို တည်ဆောက် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး နှလုံးပြင်ပလူနာကုသမှုဌာန၊ ကျောက်ကပ်ပြင်ပလူနာကုသမှုဌာန၊ နှလုံးသွေးကြောချဲ့ကုသမှုဌာန၊ ကျောက်ကပ်သွေးသန့်စင်ကုသမှုဌာန၊ နှလုံးဆိုင်ရာအထူးကြပ်မတ်ကုသမှုဌာန၊ အရေးပေါ်ကုသမှုဌာန၊ ခွဲစိတ်ခန်းမကြီးများနှင့် ဖွဲ့စည်းထားရှိပြီး ရောဂါရှာဖွေစမ်းသပ်စစ်ဆေးဆောင်ရွက်ရာတွင်လည်း ကျွမ်းကျင်သောသမားတော်ကြီးများ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ပါရဂူကြီးများက နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းကိရိယာများ၊ အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ၂၄ နာရီပတ်လုံး ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၅၄ ခန်း ပါဝင်ပြသ

**နေပြည်တော် ဒီဇင်ဘာ ၂၆**
(၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့၌ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်ရေးတို့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုဖြင့် မဟာဗျူဟာမြောက် ဆက်သွယ်ဆက်ဆံခဲ့ရုံမျှသာမက ရှေးအစဉ်အလာကတည်းကပင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဖြင့် ဆက်ဆံခဲ့ကြသည့်အပြင် အာဆီယံ-တရုတ် မဟာဗျူဟာဆက်ဆံရေးမှာပါ ပိုမိုခိုင်မာအောင် ဆောင်ရွက်နေသည့်အတွက် ကဏ္ဍအသီးသီးမှာ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်လျက်ရှိနေပါကြောင်း။

ယနေ့ပြပွဲအပြင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေး (JBTCCC) ကို ကျင်းပသွားမည်ဖြစ်ပြီး ကုန်သွယ်မှုပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံကိုယ်စားလှယ်များအနေဖြင့် နည်းလမ်းကောင်းများ ရှာဖွေညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာ-တရုတ်(နယ်စပ်) ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းအပါအဝင် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈၁ ဘီလီယံအထိရှိလာခဲ့ပြီး မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သည် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးအတွက် အရေးပါရုံသာမက ဒေသတွင်းအရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများအကြား မဟာဗျူဟာကျသည့် ကုန်သွယ်ရေးဇုန်တစ်ခုဖြစ်သည့်အတွက် အခုလိုကုန်စည်ပြပွဲကျင်းပရခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြပွဲအား နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ရည်ရွယ်၍ တံခါးဖွင့်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကျိုးမျှဝေခံစားခြင်းဆိုသည့် ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် တယ်ဟုန်တိုင်း ပြည်သူ့အစိုးရပါတီအထွေထွေအတွင်းရေးမှူး မစ္စတာ ဝမ်ကျင့်ချန်ကလည်း အဖွင့်အမှာစကားပြောကြားသည်။

တရုတ်-မြန်မာ နှစ်နိုင်ငံကုန်စည်ပြပွဲကို ၂၀၀၁ ခုနှစ်မှစတင်၍ နှစ်နိုင်ငံအလှည့်ကျကျင်းပလာခဲ့ရာ ယခုအခါ (၁၆) ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီး ယခုနှစ်တွင် မြန်မာနိုင်ငံဘက်မှ ကုမ္ပဏီပေါင်း ၃၉ ခုက ပြခန်းပေါင်း ၅၄ ခန်းပြသခဲ့ကာ တရုတ်နိုင်ငံဘက်မှ ပြခန်းပေါင်း ၁၅၀ ခန့် ခင်းကျင်းပြသသည်။




အဆိုပါပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ ကူမင်းမြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာကုန်သည် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံဘက်မှ တယ်ဟုန်တိုင်း ပြည်သူ့အစိုးရပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ဝမ်ကျင့်ချန်နှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရ ပါတီကော်မတီဝင် မစ္စတာ ကောက်စူချင်းတို့ ဦးဆောင်ကာ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကမာရွတ်တွင် စည်ပင်ဥပဒေကို ဆန္ဒထုတ်ဖော်

**ရန်ကုန် ဒီဇင်ဘာ ၂၆**
ကမာရွတ်မြို့နယ်တွင် စည်ပင်ဥပဒေနှင့်အညီဖြစ်စေရေး၊ ပြည်သူမနှစ်သက်သော စည်ပင်ဥပဒေပယ်ဖျက်ပေးရန် ရည်ရွယ်ကာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခြင်းကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ ဦးရဲဝင်းနှင့် လိုက်ပါလာသူတစ်ဦးတို့က ပြုလုပ်ခဲ့သည်။

ထိုသို့ ဆန္ဒထုတ်ဖော်ရာတွင် ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမအတိုင်း လှည်းတန်းခုံးအတက်ထိပ်ရှိ ကမာရွတ်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှေ့ထိ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့သည်။

**ခင်မောင်သော်**

# မွန်ပြည်နယ် ရေးမြို့နယ် ခေါဇမြို့အုပ်ချုပ်ရေးမှူး ဦးနောင်နောင်လင်းနှင့် ဦးထွန်းကြည်(ယခင်ကျုံညဲကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး)တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၆**
မွန်ပြည်နယ် ရေးမြို့နယ် ခေါဇမြို့ ကျုံညဲရွာနေ နစ်နာသူတို့က ကျုံညဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းကြည်နှင့် ခေါဇမြို့ အုပ်ချုပ်ရေးမှူး ဦးနောင်နောင်လင်း တို့သည် ကျုံညဲကျေးရွာရှိ ခြံမြေကွက်ပေါ်တွင် ၆၀ ပေ × ၄၀ ပေ ခြံကွက် (၁၅)ကွက် ဖြစ်ပေါ်စေရန် ဆောင်ရွက်ပေးရာတွင် ငွေကြေးတောင်းခံ၍ ပေးခဲ့ရခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မွန်ပြည်နယ် ရေးမြို့နယ် ခေါဇမြို့ အုပ်ချုပ်ရေးမှူး ဦးနောင်နောင်လင်းသည် လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်ရရှိရေး ခွင့်ပြုဆောင်ရွက်ပေးခွင့်မရှိဘဲ ခေါဇမြို့ ကျုံညဲကျေးရွာတွင် ၆၀ပေ × ၄၀ပေ မြေကွက် (၁၅)ကွက် ဖော်ထုတ်ရရှိရေး ဆောင်ရွက်ပြီး မြေကွက်ရောင်းရငွေ ကျပ်သိန်း ၂၀ အနက်မှ ငွေကျပ် ၁၁ သိန်းကို လက်ခံရယူကာ ခွဲဝေပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် မွန်ပြည်နယ် ရေးမြို့နယ် ခေါဇမြို့ အုပ်ချုပ်ရေးမှူး ဦးနောင်နောင်လင်း အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၇ အရ လည်းကောင်း၊ ဦးထွန်းကြည်(ယခင်ကျုံညဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး) အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇/၆၃ အရလည်းကောင်း ရေးမြို့နယ် ခေါဇနယ်မြေရဲစခန်း၌ ဒီဇင်ဘာ ၂၆ ရက်တွင် အမှုဖွင့်လှစ်ပြီး တရားစွဲဆို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# လွတ်လပ်ရေးကို တစ်မျိုးသားလုံး အစဉ်စောင့်ထိန်းသွားကြစို့

■ ရွှေတိုင်လွင်




လွတ်လပ်ရေးရရှိရေးအတွက် ဦးစွာကြိုးပမ်း အားထုတ်ခဲ့ကြသော ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးခေါင်းဆောင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းနှင့် အမှုဆောင်အဖွဲ့ဝင်များ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ရှေးအတီတေသောကာလ ပဒေသရာဇ်၊ ဧကရာဇ်တို့ လက်ထက်တော်များကတည်းကပင် ကိုယ့်ထီး ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ထည်ထည်ဝါဝါ တင့်တင့်တယ်တယ်ရှိခဲ့ကြပေသည်။ ပဒေသရာဇ်တို့မတိုင်မီ ပျူ၊ ကမ်းယံ၊ သက် ဟူသော မြန်မာလူမျိုးတို့ လက်ထက်မှာလည်း တင့်တယ်တောက်ပစွာ ဝင့်ထည်ခံ့ညားပြီး အင်အားတောင့်တင်းသော မြန်မာနိုင်ငံတော်ကြီးအဖြစ် တည်ရှိခဲ့ပေသည်ဟူ၍ မြန်မာစာပေသမိုင်းတို့ဝယ် ဂုဏ်ယူစွာ လေ့လာတွေ့ရှိရပေမည်။

သို့သော် သယံဇာတပေါကြွယ်ဝပြီး ဆန်ရေစပါးဖူလုံသည့် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံတော်ကြီးအား ကိုလိုနီနယ်ချဲ့တို့က သူလိုချင်၊ ငါလိုချင်လျက် မျက်စောင်းထိုးနေသောကာလ အေဒီ (၁၈)ရာစုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့တို့သည် အကြောင်းမရှိ အကြောင်းရှာကာ စစ်ပွဲများကို ဖန်တီး၍ ကိုလိုနီနယ်ချဲ့ခဲ့သည်။

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲကို ဘကြီးတော်မင်းလက်ထက် ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ဆင်နွှဲပြီးနောက် ရှေးဦးစွာ မြန်မာတို့သည် တနင်္သာရီနှင့် ရခိုင်နယ်မြေများအား ဆုံးရှုံးခဲ့ရပါသည်။ အင်္ဂလိပ်နယ်ချဲ့တို့ထံ ပေးလိုက်ရပါသည်။ တစ်ဖန် ဒုတိယအကြိမ် ကျူးကျော်ရန်စကာ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ဆင်နွှဲပြီးနောက် အောက်မြန်မာပြည်တစ်ခုလုံးနှင့် မြန်မာနိုင်ငံ အလယ်မြေထဲမြို့အထိ ဆုံးရှုံးခဲ့ရပြန်ပါသည်။ ကိုလိုနီ နယ်ချဲ့တို့သည် ဤကဲ့သို့ တင်းတိမ်ရောင့်ရဲမနေလိုဘဲ အလိုရမ္မက်ကြီးစွာဖြင့် သီပေါမင်းလက်ထက် ကုန်းဘောင်ခေတ် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် တတိယကျူးကျော်စစ်ပွဲကို ဆင်နွှဲပြီး မြန်မာတစ်နိုင်ငံလုံးမှာ နယ်ချဲ့တို့ လက်အောက်ရောက်ရှိခဲ့ကာ မြန်မာတစ်မျိုးသားလုံး သူ့ကျွန် ဘဝသို့ ကျရောက်ခဲ့ရပါသည်။

နယ်ချဲ့ကိုလိုနီအရင်းရှင်တို့သည် ယခင်ကတည်းက အကြံအစည်ရှိသူများဖြစ်သည့်အလျောက် မြန်မာတစ်မျိုးသားလုံး သူတို့လက်အောက်ရောက်ကြသောအခါ သူတို့၏အကြံအစည်၊ အကျင့်ဆိုးတို့မှာ ကွက်ကွက်ကွင်းကွင်း ပေါ်လာလေသည်။ နိုင်ငံရေးလွတ်လပ်မှုမရှိအောင် (နိုင်ငံရေးမလုပ်နိုင်အောင်) တော်လှန်ပုန်ကန်မှုမဖြစ်အောင် နည်းဗျူဟာဖြင့် ဖိနှိပ်ချုပ်ကိုင်ထားပေသည်။ မြန်မာပြည်သူတို့၏ စီးပွားရေးလုပ်ငန်းမှန်သမျှ ရေနံ၊ ဆန်စပါး၊ ကျွန်းသစ်၊ ကျောက်မျက်ရတနာ သယံဇာတပစ္စည်းများကို ဗြိတိသျှကိုလိုနီတို့၏ အကျိုးစီးပွားအတွက် အဓိကထားဆောင်ရွက်ခြင်းကြောင့် မြန်မာပြည်သူတို့ အတိဒုက္ခရောက်ခဲ့ကြကြောင်း သမိုင်းစာပေများစွာဝယ် လေ့လာတွေ့ရှိရပါသည်။

ကျွန်သက်ရှည်ရေးအတွက် အဓိကသော့ချက်မှာ ပညာရေးကို ဦးထိပ်မထားဘဲ ကိုလိုနီအင်္ဂလိပ်တို့ကိုသာ အကျိုးဖြစ်ထွန်းစေမည့် ကျွန်ပညာရေးစနစ်ကို ဖန်တီးထူထောင်ရာ မြန်မာပြည်ကျောင်းသားလူငယ်များ၏ အမြင်ကျယ်မှု၊ ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၀၆ ခုနှစ်တွင် ကိုလိုနီလက်အောက်မှာပင် နိုင်ငံရေးတုံ့ပြန်မှုတစ်ရပ်အနေဖြင့် ဝိုင်အမ်ဘီအေ (YMBA)ခေါ် ဗုဒ္ဓကလျာဏယုဝအသင်းကြီးပေါ်ပေါက်လာသည်။ ထို့နောက် ကျွန်ပညာရေးစနစ် တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်ဆန္ဒပြသည့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ရက်၊ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ဗြိတိသျှကိုလိုနီတို့အား တုန်လှုပ်ချောက်ချားစေသော ကျောင်းသားသပိတ်ကြီးသည် တစ်ဟုန်ထိုးပေါ်ထွက်လာခြင်းကြောင့် ကျောင်းသားစွမ်းဆောင်မှု၏ ရလဒ်ကောင်းတစ်ခု ဖြစ်လာရသလို ထိုကျောင်းသားများ သပိတ်မှောက်သည့်နေ့ကိုလည်း အမျိုးသားနေ့ဟူ၍ သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ပေသည်။

ကျောင်းသားလူငယ်တို့၏ သူ့ကျွန်မခံလိုစိတ်၊ ရဲရင့်ပြတ်သားသော မျိုးချစ်စိတ်ထားတို့ကြောင့် မျှော်မှန်းထားသော လွတ်လပ်ရေးပန်းတိုင်ကြီးကို လျှောက်လှမ်းနိုင်ခဲ့ကြပါသည်။ ယင်း ၁၉၂၀ ပြည့်နှစ်မှာပင် ပြည်မြို့၌ ကျင်းပသော ဝိုင်အမ်ဘီအေအသင်းကြီး၏ ဆဋ္ဌမအကြိမ် အစည်းအဝေး ပွဲကြီးမှာပင် နိုင်ငံရေးလှုပ်ရှားမှုများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးဟူသော ရည်မှန်းချက်ဖြင့် ဂျီစီဘီအေ (GCBA) ခေါ် မြန်မာအသင်းချုပ်ကြီးကို ပြောင်းလဲဖွဲ့စည်းခဲ့ပြန်ပါသည်။

ဗြိတိသျှ ကိုလိုနီအစိုးရသည် ယင်းတို့၏ ဩဇာမြင့်မားရေး၊ မြန်မာပြည်ကို ကျွန်သက်ရှည်ရေးအတွက် အင်္ဂလိပ်ပါလီမန်က ဒိုင်အာခီအုပ်ချုပ်ရေးကို ၁၉၀၂ ခုနှစ်တွင် သွတ်သွင်းပြန်လေသည်။ သို့ရာတွင် မြန်မာမျိုးချစ်တော်လှန်ရေးသမားတို့က သရက်မြို့၌ ဂျီစီဘီအေအသင်း အထူးအစည်းအဝေးမှနေ၍ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို ကန့်ကွက်ကြောင်း Home Rule ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဆန္ဒထုတ်ဖော် တောင်းဆိုခဲ့ကြပါသည်။ ဥပဒေပြုကောင်စီရွေးကောက်ပွဲများကိုလည်း သပိတ်မှောက်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြလေသည်။

မြန်မာမျိုးချစ်ပုဂ္ဂိုလ်များသည် သူ့ကျွန်ဘဝမှလွတ်မြောက်ရေး သမိုင်းစဉ်တစ်လျှောက်တွင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ရေ မြေ၊ သယံဇာတများကို ကိုယ်ပိုင်ဆိုင်ရေးမှာ လွတ်လပ်မှုရှိမှ၊ သူ့ကျွန်ဘဝမှ လွတ်မြောက်မှသာလျှင် ပိုင်စိုးနိုင်မည်ဖြစ်ရာ လွတ်လပ်ရေးကို အပတ်တကုတ် တစိုက်မတ်မတ်၊ စည်းလုံးညီညွတ်စွာ တိုင်းရင်းသားအားလုံး တန်းတူညီတူ အခွင့်အရေးတစ်ရပ်အဖြစ် တစ်နိုင်ငံလုံး လွတ်လပ်ရေးကို အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့ကြပေသည်။

ထိုသို့ ကြိုးပမ်းအားထုတ်ကြရာတွင် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းနှင့် သခင်ကျောင်းသားလူငယ်များသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၏ အထွေထွေအားနည်းချက်များကြောင့် သူ့ကျွန်ဘဝ ရောက်ခဲ့ရသည်ကို သင်ခန်းစာယူကာ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို ထိထိရောက်ရောက် ဆင်နွှဲခဲ့ကြလေသည်။

လွတ်လပ်ရေးကြိုးပမ်းရာတွင် အဖွဲ့အစည်းအမျိုးမျိုးသည် ကျောင်းသားသပိတ်၊ ၁၉၃၈ ခုနှစ် မြန်မာနှစ် (၁၃၀၀)ပြည့် ရေနံချောင်းအလုပ်သမားသပိတ်၊ ဂဠုန်ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားသပိတ်တို့ဖြင့် ဆင်နွှဲခဲ့ကြသော်လည်း ထိရောက်အောင်မြင်မှုနည်းသည်ကို ရှုမြင်ကြပြီး ထိုသခင်ကျောင်းသားလူငယ်တို့က ခေတ်မီသော တပ်မတော်တစ်ရပ် ဖွဲ့စည်းခဲ့ကြပေသည်။ ၁၉၃၉ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားနေချိန် (အင်္ဂလိပ်အခက်၊ ဗမာအချက်)ဟူသော ဆောင်ပုဒ်နှင့်အညီ နယ်ချဲ့ဗြိတိသျှ ကိုလိုနီအစိုးရအား အပြုတ်တိုက်ရန် လျှို့ဝှက်တော်လှန်မည့် ပြည်သူ့အရေးတော်ပုံပါတီ (B.R.P) ကို သခင်မြနှင့် သခင်အောင်ဆန်းတို့က ဦးဆောင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းနှစ်မှာပင် နိုင်ငံရေးအဖွဲ့အစည်းအားလုံးကို ပေါင်းစည်းထားသည့် ဗမာ့ထွက်ရပ်ဂိုဏ်းကြီးကိုလည်း တည်ထောင်နိုင်ခဲ့ပါသည်။

ထိုမှတစ်ဆင့် သခင်အောင်ဆန်း(ဗိုလ်တေဇ) ဦးဆောင်သော ရဲဘော်သုံးကျိပ်တို့သည် ဟိုင်နန်ကျွန်းနှင့် ထိုင်ဝမ်ကျွန်းတို့တွင် ဂျပန်စစ်ဗိုလ်မှူးကြီး ဆူဇူကီး၏ အကူအညီဖြင့် စစ်သင်တန်းများ သင်ယူခဲ့ကြပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ (BIA) ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့ပါသည်။ ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် BIA တပ်များက ရန်ကုန်ကို သိမ်းပိုက်လိုက်ကြသော်လည်း အထက်ဗမာပြည်ကို သိမ်းပိုက်ရန် ကျန်ရှိနေသေးသောကာလဝယ် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို ဖျက်သိမ်းပြီး ဗမာ့အမျိုးသားတပ်မတော် (BDA)ကို ပြန်လည်ဖွဲ့စည်းလိုက်ပြန်ပါသည်။ BIA တပ်များ၌ မဟာမိတ်အဖြစ်ပါဝင်လာသော ဖက်ဆစ်ဂျပန်တို့သည်ကား ဗမာ့လွတ်လပ်ရေးကို အတုအယောင်(ရွှေရည်စိမ်) လွတ်လပ်ရေးအဖြစ် ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကြေညာပေးခဲ့လေသည်။

ဖက်ဆစ်ဂျပန်တို့သည် မြန်မာပြည်သူတို့အပေါ် နဂိုကတည်းက ရိုးရှင်းမှုမရှိသလို မြန်မာ့လွတ်လပ်ရေးနှင့် ပတ်သက်၍ ဂျပန်တို့သည် ကတိမတည်ခြင်း၊ ပြည်သူလူထုအား ဖက်ဆစ်ပီပီ ရက်စက်ကြမ်းကြုတ်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကြောင့်

စာမျက်နှာ ၇ သို့ ◆



မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရန် တိုက်ပွဲဝင်ခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ်။

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

◆ စာမျက်နှာ ၆ မှ

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းကာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (ဖဆပလ) ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး ဖွဲ့စည်းကာ ဖက်ဆစ်ဂျပန်တို့ကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် တွန်းလှန်ချေမှုန်းနိုင်ခဲ့ပါသည်။

**အခက်အခဲ အကျပ်အတည်းကြားထဲမှနေ၍ အသက်၊ သွေး၊ ချွေးတို့ဖြင့် စတေးခဲ့ကြရသော မြန်မာ့လွတ်လပ်ရေးသည် ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး နှစ်(၇၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပေသည်။ သို့ပါ၍ ထိုကဲ့သို့ ခက်ခက်ခဲခဲ ရယူခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို မြန်မာနိုင်ငံသားအားလုံးက အလေးထား လေးစားတန်ဖိုးထားကာ အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေး ဦးထိပ်ထားပြီး ထိန်းသိမ်းစောင့်ရှောက်သွားကြဖို့ တာဝန်ရှိပေသည်။**

ဖက်ဆစ်တို့ကို ချေမှုန်းနိုင်ခဲ့သော်လည်း ဗမာ့လွတ်လပ်ရေးမှာ အကောင်အထည်မပေါ် ဖြစ်နေပြန်သောကြောင့် မဟာမိတ်အင်္ဂလိပ်တို့နှင့် လိပ်ခဲတည်းလည်း ဖြစ်နေပြန်ပါသည်။ မဟာမိတ်ဆိုသော်လည်း အင်္ဂလိပ်မျက်နှာဖြူတို့ကား ကိုလိုနီနယ်ချဲ့များပီပီ လွတ်လပ်ရေးကို ဗမာတစ်နိုင်ငံလုံး (မြန်မာတစ်နိုင်ငံလုံး) ပေးရမည့်အစား တောင်တန်းနှင့် မြေပြန့်ကို သပ်လျှိုသွေးခွဲကာ အခက်အခဲဖြစ်အောင် တောင်ပေါ်ဒေသကို ချန်လှပ်ပြီး မြေပြန့်ကိုသာပေးရန် အကြံအစည်ပြုကြသောကြောင့် လွတ်လပ်ရေးသည် တစ်နိုင်ငံလုံးစည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှုတို့ရှိမှ ဖြစ်နိုင်မည်ကိုသိသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ၂၂ ဦး ပေါင်း ၂၃ ဦးတို့သည် တောင်ပေါ်မြေပြန့် တစ်သားတည်းရှိကြောင်း ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းပြုပြည်ပြု လွှတ်တော်က တညီတညွတ်တည်း လက်ခံအတည်ပြုခဲ့သည့်အတွက် အောက်တိုဘာလ ၁၇ ရက်နေ့တွင် နု-အက်တလီစာချုပ် မြန်မာ့လွတ်လပ်ရေးစာချုပ်ကို ဗြိတိသျှဝန်ကြီးချုပ် အက်တလီနှင့် မြန်မာဝန်ကြီးချုပ် ဦးနုတို့ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ကြပါသည်။

သို့ဖြစ်ရာ မြန်မာနှစ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်နေ့ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ကို မြန်မာ့လွတ်လပ်ရေးနေ့ဟူ၍ တစ်ကမ္ဘာလုံးအသိအမှတ်ပြုထားပါသည်။ အခက်အခဲ အကျပ်အတည်းကြားထဲမှနေ၍ အသက်၊ သွေး၊ ချွေးတို့ဖြင့် စတေးခဲ့ကြရသော မြန်မာ့လွတ်လပ်ရေးသည် ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး နှစ်(၇၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပေသည်။ သို့ပါ၍ ထိုကဲ့သို့ ခက်ခက်ခဲခဲရယူခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို မြန်မာနိုင်ငံသားအားလုံးက အလေးထား လေးစား တန်ဖိုးထားကာ အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေး ဦးထိပ်ထားပြီး ထိန်းသိမ်းစောင့်ရှောက်သွားကြဖို့ တာဝန်ရှိပေသည်ဟု ခံယူလျက် ရေးသားတင်ပြလိုက်ရပါတော့သတည်း။ ။

## အောင်ပွဲနှင့် အားမာန်

❖ နှင်းရည်ဇာပန်း၊ ခြံလွှမ်းခြယ်ဆင်
ဆောင်းမင်းသမီး၊ ဆိုညည်းတေးသံလွင်
ခွာညိုသဇင်၊ ချိုလွင်တင့်ဆန်း
ပန်းချီမှုန်းဖြာ၊ ဆင်းနှံ့လွှာ
ကြိုင်စွာထုံတင့် လျှမ်းသည်နှင့်လေး။

❖ မြောက်လေသုတ်ဖျန်း၊ စိမ့်ချမ်းမှုန်ရီဝေ
လွတ်သဘင်ပွဲ၊ ခြိမ့်သဲမြူးပျော်နေ
တိုင်းရင်းသားတွေ၊ ညီစေတအား
ပြည်ထောင်စုတေးသံ၊ မိုးထက်ယံ
အောင်လံမြူးဝင့် ကြွားသည်နှင့်လေး။

❖ နယ်ချဲ့တိုင်းတစ်ပါး၊ စေစားတို့မခံ
သေသည်မှမြတ်၊ စိတ်ဓာတ်လွန်ပြင်းထန်
မျိုးချစ်ဇွဲသန်၊ အားမာန်မနွဲ့
သွေးချွေးရင်းတည်၊ စည်းလုံးညီ
တို့ပြည် လွတ်လပ်ခဲ့သည်နှင့်လေး။

❖ စည်းလုံးအားဖွဲ့၊ ရှုန်းလှဲ့အောင်မြေ
ပြည်သူ့အောင်ပန်း၊ ပွင့်လန်းဝေဆာနေ
ညီနောင်ရင်းဆွေ၊ ခိုင်စေလက်တွဲ
ကျူးကျော် အဖျက်ရန်၊ တို့တွန်းလှန်
တန်ပြန်ခုခံ နွှဲသည်နှင့်လေး။

❖ အောင်ပွဲတေးသံ၊ မိုးယံ သိမ့်သိမ့်ညံတော့သည်။

❖ နောင်အမြဲ အတွေးမှန်၊ အားမာန်
ဝင့်ထည်ပြန်တော့သည်။

တက္ကသိုလ်ဆန်းတင့်နိုင်

[နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်]

## တိုင်းဒေသကြီးနှင့် ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၇ ခုနှစ် (၂၃) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က "ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) အားကစားနည်းသည် အားကစားနည်းအားလုံး၏ အခြေခံအားကစားဖြစ်၍ တစ်ဦးချင်းရော၊ အဖွဲ့လိုက်ပါ အထောက်အကူပစ္စည်းကိရိယာမလိုဘဲ လူ၏ခန္ဓာကိုယ်သာ လှုပ်ရှားနိုင်သည့် အားကစားနည်းဖြစ်ခြင်းကြောင့် လူအများ ကျန်းမာရေးအတွက် သာမန်အချိန်မှာပင် လေ့ကျင့်ကစားနိုင်သည့် အားကစားနည်းဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်၊ ဂီတသံစဉ်စည်းချက်နဲ့အညီ လှုပ်ရှားကစားရပြီး လူ့ခန္ဓာကိုယ်တစ်ခုလုံး၏ အစိတ်အပိုင်း အကြောအဆစ်တွေ ပျော့ပျောင်းစေသည့်အပြင် သွေးလည်ပတ်မှုနဲ့ အသက်ရှူမှုကို ပိုမိုကောင်းမွန်အောင် မြှင့်တင်အားပေးသည့် သွေးပူလေ့ကျင့်ခန်းဖြစ်ခြင်းကြောင့် လူတိုင်း နေ့စဉ်မပျက်မကွက် ကစားသင့်သည့် အားကစားနည်းဖြစ်သည်ကို တွေ့ရမှာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်များ ရွတ်ဆိုကြပြီး တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်နန်းအေးခိုင်၊ ဒေါ်ရင်ရွှေ၊



မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးတို့က Sponsor များက ပံ့ပိုးငွေကျပ် ၁၁၅ သိန်းနှင့် အလှူရှင်များက လှူဒါန်းငွေကျပ် ၄၃ သိန်းတို့ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် အထက(၄) တာမွေ ဘင်ခရာအဖွဲ့၊ Zumba အဖွဲ့၊ အေရိုးဗစ်အငယ်တန်းအဖွဲ့တို့က အသီးသီး သရုပ်ပြသကြပြီး ပြိုင်ပွဲကို ယှဉ်ပြိုင်ကစားခဲ့သည်။

အဆိုပါ ပြိုင်ပွဲအား တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ၁၅ သင်း၊ အုပ်ချုပ်/နည်းပြ ကစားသမား စုစုပေါင်း ၃၆၂ ဦးတို့သည် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ယှဉ်ပြိုင်မည်ဖြစ်ပြီး မည်သူမဆိုအခမဲ့ ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **ကြေးမုံ**

## အုပ်ချုပ်ရေးမှူးဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်

**ညောင်တုန်း ဒီဇင်ဘာ ၂၆**

နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက အမက(အရှေ့ပိုင်း) ကျောင်းဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေတောင်အသင်းနှင့် မြေနုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြေနုအသင်းက ရွှေတောင်အသင်းအား ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲများမှ ဆုရရှိသူများအား ထိုက်ထိုက်တန်တန်ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲသို့ ဖူဆယ်ဘောလုံးအသင်း ခြောက်သင်း ပါဝင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများအား ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

## ပြည်တွင်းရေးရာ

❁ **ရွှေဖုံးမှ**



**တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အာဂုံပြန်ဆို စာမေးပွဲသို့ သံဃာတော်အရှင်သူမြတ်များ ဖြေဆိုတော်မူကြစဉ်။**

အခြေခံမူလ ပဓာနကျပြီး သာသနာ့ပင်စည်ရေသောက်မြစ် တည်တံ့ခိုင်မြဲ ရှည်လျားတိုးပွားစေရန်ရည်သန်၍ ပါဠိပထမပြန် စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ စသည့် ပရိယတ္တိစာမေးပွဲများကို ယခုအခါ ကျင်းပလျက်ရှိပါကြောင်း၊ မြတ်ဗုဒ္ဓသာသနာ အရှည်တည်တံ့ရေးအတွက် ပရိယတ္တိပင်စည်ကြီး တည်တံ့ခိုင်မြဲပွားစည်းရေးတွင် ပရိယတ္တိစာသင်တိုက်ကြီးများ၏ အခန်းကဏ္ဍသည်လည်း မရှိမဖြစ်လိုအပ်လှပါကြောင်း၊ အနာဂတ်သာသနာတော်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်စောင့်ရှောက်ကြမည့် ကလေးသူငယ်များနှင့် ရှင်ငယ်ရဟန်းငယ်တို့၏ နုနယ်လှသည့် နှလုံးသားထဲသို့ ဘာသာသွေး ဘာသာစိတ်ဓာတ်များ ကိန်းအောင်းနေအောင်၊ သာသနာသွေး သာသနာစိတ် မပျက်ယွင်းရအောင် ပရိယတ္တိစာသင်တိုက်ကြီးများက ပြုစုပျိုးထောင် ထိန်းကျောင်းပေးနေကြသည်ကို မြင်တွေ့နိုင်ပါကြောင်း။

အခြေခံမူလကျသည့် ပရိယတ္တိသာသနာ ထွန်းလင်းနေလျှင် မှန်ကန်မြင့်မြတ်သည့် ပဋိပတ္တိသာသနာ လင်းလက်နေမည်ဖြစ်သကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့်တည်းဟူသော ပဋိဝေဓသာသနာသည်လည်း မည်သည့်အခါမျှ ဆိတ်သုဉ်းပျောက်ကွယ်မည်မဟုတ်ပါကြောင်း၊ သာသနာတော်သုံးရပ် အရှည်တည်တံ့စေရန် ဆရာတော် သံဃာတော်အရှင်မြတ်တို့က သင်ယူကျင့်ပွားခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိကြသကဲ့သို့ ရှေးရှေးသောသာသနာပြုမင်း အစိုးရတို့နည်းတူ ယနေ့မျက်မှောက်ခေတ် အစိုးရအဆက်ဆက်တို့နှင့် ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများကလည်း ပရိယတ္တိ၊ ပဋိပတ္တိသာသနာ့ဝန်ဆောင် မဟာထေရ်အဆက်ဆက်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတို့ဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းကြလျက် သာသနာတော် တည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို အားပေးချီးမြှောက် ထောက်ပံ့လျက် ရှိကြပါကြောင်း။

ယနေ့ကျင်းပသည့် အကြိမ် (၇၀) မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးသည် ဝိနည်းပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋကဟူသော ပိဋကသုံးပုံကို အာဂုံပြန်ဆို ရေးဖြေကြရသည့် စာမေးပွဲကြီးဖြစ်၍ သာသနာတော်စောင့် စာမေးပွဲကြီးလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် ဝိနည်းပိဋကသည် သီလနှင့်ပြည့်စုံခြင်း၊ သီလသမ္ပဒါအား ကျေးဇူးများ၍ သုတ္တန်ပိဋကသည် တည်ကြည်မှုနှင့် ပြည့်စုံခြင်း၊ သမာဓိသမ္ပဒါအား ကျေးဇူးများကာ အဘိဓမ္မာပိဋက သည် ပညာနှင့်ပြည့်စုံခြင်း၊ ပညာသမ္ပဒါအား ကျေးဇူးများသဖြင့် သီလ၊ သမာဓိ၊ ပညာသိက္ခာ (၃)ရပ်ကို ဖြည့်ဆည်းပြည့်စုံစေသည့် စာမေးပွဲကြီးဖြစ်ကြောင်းကိုလည်း ဆရာတော်ကြီးများထံမှ နာယူမှတ်သားရသဖြင့် အထူးပင်ကြည်ညိုဆပွား သဒ္ဓါတရား တိုးပွားရပါကြောင်း။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပပြုလုပ်ခဲ့သည့် ၁၃၁၀ ပြည့်နှစ်မှစ၍ ကျင်းပပြီးစီးခဲ့သည့် (၆၉) ကြိမ်မြောက်အထိ တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံ/ရေးဖြေအောင် သာသနာ့အာဇာနည် အရှင်မြတ်ကြီး ၁၄ ပါး၊ တိပိဋကဓရ ပိဋကသုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည် ခုနစ်ပါးသာ ပေါ်ထွန်းခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မြန်မာပြည်မှာသာမက ကမ္ဘာမှာပါ အခက်ခဲဆုံး အနက်နဲဆုံးသော စာမေးပွဲကြီးဖြစ်သည်မှာ မျက်ဝါးထင်ထင် တွေ့မြင်ကြရပါကြောင်း၊ မည်မျှပင် ခက်ခဲနက်နဲသော်လည်း ဝင်ရောက်ပြန်ဆိုရေးဖြေလိုသော သာသနာ့အာဇာနည် အရှင်မြတ်များမှာ လျော့နည်းသွားခြင်းမရှိသဖြင့် အနာဂတ်သာသနာတော်ကြီးအတွက် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးမှုများ တဖွားဖွားပေါ်ပေါက်ခံစားကြရပါကြောင်း။

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ စိတ်အာရုံဝယ် မြတ်စွာဘုရားရှင်၏ အဆုံးအမခေါ် ပိဋကတ်တော်များ မြဲစွာထုံမွှမ်းနေမှသာ ရတနာမြတ်သုံးပါးကိုလည်းကောင်း၊ မိမိကိုယ်ကိုလည်းကောင်း ယုံကြည်မှုသဒ္ဓါတရား များစွာတိုးပွားကာ လောဘ၊ ဒေါသ၊ မောဟ စသော တရားများချုပ်ငြိမ်း၍ ရခဲလှစွာသော လူ့ဘဝတွင် လူဖြစ်ကျိုးနပ်ကြမည် ဖြစ်ပါကြောင်း၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာတရားတော်၏ အဆုံးအမများကို အခြေခံ၍ တိုးတက်မြင့်မားခဲ့သည့် အားလျော်စွာ အခြားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ် အားလုံးမှာလည်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနှင့်ကင်းသည့်အရာ မရှိသလောက်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပရိယတ္တိအရာ ကျွမ်းကျင်နှံ့စပ်တော်မူကြသော ဆရာတော် သံဃာတော် အရှင်မြတ်များအနေဖြင့် တပည့် ဒါယကာ ဒါယိကာမများနှင့် မျိုးဆက်သစ်လူငယ် လူရွယ်များအား လောကသံသရာနှစ်ဖြာကြီးပွားကြောင်း တရားတော်များကို ဟောဖော်ညွှန်ပြ ဆုံးမပေးခြင်းဖြင့် စောင့်ရှောက်ပေးတော်မူကြပါရန် လျှောက်ထားသည်။

ထို့နောက် အလှူရှင်များက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။**

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်တို့က အနုမောဒနာတရား နာကြားကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းမောင်က ဓမ္မာသန ပလ္လင်တော်များနှင့် ကနက္ကဒဏ်ထီးဖြူတော်များကို အဘိသေကမန္တန်တော်ဖြင့် ဘိသိက်သွန်း၍ ပလ္လင်တော်များထက်သို့ ကြွရောက်ရန် သာသနာ့အာဇာနည်များအား ပင့်လျှောက်တော်မူသည်။

အကြိမ် (၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကို ယနေ့မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး အာဂုံပြန်ဆို စာမေးပွဲသို့ သံဃာတော်အရှင်သူမြတ် အပါး ၂၁၀ နှင့် ရေးဖြေစာမေးပွဲသို့ သံဃာတော်အရှင်သူမြတ် အပါး ၁၇၀ တို့ ဖြေဆိုတော်မူကြမည်ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပခဲ့သည့် ၁၃၁၀ ပြည့်နှစ်မှစ၍ (၆၉)ကြိမ်မြောက်အထိ တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံနှင့် ရေးဖြေအောင် သာသနာ့အာဇာနည် အရှင်သူမြတ် ၁၄ ပါးနှင့် တိပိဋကဓရ ပိဋကသုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည် ခုနစ်ပါးတို့ ပေါ်ထွန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မော်တော်ယာဉ်အသစ်တစ်စီး အစားထိုးပေးခြင်းနှင့် မီးအာမခံလျော်ကြေး ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ယာဉ်နှင့်စက်ရုံ ဆုံးရှုံးမှုများအတွက် လျော်ကြေးပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ IKBZ Insurance (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပပြီး ဒါရိုက်တာအဖွဲ့ကိုယ်စား လျော်ကြေးဌာနကြီး အထွေထွေမန်နေဂျာ ဦးသန်းဇော်က နှုတ်ခွန်းဆက်စကားနှင့် လျော်ကြေးပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

IKBZ Insurance တွင် အလုံးစုံမော်တော်ယာဉ် အာမခံထားရှိသော ဦးမြင့်ဌေးပိုင် JAC Tractor Head (3M-5742) သည်ရန်ကုန်-မန္တလေးကားလမ်း ပြွန်တန်ဆာမြို့ မိုင်တိုင် ၉၅ အနီး လမ်းဘေး၌ ရပ်ထားသော Mitsubishi Fuso Tractor Head မော်တော်ယာဉ်ကို ဝင်တိုက်မိပြီး ကြီးမားသော ထိခိုက်ပျက်စီးမှု ဖြစ်ခဲ့သည်။ ထို့နည်းတူစွာပင် မီးနှင့်တွဲဖက်ဘေးအန္တရာယ် အာမခံထားရှိသော သံဖြူဇရပ်မြို့ရှိ ဦးတင်ညွန့်ပိုင် ကံကောင်းခြင်းရတနာသစ်ပါးလွှာစက်ရုံမှာလည်း မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး အဆောက်အအုံ အစိတ်အပိုင်းအချို့ မီးလောင်ဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

JAC Tractor Head မော်တော်ယာဉ်အသစ်တစ်စီးကို ယာဉ်ပိုင်ရှင် ဦးမြင့်ဌေးအား လည်းကောင်း၊ သစ်ပါးလွှာစက်ရုံ မီးလောင်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကျပ် ၅၉၉၃၀၈၀၂ ကို ယင်းကုမ္ပဏီမှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ဖြူဖြူသွင်အားလည်းကောင်း ပေးအပ်ခဲ့သည်။

IKBZ Insurance အနေဖြင့် ပြည်သူ ပြည်သားအသက်အာမခံ၊ စုပေါင်းအသက်အာမခံ၊ မြွေအန္တရာယ်အသက်အာမခံ၊အားကစားသမား ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ ကျန်းမာရေးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ မီးနှင့် သဘာဝဘေးအန္တရာယ်အာမခံ၊ ခရီးသွားအာမခံ၊ ကုန်စည်ပို့ဆောင်ရေး အာမခံ၊ တောင်သူလယ်သမားအသက်အာမခံနှင့် ရေယာဉ်ကိုယ်ထည်အာမခံလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်မြို့များတွင် ရုံးခွဲများဖွင့်လှစ်၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။

**၁၀၇**




### ထူးခြားသည့် ညအပူချိန်များ

(၂၆-၁၂-၂၀၁၇)

| | |
|---|---|
| **ဟားခါး** | ၁ ဒီဂရီစင်တီဂရိတ် |
| **ပူတာအို** | ၆ ဒီဂရီစင်တီဂရိတ် |
| **နမ့်စန်** | ၆ ဒီဂရီစင်တီဂရိတ် |
| **ဟဲဟိုး** | ၆ ဒီဂရီစင်တီဂရိတ် |
| **လွိုင်လင်** | ၇ ဒီဂရီစင်တီဂရိတ် |

# အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kunugi အား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် UNICEF တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စများ၊ မြန်မာ-UNICEF ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၂၂)အရ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# သစ်တောသုတေသနဌာန နှစ်ပတ်လည်စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန နှစ်ပတ်လည် စာတမ်းဖတ်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် သစ်တောသုတေသနဌာန (စုဝေးခန်းမ) ရေဆင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောသုတေသနဌာန၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် တစိုက်မတ်မတ် တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်မည့် သုတေသနလုပ်ငန်းများ ထွက်ပေါ်လာနိုင်ရေးအတွက် ရုပ်ဝတ္ထုပစ္စည်းများသာမက သုတေသီများ၏ အရည်အချင်းသည် အရေးပါကြောင်း၊ ထို့ကြောင့် အရည်အချင်းပြည့်ဝသည့် သုတေသီများ ထွက်ပေါ်လာရေးအတွက် နိုင်ငံတကာသင်တန်းများ၊ ဆွေးနွေးပွဲများနှင့် လေ့လာရေးများ စေလွှတ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ကြွယ်ဝသည့် ဂေဟစနစ်အမျိုးမျိုးတွင် သုတေသနလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ဒေသအသီးသီးရှိ သစ်တောသုတေသနစခန်း ကိုးခုကိုလည်း အဆင့်မြှင့်တင်နိုင်ရန် ပံ့ပိုးပေးလျက်ရှိကြောင်း။

စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုကို အထောက်အကူပြုနိုင်သော သုတေသနများသာမက သစ်တောများအပေါ် မှီခိုနေရသည့် ဒေသခံပြည်သူများနှင့် ဆက်စပ်သည့် လူမှုစီးပွားရေးကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းစဉ်များ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများ၊ ရေသယံဇာတများ၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံအုပ်ချုပ်မှုလုပ်ငန်းများ အစရှိသောနယ်ပယ်များကို အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ သုတေသနရလဒ်များကို လက်တွေ့အသုံးချနိုင်ပြီး စီးပွားဖြစ်ဆောင်ရွက်နိုင်အောင်၊ Research Commercialization ဖြစ်လာအောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုပြုလုပ်သည့် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားတွင် သစ်တောပြုစု ထိန်းသိမ်းခြင်း၊ သစ်တောစီမံအုပ်ချုပ်ခြင်း၊ မျိုးရိုးဗီဇဆိုင်ရာ သုတေသနစာတမ်း လေးစောင်၊ မြေဆီလွှာနှင့် ရေအရည်အသွေးဆန်းစစ်ခြင်း စာတမ်းခြောက်စောင်၊ ငှက်မျိုးစိတ်များနှင့် ခရီးသွားလုပ်ငန်းစာတမ်း လေးစောင်၊ သစ်နှင့် သစ်တောထွက်ပစ္စည်းဆိုင်ရာစာတမ်း ရှစ်စောင်၊ ရာသီဥတုပြောင်းလဲခြင်းနှင့် REDD+ ဆိုင်ရာစာတမ်းလေးစောင်၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းလုပ်ငန်းဆိုင်ရာစာတမ်း ခုနစ်စောင် စုစုပေါင်းစာတမ်း ၃၃ စောင် ဖတ်ကြားသွားမည်ဖြစ်ပြီး အခမ်းအနားတွင် သစ်လုပ်ငန်းရှင်များအသင်းမှ သစ်တောသုတေသနဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကျပ်သိန်း ၁၀၀ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

သစ်တော သုတေသနစာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ကျော်ဖုံးမှ**

ဆောက်သမ်တန်အသင်းအတွက် ချေပဂိုး နှစ်ဂိုးကို ဘူဖယ်နှင့်တာဒစ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် စပါးအသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့သည့် ဆွန်ဟောင်မင်မှာ စပါးအသင်းအတွက် ၁၂ ပွဲတွင် ခုနစ်ဂိုးမြောက် သွင်းယူခဲ့သည့်သွင်းဂိုးဖြစ်သည်။ ထို့ပြင် ယခုပွဲစဉ်တွင်လည်း ဆွန်ဟောင်မင်အနေဖြင့် တစ်ဂိုးသွင်းယူပေးခဲ့သည့်အပြင် ဂိုးဖန်တီးပေးနိုင်မှု နှစ်ကြိမ်အထိ ပြုလုပ်ပေးနိုင်ခဲ့သည်။

စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းမှာမူ ယခုပွဲစဉ်တွင် သွင်းဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် ၁၈ ဂိုးဖြင့် ဂိုးသွင်းအများဆုံးကစားသမားလည်း ဖြစ်လာခဲ့သည်။ **နိုင်လင်းကြည်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**သံဖြူဇရပ် ဒီဇင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့်အဖွဲ့သည် ဒီဇင်ဘာလ တတိယပတ်အတွင်းက မွန်ပြည်နယ်သို့ ရောက်ရှိခဲ့ပြီး ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော CDD စီမံကိန်း ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းစစ်ဆေးပြီး သံဖြူဇရပ်မြို့နယ် ပဒိုင်ကြီးကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို စစ်ဆေးခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ်ကျေးလက်ရုံး၌ မွေး/ရေ/ကျေးလက်ကဏ္ဍဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ကြီးဌာန မူဝါဒလုပ်ငန်းစဉ်များ ရှင်းလင်းခဲ့ပြီး ပေါင်မြို့နယ် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော CDD စီမံကိန်းကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၁၈ ခုနှစ် နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ Sport Complex ရှိ သက်ဆိုင်ရာ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများအဖြစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံး(အမျိုးသား)ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ၊ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲနှင့် လွန်ဆွဲ အမျိုးသား အမျိုးသမီးပြိုင်ပွဲများကို ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ညီညီသန်း(နေပြည်တော်)**

# ဖျာပုံမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၇၅ ဦး ပြန်လည်ရွေးချယ်မည်

**ဖျာပုံ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ပြန်လည်ရွေးချယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက အမှာစကားပြောကြားရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာ၌ ပါတီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ် အစွဲမထားဘဲ မိမိရပ်ကွက်/ကျေးရွာအတွက် အမှန်တကယ် စွမ်းစွမ်းတမံ လုပ်ဆောင်ပေးမည့်သူများကို ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးချယ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် လုပ်ဆောင်ရမည့် အဆင့်အလိုက် ရွေးချယ်ပုံလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ပြန်လည်မေးမြန်း ဆွေးနွေးကြသည်။

ဖျာပုံမြို့နယ်အတွင်း၌ ရပ်ကွက် ၂၃ ခု၊ ကျေးရွာအုပ်စု ၅၂ အုပ်စုအတွက် စုစုပေါင်းအုပ်ချုပ်ရေးမှူး ၇၅ ဦးစလုံးကို ပြန်လည်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး အသိပညာပေး

**ပဲခူး ဒီဇင်ဘာ ၂၆**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ တပ်စု(၃) ဖြူးမှ တပ်စုမှူး ရဲအုပ် စိုးနိုင်ဝင်း ဦးစီးအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး၊ ရထားနှင့် ယာဉ်တိုက်မိသည့် ဖြစ်စဉ်များ၊ ရထားကြိတ်ခံရသည့်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲ ပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေချပြရှင်းလင်းခြင်းများ ဆောင်ရွက်ရာ ကျွဲပွဲဘူတာရုံပိုင်ကြီး ဦးခင်မောင်တင့်၊ ကျွဲပွဲမြို့ အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတိုးလွင်နှင့် ဒေသခံပြည်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရထားရဲတပ်ဖွဲ့**

# (၁၀)ကြိမ်မြောက် ထီဖွင့်ပွဲ ဆုအရေအတွက် တိုးလာ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၁၀)ကြိမ်မြောက် ကျပ် ၅၀၀ တန် အမြင့်ဆုံးဆု ကျပ်သိန်း ၁၀၀၀၀ ဆုနှင့် ဆုကြီးများ အပါအဝင် ဝေဝေဆာဆာ ပဒေသာဆုအရေအတွက် တိုးလာကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။

ယခု ဖွင့်လှစ်တော့မည့် ထီဖွင့်ပွဲတွင် ကျပ်သိန်း ၅၀၀ ဆု အရေအတွက် အနည်းငယ်လျော့ကာ ဝေဝေဆာဆာ ပဒေသာဆု ကျပ်တစ်သိန်းဆုကို အရေအတွက် တိုးမြှင့်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယခု (၁၀)ကြိမ်မြောက် ထီဖွင့်ပွဲတွင် အမြင့်ဆုံးဆု ကျပ်သိန်း ၁၀၀၀၀ ဆု အပါအဝင် ဆုတစ်ဆုချင်း ကျပ်သိန်း ၅၀၀၀ ဆု နှစ်ဆု၊ ကျပ်သိန်း ၃၀၀၀ ဆု သုံးဆု၊ ကျပ်သိန်း ၁၀၀၀ ဆု ခြောက်ဆု၊ ကျပ်သိန်း ၅၀၀ ဆု ရှစ်ဆု၊ ကျပ်သိန်း ၃၀၀ ဆု ၁၁ ဆု၊ ကျပ်သိန်း ၁၀၀ ဆု ၁၁ ဆု၊ ကျပ်သိန်း ၅၀ ဆု ၁၅ ဆု၊ ကျပ်သိန်း ၃၀ ဆု ၂၂ ဆု၊ ကျပ် ၁၀ သိန်းဆု ၂၅ ဆုနှင့် ဝေဝေဆာဆာ ပဒေသာဆုမဲများတွင် ကျပ်သုံးသိန်းဆု ၁၀၀ ဆု၊ ကျပ်နှစ်သိန်း ဆု ၁၀၀၀ ဆု၊ ကျပ်တစ်သိန်းဆု ၁၃၀၀၀ ဆု၊ ကျပ်ငါးသောင်းဆု ၁၁၀၀၀၀ ဆု အပါအဝင် စုစုပေါင်း ဆုမဲအရေအတွက် ၁၂၄၂၀၄ ဆု ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း သိရသည်။

ယခုလာမည့် ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၁၀)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲတွင် အက္ခရာ ၄၇ လုံး ထုတ်ဝေရောင်းချထားကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။ **၀၀၁**

# ရခိုင်ပြည်နယ်သတင်း

**✱ ကျောဖုံးမှ**

ဒေသတွင်းပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကထား၍ အကြံပြုထားသည့် လုပ်ငန်းများဖြစ်ကြောင်း၊ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ခြင်း ဖြစ်ပြီး ရခိုင်ဒေသသာမက နိုင်ငံတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ခြင်းပင် ဖြစ်ပါကြောင်း။

အကြံပြုချက်တွင် ဖော်ပြထားသည့် ကဏ္ဍ ၁၈ ခုရှိပြီး ကဏ္ဍတိုင်းတွင် ဝန်ကြီးဌာနတစ်ခုတည်း အကောင်အထည်ဖော်ရသော လုပ်ငန်းရပ်များထက် ဝန်ကြီးဌာနသုံး၊ လေးခု ပေါင်းစပ်အကောင်အထည်ဖော်ရသော လုပ်ငန်းရပ်များက ပိုမိုများပြားပါကြောင်း၊ ထို့ကြောင့် ပေါင်းစပ်ညှိနှိုင်းခြင်းသည် အဓိက အရေးကြီးပါကြောင်း၊ အစီရင်ခံစာပါ ကဏ္ဍရပ်များကို မကြာခဏ ပြန်လည်လေ့လာသုံးသပ်၍ အမြန်ဆုံးအကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများကို ရွေးချယ် ဦးစားပေးဆောင်ရွက်ကြစေလိုပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်အရ ကော်မတီအနေဖြင့် လေးလတစ်ကြိမ် အစီရင်ခံစာထုတ်ပြန်၍ ပြည်သူသို့ အသိပေးရမည်ဖြစ်၍ ကော်မတီဝင် ဝန်ကြီးဌာနများအနေဖြင့် လေးလအတွင်း အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို တိုတိုကျဉ်းကျဉ်းနှင့် ထိထိမိမိ ရေးသား၍ အစီရင်ခံစာများ ပေးပို့နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း။

ကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှုများအပေါ် ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ပြည်တွင်းပြည်ပ အတွေ့အကြုံများကို အခြေခံ၍ အကြံပြုပေးမည့် အကြံပေးအဖွဲ့ကို ဖွဲ့စည်းပေးထားပြီးဖြစ်၍ မိမိတို့ကော်မတီနှင့် အကြံပေးအဖွဲ့တို့ ဇန်နဝါရီလ နောက်ဆုံးရက်သတ္တပတ်တွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းရန် စီစဉ်ထားပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ လုပ်ငန်းအကောင်အထည်ဖော်မှုများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးနိုင်ရေး လိုအပ်ချက်၊ အားနည်းချက်၊ အားသာချက်များအလိုက် တွေ့ရှိဆောင်ရွက်ရမှုများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရာတွင် မြေပြင်၌ အမှန်တကယ်ဖြစ်တည်နေမှု မြေပြင်၏ လိုအပ်ချက်တို့အပေါ် မူတည်၍ လုပ်ငန်းများကို ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းကို ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းများအတွက် ပြင်ဆင်မှုများ ပူးပေါင်းမှုဖြင့် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ သတင်းမီဒီယာများ သတင်းရယူ၍ သတင်းမှန်ထုတ်ပြန်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်၍ ရခိုင်ပြည်နယ်ဆိုင်ရာ သတင်းမှန်များ မြန်ဆန်ကျယ်ပြန့်စွာ ထုတ်ပြန်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကော်မတီဝင် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်မှုများကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစကားကို ကျယ်ပြန့်ထိရောက်စွာ သိရှိကြစေရန် ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းလူမှုအဖွဲ့အစည်းများ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ဒေသတွင်း တရားဥပဒေစိုးမိုးပါက အကြံပြုချက်ပါလုပ်ငန်းစဉ်များ အမြန်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ အကြားအမြင် ပိုမိုကျယ်ပြန့်ပြီး စဉ်းစားဆင်ခြင် တွေးခေါ်မှု မြင့်မားစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် စိတ်ရှည်စွာဖြင့် စည်းရုံးလက်တွဲ ဖော်ဆောင်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်၌ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး ကလေးငယ် နှစ်သိန်းကျော် ထိုးနှံ

**စစ်တွေ ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းမှ စတင်ကာ မြို့နယ်အသီးသီးတွင် အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ် စုစုပေါင်း နှစ်သိန်းကျော်ကို ထိုးနှံခဲ့ကြောင်း ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးမှ သိရသည်။



ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များ ထိုးပေးခဲ့ရာတွင် စစ်တွေခရိုင်၌ ကလေးငယ် ၄၈၁၈၈ ဦး၊ မြောက်ဦးခရိုင်၌ ကလေးငယ် ၆၅၉၁၅ ဦး၊ မောင်တောခရိုင်၌ ကလေးငယ် ၅၇၉၃၄ ဦး၊ ကျောက်ဖြူခရိုင်၌ ကလေးငယ် ၃၉၃၆၉ ဦး၊ သံတွဲခရိုင်၌ ကလေးငယ် ၂၃၀၇၆ ဦးတို့ကို ကျန်းမာရေးဝန်ထမ်း ဆေးထိုးအဖွဲ့များက ထိုးနှံပေးခဲ့ကြသည်။

ရခိုင်ပြည်နယ်အတွင်း၌ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းတွင် သွားလာရန်ခက်ခဲသော ဝေးလံခေါင်းပါးသည့် ဒေသများနှင့် နယ်စပ်ဒေသရှိ ကလေးငယ် စုစုပေါင်း ၄၀၀၀၀ ကျော်တို့ကို ထိုးနှံခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## မောင်တောခရိုင်အတွင်း ညမထွက်ရအမိန့် နောက်ထပ် နှစ်လတိုးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများက မောင်တောမြို့ပေါ် ရပ်ကွက်အချို့နှင့် ကျေးရွာများရှိ လုံခြုံရေးရဲကင်းစခန်းများအား တစ်ပြိုင်နက်တည်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဒေသအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မောင်တောခရိုင်အတွင်း ယခင် ထုတ်ပြန်ထားသည့်အတိုင်း လူ ငါးဦး (သို့) ငါးဦး ထက်ပို၍ မစုဝေးနိုင်စေရန် ညနေ ၆ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီထိ ညမထွက်ရအမိန့် ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား ဒီဇင်ဘာ ၂၅ ရက်က မောင်တောမြို့နယ် ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ထပ်မံတိုးမြှင့်ထုတ်ပြန်ခဲ့ပြီး ၎င်းအမိန့် ထုတ်ပြန်သည့်နေ့မှစ၍ နှစ်လပြည့်မြောက်သည်အထိ အတည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ALP အဖွဲ့မှ တပ်သားအဆင့်ရှိသူ တစ်ဦးအား မိဘထံ ပြန်အပ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**



ALP အဖွဲ့မှ တပ်သားအဆင့်ရှိ ထွန်းအေး(ခေါ်) ညီညီဇော် (၂၃) နှစ် ၄က်ရဲကောက်ကျေးရွာ မင်းပြားမြို့နယ်နေသူသည် ဒီဇင်ဘာ ၁၈ ရက်တွင် ပလက်ဝမြို့နယ်အတွင်းရှိ နယ်မြေခံတပ်သို့ လက်နက်မဲ့ အလင်းဝင်ရောက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီတွင် မင်းပြားမြို့ အလယ်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး၏ရှေ့၌ ၎င်း၏ဖခင်ဖြစ်သူ ဦးကျော်သန်းမောင်ထံသို့ အပ်နှံပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ဥဒေါင်း(တိုင်းရင်းသား)ကျေးရွာ၊ ကင်းချောင်း(တိုင်းရင်းသား)ကျေးရွာ၊ ဗောဓိကုန်း(တိုင်းရင်းသား)ကျေးရွာနှင့် ရွှေရင်အေး (တိုင်းရင်းသား) ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်သုံးကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း(တိုင်းရင်းသား)ကျေးရွာ၊ ရန်အောင်မြေ(တိုင်းရင်းသား) ကျေးရွာ၊ ကြိမ်ချောင်း(ရောနှော)ကျေးရွာနှင့် တမန်းသား(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်နှစ်ကောင်နှင့် ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရေမျက်တောင်(တိုင်းရင်းသား) ကျေးရွာ၊ ငါးခူရ(ရောနှော)ကျေးရွာ၊ ခြံပြင်(တိုင်းရင်းသား)ကျေးရွာနှင့် ကပ္ပကောင်း(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်နှစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်းစခန်း သုံးခုပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားခြောက်ကောင်နှင့် ဆိတ်ခုနစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၅၃ ကောင်တို့အား ကာကွယ်ကုသဆေးထိုးပေးခြင်း၊ ဆိတ် ၇၁၇ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





## မောင်တောမြို့နယ် ကန်ဘဲ့ကျေးရွာအနီး ဆေးခြောက် ၆ ဒသမ ၂၅ ကီလိုခန့် သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် ညနေ ၄ နာရီ မိနစ် ၅၀ က တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေစဉ် မောင်တောမြို့နယ် ကန်ဘဲ့ကျေးရွာအရှေ့ဘက် လယ်ကွင်းအနီး၌ မသင်္ကာသူတစ်ဦးတွေ့ရှိ၍ ခေါ်ယူရာ ထွက်ပြေးသွားခဲ့သည်။

ထွက်ပြေးသွားသူ ချထားခဲ့သည့် လက်ဆွဲခြင်းအား စစ်ဆေးရာ ဆေးခြောက် ၆ ဒသမ ၂၅ ကီလိုခန့် (တန်ဖိုးငွေကျပ် ၂၅ သိန်းခန့်) တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြင်ဖြူနယ်မြေစခန်း၌ အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လ အတန်ကြာ ပိတ်ထားသော မောင်တောမြို့မဈေးကြီး ပြန်လည်ဖွင့်လှစ်

**မောင်တော ဒီဇင်ဘာ ၂၆**

နယ်မြေလုံခြုံရေးအခြေအနေကြောင့် လအတန်ကြာ ပိတ်ထားခဲ့ရသော မောင်တောမြို့မစည်ပင်သာယာ ဈေးကြီးကို ယနေ့နံနက်ပိုင်းက ဈေးတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများပါဝင်၍ ဖွင့်လှစ်ပေးခဲ့သည်။

“ကျွန်တော်တို့ မောင်တောမြို့မဈေးကြီးကို ဩဂုတ် ၂၅ ရက်က အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားပြီးတဲ့နောက် နယ်မြေလုံခြုံရေးအခြေအနေကြောင့် ပိတ်ထားခဲ့ရပါတယ်၊ ဒီနေ့မှာတော့ နယ်မြေဒေသတည်ငြိမ်အေးချမ်းလာပြီဖြစ်တဲ့အတွက် မြို့မဈေးကြီးကို ပြန်လည်ဖွင့်လှစ်ပေးရခြင်းဖြစ်ပါတယ်”ဟု မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးရွှေမောင်က ပြောသည်။

အဆိုပါဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၄၅၃ ခန်းရှိကြောင်း၊ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ကြောင်း၊ လောလောဆယ် စတင်ဖွင့်လှစ်ရက်များအတွင်း ဆိုင်ခန်း သုံးပုံနှစ်ပုံခန့် လာရောက်ဖွင့်လှစ်ရန် ခန့်မှန်းထားကြောင်း၊ အဝတ်အထည်နှင့် လူသုံးကုန် အိမ်သုံးကုန်ပစ္စည်းများ ရောင်းချကြောင်း၊ ဘင်္ဂလားဒေ့ရှ်ပစ္စည်း အချို့လည်း ရောင်းချကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“ကျွန်မတို့ ဒီဈေးကြီးကို ဩဂုတ်လ ၂၅ ရက်မှာ စတင်ပိတ်ခဲ့ပြီး ဒီနေ့မှာ ပြန်လည်ဖွင့်တာဆိုတော့ လေးလကြာ ပိတ်ထားခဲ့ရတာဖြစ်ပါတယ်၊ လုံခြုံရေးအရ CCTV ကင်မရာ ၁၆ လုံး တပ်ဆင်ပြီးဖြစ်ပါတယ်၊ ၂၄ လုံးအထိ တပ်ဆင်သွားမှာ ဖြစ်ပါတယ်၊ ဒါပေမယ့် မော်နီတာ မတပ်ရသေးတဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဈေးကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်”ဟု မောင်တောမြို့ မြို့မဈေးကြီးမှ ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာစောက ပြောသည်။

“ကျွန်တော်က ပင်စင်စားပါ၊ ဈေးရောင်းတာ ၁၀ နှစ်ရှိပါပြီ၊ ဈေးပြန်ဖွင့်ဖို့မျှော်နေတာပါ၊ ပင်စင်ရတာလေးနဲ့ ဈေးရောင်းရတာလေး စားရတာဆိုတော့ ဈေးပြန်ဖွင့်တာ ကျွန်တော့်အတွက်တော့ မင်္ဂလာပါပဲ၊ တဖြည်းဖြည်းတော့ ပြန်စည်လာပြီး ဈေးရောင်းကောင်းဖို့ မျှော်လင့်ပါတယ်”ဟု မောင်တောမြို့မဈေးကြီးမှ စာအုပ်အရောင်းဆိုင်ပိုင်ရှင် ဦးအောင်ကျော်ဇောက ပြောသည်။

မောင်တောမြို့မစည်ပင်သာယာဈေးကြီးကို ၁၉၉၈ ခုနှစ် မတ်လ ၂၅ ရက်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ စစ်တွေ၊ ဘူးသီးတောင်တို့မှ ကုန်ပစ္စည်းများ အဓိကဝင်ရောက်ပြီး မောင်တောဒေသတွင် အားထားရသော ဈေးကြီးဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**





# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော်ကွေ့၊ ကညင်တန်း၊ ညောင်ချောင်း၊ နတ်ချောင်း၊ သက်ကိုင်ညာ၊ ပညောင်ပင်ကြီး၊ ပန်းတောပြင်၊ ခမောင်းဆိပ်၊ ရေနောက်ငါးသား၊ သစ်တုံးနားခွဆုံ၊ ပဒကားရွာသစ်၊ ကြက်ရိုးပြင်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၈၉၈၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၅၄၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညို၊ ကန်စောက်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၁၀၁၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ငပုကွ၊ ဝင်းဇား၊ နရမ်း၊ နားပဲ့ချောင်းကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ဧက ၆၂၀ ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၇၀၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလီ၊ ကိုးတန်ကောက်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၂၉၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ င/ပြောက်ဆည်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်မှ ၂၅ ရက်အထိ စုစုပေါင်း ၃၁ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်ဖြူမြို့နယ်အတွင်းရှိ လောင်းချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ စုစုပေါင်း ၂၂ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ် ကျေးရွာများတွင် သုံးမျိုးစာရင်းစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်

**မောင်တော ဒီဇင်ဘာ ၂၆**

မောင်တောမြို့အနီး ကျေးရွာများတွင် နေထိုင်ကြသော ဘင်္ဂါလီမိသားစုများအား လူဝင်မှုကြီးကြပ်ရေးဌာနခွဲက နှစ်စဉ် ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့် သုံးမျိုးစာရင်းစစ်ဆေးခြင်း (ယခင် အသုံးအနှုန်း ဆွဲ၊ တင်၊ စစ် လုပ်ငန်း)ကို ယခုနှစ်အတွက် စတင်ဆောင်ရွက်လျက်ရှိရာ အိမ်ထောင်စု ၃၈၃ စုကို စစ်ဆေးပြီးစီးသွားပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကျွန်တော်တို့အခု လုပ်နေတာက သုံးမျိုးစာရင်းဆိုတာရှိတယ်၊ နှစ်စဉ် လုပ်ရတာ၊ သုံးမျိုးစာရင်းထဲက အိမ်ထောင်စုစစ်ဆေးခြင်းနဲ့ မိသားစုဓာတ်ပုံရိုက်ခြင်းကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်၊ ဒီအဆင့်မရောက်ခင် ကျေးရွာတွေမှာ ကွင်းဆင်းပြီး ကျေးရွာမြေပုံဆွဲတယ်၊ အဆောက်အအုံမှတ်တမ်းတင်ရတယ်၊ နောက်ဆုံး စစ်ဆေးတယ်၊ ဒီလုပ်ငန်းက တစ်နှစ်တစ်ကြိမ် လုပ်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်၊ ဒီဇင်ဘာ ၁၆ ရက်က စလုပ်တာပါ၊ ဒါက သုံးရွာမြောက်ဖြစ်ပါတယ်၊ မောင်တောမြို့အနီး ကပ္ပကောင်းကျေးရွာမှာ ဆောင်ရွက်နေတာဖြစ်ပါတယ်၊ အရင်နှစ်ရွာက ရွှေဇားအလယ်ရွာနဲ့ ဂေါင်ညာရွာတို့ဖြစ်ပါတယ်၊ ဒီရွာတွေအားလုံးက ရွှေဇားကျေးရွာအုပ်စု ၁၂ ရွာ ထဲမှာ ပါဝင်ပါတယ်၊ ကျန်ရွာတွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု အမှတ် (၄) လူဝင်မှုကြီးကြပ်ရေးဌာနခွဲမှ လဝကမှူး ဦးဇော်မိုးနိုင်က ရှင်းပြသည်။

နောက်ဆုံးအဆင့်တွင် အိမ်ထောင်စုတစ်စုချင်းစီအား လဝကတာဝန်ရှိသူများက အိမ်ထောင်စုစာရင်းအဟောင်းဖြင့် တိုက်ဆိုင်စစ်ဆေးပြီး ဓာတ်ပုံရိုက်မှတ်တမ်းတင်ထားရှိခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် တိုးလာသော ကလေးငယ်များ၊ သေဆုံးသွားသူများ၊ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာသူများစာရင်းကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ ခိုးဝင်လာသူများရှိပါကလည်း စစ်ဆေးတွေ့ရှိနိုင်ကြောင်း သိရသည်။

အဆိုပါ သုံးမျိုးစာရင်းစစ်ဆေးခြင်းလုပ်ငန်းကို မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ နယ်ခြားစောင့်လက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေး ဌာနခွဲများ၌သာ ဆောင်ရွက်ပြီး အခြားမြို့နယ်များတွင် ဆောင်ရွက်ခြင်းမရှိကြောင်း၊ လူအတိုးအလျော့ကို ကြီးကြပ်စစ်ဆေးနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**



# ငှက်ပျောသီးတင်ယာဉ်နှင့် ဘီလပ်မြေတင်ယာဉ်တို့ အရှိန်လွန်တိမ်းမှောက်



**ဆဒုံး ဒီဇင်ဘာ ၂၆**
ကချင်ပြည်နယ် ဆဒုံးမြို့ ဆနာကျေးရွာ ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည် လမ်းမကြီး မိုင်တိုင် (၃၈/၃၉)အကြား၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီ တွင် ဝိုင်းမော်ဘက်မှ တရုတ်နိုင်ငံဘက်သို့ ချန်းရင်ကုမ္ပဏီမှ ငှက်ပျောသီးဖာများ အပြည့်တင်ဆောင်လာသည့် ၂၂ ဘီးယာဉ်သည် လမ်းအကွေ့တွင် အရှိန် မထိန်းနိုင်ဘဲ လမ်းဘယ်ဘက်ခြမ်းသို့ တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ထိခိုက် ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ မိုင်တိုင်(၃၃/၃၄)အကြား၌ ဒီဇင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် တရုတ်ပြည်-ကန်ပိုက်တည်-ဆဒုံး-ဝိုင်းမော်ဘက်သို့ ဘိလပ်မြေ အိတ်များ တင်ဆောင်လာသော ယာဉ်မောင်းစုံစမ်းဆဲ မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်သည် လမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘယ်ဘက်ခြမ်း သို့ တိမ်းစောင်းမှုဖြစ်ကာ ကျောက်ကမ်းပါးယံနှင့် တိုက်မိခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၈၃ စီး၊ သွင်းကုန် ၉၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများ ကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉၉၀ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၅ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် ၁၀ ဘီးယာဉ်တစ်စီးကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် PSI Receiver (100)




U, PSI ထိပ်ဖူး (90) U, PSI စလောင်းဗန်း (90) U နှင့် PSI ဒေါက်တိုင် (90) U (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၉၀ သန်းခန့်)ကို စစ်ဆေး တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်သုံးဆေးဝါး၊ အဝတ်အထည်များနှင့်အတူ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**
လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၃ ရက် ည ၉ နာရီ မိနစ် ၂၀ တွင် မောင်တောမြို့နယ် မကျီးချောင်း ချောင်းထဲ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက် သို့ လှော်ခတ်နေသည့် လောင်းလှေ တစ်စင်းအား တွေ့ရှိ၍ ကမ်းသို့ ကပ်ရန် တားမြစ်ခဲ့ရာ လှေပေါ်ပါသူ ငါးဦးသည် ရေထဲသို့ ခုန်ချပြီး ပန်းတောပြင် ကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့သည်။

ကျန်ရှိခဲ့သည့် လောင်းလှေအား



ကမ်းစပ်သို့ ဆွဲယူစစ်ဆေးခဲ့ရာ အိမ်သုံးဆေးပြား ၁၃၁၀၀၀၊ ဆေးလုံး ၈၀၀၀ ၊ ဆေးတောင့် ၄၀၀၀၊ 2 mL ဆေးပုလင်း ၉၀၀၊ အိတ်တစ်အိတ်၊ ကျားဝတ်အကျႌ ကိုးထည်၊ ပုဆိုး ငါးထည်၊ ဘောင်းဘီရှည်/တို လေးထည်၊ အမျိုးသမီးဝတ်အကျႌ ၂၀၊ ထဘီ ၂၀၊ ဗလီဦးထုပ် နှစ်လုံး၊ ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထိုအချိန်တွင် မကျီးချောင်း (ချောင်းဝ)ဘေးရှိ ပုစွန်ကန် အနောက်ဘက် နယ်စပ်ခြံစည်းရိုးအနီး အမှောင်ထဲ၌ ဖုန်းပြော၍ လမ်းလျှောက်လာသည့် မောင်တော မြို့နယ် မောင်နီကျေးရွာနေ ဇာဖော အာမတ်(၄၅)နှစ်အား စစ်ဆေးရာ ကညင်တန်းကျေးရွာနေ ဟိုဘီ (စိစစ်ဆဲ)၏ ပစ္စည်းများဖြစ်ကြောင်း နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ဆောင် ရောင်းချရန်ဖြစ်ကြောင်း သိရသဖြင့် ဇာဖောအာမတ်အား မကျီးချောင်း နယ်မြေစခန်း၌ အမှုဖွင့်စစ်ဆေးလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**
မူးယစ်တပ်ဖွဲ့စု(၃၆) ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် ညနေ ၄ နာရီခန့်တွင် ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်ကြီး(၃) မြေတိုင်း(၇) အနော်ရထာလမ်းနေ သက်မောင်ထွန်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ကိုသူအား တွေ့ရှိရပြီး သက်မောင်ထွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၉၂ ပြား၊ ငွေကျပ် ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ ခရီးသည် သန်းနိုင်၏ ကျောပိုးအိတ်အတွင်းမှ ဘိန်းစိမ်း ၃ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

ယင်းနေ့နံနက် ၁၀ နာရီခွဲကလည်း တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝမ်ကောင်း ရပ်ကွက် သီရိဟံသာဘုန်းကြီးကျောင်းဘေး သချႋင်းကုန်းချုံတောစပ်၌ ထိုင်းနိုင်ငံသား ဖိချိုင်(ခ)အိုက်ယောင်းအား တွေ့ရှိ၍ ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၅၀၊ ဘိန်းဖြူ သုံးဂရမ်၊ အိုက်စ် တစ်ဂရမ်၊ ထိုင်းငွေ ဘတ် ၂၉၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



သန်းနိုင်အား သိမ်းဆည်းရမိဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

# စားသောက်ဆိုင်အတွင်း စားသောက်နေသူအား အမျိုးသားနှစ်ဦးက ဓားဖြင့်ထိုးမှုဖြစ်ပွား

**မိတ္ထီလာ ဒီဇင်ဘာ ၂၆**
မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ စားသောက်ဆိုင်အတွင်း စားသောက်နေသူအား ဒီဇင်ဘာ ၂၆ ရက် နံနက် ၁ နာရီခွဲခန့်က အမျိုးသားနှစ်ဦးက ဓားဖြင့် ဝင်ရောက်ထိုးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မသီသီကျော်(၃၀)နှစ် ပြည်သာယာ(မြောက်)ရပ်ကွက် (၁) လမ်းရှိ နေအိမ်၌ ရှိနေစဉ် တစ်ရပ်ကွက်တည်းနေ ဆိုင်ကယ်ကယ်ရီမောင်းသူ ကိုလော်ပန်း ရောက်ရှိလာပြီး စားသောက်ဆိုင်အတွင်း၌ ခင်ပွန်းဖြစ်သူ သန်းနိုင်ဦး(ခ)မုန့်ဖတ်(၂၉)နှစ် ဓားထိုးခံရကြောင်း ပြောပြ၍ သွားရောက် ကြည့်ရှုရာ သန်းနိုင်ဦး(ခ)မုန့်ဖတ်၏ ဝဲဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်ဖြင့် လဲကျနေသည်ကို တွေ့ရှိရသဖြင့် ပတ်ဝန်းကျင်အား စုံစမ်းရာ အမျိုးသားနှစ်ဦးက ဓားဖြင့်ထိုးသွားကြောင်း သိရှိရ၍ ဓားဖြင့်ထိုးခဲ့သူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် အမှတ်(၃)နယ်မြေရဲစခန်းတွင် တိုင်တန်း ခဲ့ရာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**



# တာချီလိတ်၌ မယ်ဆိုင်ချောင်းရေဆိပ်မှ သေနတ်အရှည်နှစ်လက် သယ်ဆောင်လာသူအား ဖမ်းဆီးရမိ

**တာချီလိတ် ဒီဇင်ဘာ ၂၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်၌ ယနေ့ မွန်းလွဲပိုင်းက မယ်ဆိုင်ချောင်းရေဆိပ်မှ သေနတ်ပြောင်း အရှည်နှစ်လက် သယ်ဆောင်လာသူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့မရဲစခန်းမှ နယ်ထိန်းရဲအုပ်ကိုကိုဦး ပါဝင် သည့် တပ်ဖွဲ့ဝင်များသည် ရပ်ကွက်များအတွင်း နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် မကာဟိုခမ်းရပ်ကွက် ဂေါ်သဇင်လမ်း မယ်ဆိုင်ချောင်းရေဆိပ်မှ တရားမဝင် ဖြတ်သန်းဝင်ရောက်လာပြီး လမ်းလျှောက်လာသည့် ကျာယော် ပုံစိတ်ကျေးရွာ ကျိုင်းတုံမြို့နယ်နေသူထံမှ Remington အမျိုးအစား အရှည်သုံးပေ၊ လေးလက်မရှိ နံပါတ် AB 663/55M သေနတ်တစ်လက်၊ ကျားရုပ်တံဆိပ် Made in Belgium စာတန်းပါ အရှည်လေးပေခန့်ရှိ ပြောင်းချောသေနတ် တစ်လက်နှင့်အတူ GUN GUARD စာတန်းပါ သေနတ်နှစ်လက်ထည့်သည့် အနက်ရောင် ကော်ဘူးတစ်ဘူးတို့ကို တွေ့ရှိသိမ်းဆည်းရမိပြီး ကျာယော် အား စစ်မေးရာ သေနတ်နှစ်လက်အား ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ အမျိုးသား တစ်ဦးထံမှ ရယူသယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

ကျာယော်အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# အမြန်လမ်းတွင် ယနေ့နံနက်စောစော ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွား



**နေပြည်တော် ဒီဇင်ဘာ ၂၆**
ရန်ကုန်- မန္တလေးအမြန်လမ်းမကြီး မြို့ချောင်းအမြန်လမ်းပိုင်း မိုင်တိုင် (၈၃/၆)နှင့် (၈၃/၇)အကြား နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ညီညီဇော် မောင်းနှင်လာသော မြတ်မန္တလာထွန်း Express ယာဉ်မှာ ယနေ့ နံနက် ၀၀ နာရီ မိနစ် ၃၀ က အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ မသက်မွန်အေး မောင်းနှင်နေသော HONDA FIT ယာဉ်နောက်ပိုင်းအား ဝင်တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် Express ခရီးသည်တင် ယာဉ်ပေါ်ပါရှိသူ ခရီးသည်များ နှင့် HONDA FIT ယာဉ်ပေါ်ပါရှိသူများမှာ ထိခိုက်မှုမရှိခဲ့သော်လည်း ယာဉ်များမှာ အနည်းငယ် ပျက်စီးသွားကြောင်း သိရသည်။

ထို့ပြင် ယနေ့နံနက် ၅ နာရီ မိနစ် ၄၀ ကလည်း ပလွေးအမြန်လမ်းပိုင်း မိုင်တိုင် (၂၀၄/၄)နှင့် (၂၀၄/၅)အကြား မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း ဟန်ဝင်းအောင် မောင်းနှင်လာသော MITSUBISHI ယာဉ်မှာ ယာဉ်မောင်း အိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ကပ်တုံးအား ဝင်တိုက်မိခဲ့ သည်။

ဖြစ်စဉ်ကြောင့် ယဉ်ပေါ်ပါရှိသူများ ထိခိုက်မှုမရှိသော်လည်း ယာဉ်မှာ အနည်းငယ် ပျက်စီးသွားခဲ့သည်။ ဖြစ်စဉ်များနှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်းများအား သက်ဆိုင်ရာရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)၊ ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

# ချယ်လ်ဆီးအသင်းနှင့် ဝက်ဖို့ဒ်အသင်း နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး မန်ယူအသင်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရ

ပရီမီယာလိဂ်ပွဲစဉ် ၂၀ ၏ Boxing day ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ချယ်လ်ဆီးအသင်းနိုင်ပွဲရရှိခဲ့ပြီး မန်ယူအသင်းမှာမူ အိမ်ကွင်းအိုးထရက်ဖို့ဒ်တွင် သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် အိမ်ကွင်းတွင် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး မိုရက်တာနှင့် မားကို့စ်အလွန်ဆိုတို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် ဘန်လေအသင်းတို့၏ ပွဲစဉ်တွင် မန်ယူအသင်းသည် လူစုံထုတ်ကစားခဲ့သော်လည်း ပထမပိုင်းတွင် ဘန်လေအသင်း၏ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်ကစားခြင်းကို ခံခဲ့ရပြီး လင်းဂတ်၏ ချေပဂိုးနှစ်ဂိုးရရှိခဲ့ခြင်းကြောင့်သာ သရေတစ်မှတ်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားသော ပွဲစဉ်များဖြစ်သည့် ဘုန်းမောက်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီသရေပွဲဖြစ်ခဲ့ပြီး ဟက်ဒါဖီးလ်အသင်းနှင့် စတုတ်စီးတီးအသင်းတို့ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဝက်ဖို့ဒ်အသင်းနှင့် လက်စတာစီးတီးအသင်းတို့ပွဲစဉ်တွင်မူ လက်စတာစီးတီးအသင်းသည် အဝေးကွင်းတွင် ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း ရရှိခဲ့သည့် ဦးဆောင်ဂိုးကို မထိန်းနိုင်ခဲ့သည့်အပြင် ချေပဂိုးများပြန်လည်ပေးလိုက်ရခြင်းကြောင့် ဝက်ဖို့ဒ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဝက်စ်ဘရွန်းအသင်းနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်တွင်မူ ဂိုးမရှိသရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

**ငွေကြယ်**






## ဥရောပ၏ ယခုနှစ် ဂိုးသွင်း အများဆုံး ဟယ်ရီကိန်းဖြစ်လာ

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူခဲ့ပြီးနောက် ယခု ၂၀၁၇ ခုနှစ်အတွင်း ဥရောပ၏ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်လာခဲ့သည်။ ဟယ်ရီကိန်းသည် လက်ရှိတွင် သွင်းဂိုး ၅၆ ဂိုးသွင်းယူထားပြီး မက်ဆီမှာ ၅၄ ဂိုး၊ စီရိုနယ်လ်ဒိုမှာ ၅၃ ဂိုး၊ လီဝန်ဒေါ်စကီးမှာ ၅၃ ဂိုး၊ ကာဗာနီမှာ ၅၃ ဂိုး အသီးသီးသွင်းယူထားကြသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုနှစ်အတွင်း ပရီမီယာလိဂ်ဟက်ထရစ်ဂိုးသွင်းမှု ခြောက်ကြိမ်အထိရှိထားခဲ့သည်။ ပရီမီယာလိဂ်သမိုင်းတွင် ယခင်က ဟက်ထရစ်အများဆုံး သွင်းယူနိုင်ခဲ့သည့် ကစားသမားငါးဦးရှိခဲ့ပြီး ယင်းကစားသမားများမှာ အလန်ရှီးယား၊ မိုက်ကယ်အိုဝင်၊ တယ်ရီဟင်နရီ၊ ရော်ဘီဖိုလာနှင့် ရွှန်းနီတို့ဖြစ်သည်။ တစ်နှစ်အတွင်း ပရီမီယာလိဂ် ဂိုးသွင်းအများဆုံးကစားသမားများစာရင်းတွင်လည်း ဟယ်ရီကိန်းက ယခုနှစ်တွင် စပါးအသင်းနှင့်အတူ သွင်းဂိုး ၃၉ ဂိုးဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိပြီး ၎င်းနောက်တွင် အလန်ရှီးယားက ၁၉၉၅ တွင် ဘလက်ဘန်းနှင့် ၃၆ ဂိုး၊ ဗန်ပါစီက ၂၀၁၁ တွင် အာဆင်နယ်နှင့် ၃၅ ဂိုး၊ တယ်ရီဟင်နရီက ၂၀၀၄ ခုနှစ်တွင် အာဆင်နယ်နှင့် ၃၄ ဂိုး အသီးသီးသွင်းယူထားကြသည်။

## ရတနာပုံအသင်း နည်းပြချုပ်အဖြစ် ဦးအောင်ကျော်မိုး ခန့်အပ်ခံရ

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နေသည့် ရတနာပုံအသင်းသည် အသင်းသားဟောင်း ဦးအောင်ကျော်မိုးကို နည်းပြချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ဦးအောင်ကျော်မိုးသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ရတနာပုံအသင်းတွင် စတင်ခဲ့သလို ကစားသမားဘဝမှ အနားယူချိန်အထိ ရတနာပုံအသင်းတွင်သာ ကစားခဲ့သလို နည်းပြအဖွဲ့တွင် ဆက်လက်လုပ်ကိုင်နေသူဖြစ်သည်။

လာမည့်ရာသီတွင် ထူးခြားမှုတစ်ခုမှာ ကလပ်အသင်းအများစုမှာ ပြည်တွင်းနည်းပြများကို နေရာပေးလာခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက ဦးစိုးမြတ်မင်း၊ ရန်ကုန်အသင်းက ဦးမျိုးမင်းထွန်း၊ စစ်ကိုင်းယူနိုက်တက်အသင်းက ဦးဇော်လင်းထွန်း၊ မကွေးအသင်းက ဦးအောင်ဇော်မျိုး စသည့် လူငယ်နည်းပြများကို ခန့်အပ်ထားသည်။ ဝင်ငွေမရှိသော ကလပ်အသင်းများအနေဖြင့် ငွေကြေးသုံးစွဲမှုလျှော့ချလာသည်မှာ မှန်သော်လည်း ငွေကြေးအမှန်တကယ်သုံးစွဲကာ ပြင်ဆင်နေသည့် အသင်းကြီးများပါ ပြည်တွင်းနည်းပြများကို ယုံယုံကြည်ကြည် နေရာပေးလာခြင်းဖြစ်သည်။

MNL ထိပ်သီးကလပ်အသင်းများမှာ ပြည်တွင်းနည်းပြများကို ယုံယုံကြည်ကြည် တာဝန်ပေးလာခြင်းဖြစ်သည်။ ထိပ်သီးကလပ် ရတနာပုံအသင်းသည် လူငယ်နည်းပြ ဦးအောင်ကျော်မိုးအား နည်းပြချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ပြီး ပြိုင်ပွဲဝင် ၁၂ သင်း အနက် အချို့သာ ပြည်ပနည်းပြအသုံးပြုမည်ဖြစ်သည်။

လတ်တလောတွင် တရားဝင်ခန့်အပ်ထားသည့် အသင်းမရှိသေးဘဲ ဟံသာဝတီအသင်းမှာ ဆီဗာဂျီကို နည်းစနစ်ဒါရိုက်တာအဖြစ် ခန့်အပ်ထားသလို Southern အသင်းမှာလည်း တရားဝင်ခန့်အပ်ရခြင်းမရှိသေးပေ။ ပြီးခဲ့သည့်ရာသီတွင် ပြည်တွင်းနည်းပြများဖြစ်သည့် နည်းပြချုပ် ဦးစိုးမြတ်မင်း၊ နည်းစနစ်ဒါရိုက်တာ ဦးဆန်းဝင်း ကိုင်တွယ်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးပြိုင်ပွဲနှင့် ရှုံး၊ ထွက်ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့သည်။ ၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ထိပ်ဆုံးငါးသင်းစာရင်းဝင်ခဲ့သည့် ရှမ်းယူနိုက်တက်၊ ရန်ကုန်၊ ရတနာပုံ၊ ဧရာဝတီ၊ ရခိုင်အသင်းတို့အပါအဝင် မကွေး၊ ဇွဲကပင်၊ စစ်ကိုင်းယူနိုက်တက်၊ မြဝတီအသင်းတို့မှာလည်း ပြည်တွင်းနည်းပြများဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်သည်။ ရန်ကုန်အသင်းမှာလည်း ၂၀၁၆ ရာသီပြီးဆုံးခါနီးမှစ၍ နည်းပြချုပ်အဖြစ် ဦးမျိုးမင်းထွန်းကိုသာ တာဝန်ပေးအပ်ခဲ့ပြီး လာမည့်ရာသီတွင်လည်း ဆက်လက်တာဝန်ပေးမည်ဖြစ်သည်။

ရတနာပုံအသင်းသည် အသင်းသမိုင်းတစ်လျှောက် ပြည်တွင်းနည်းပြအဖြစ် သုံးဦးမြောက် ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ယခင်က ဦးဇော်လေးအောင်နှင့် ဦးခင်မောင်တင့်တို့ကို တာဝန်ပေးအပ်ခဲ့ဖူးကြောင်း သိရသည်။**ရှိုင်းထက်ဇော်**

## လာဇီယိုကို အိမ်ကွင်းမှာ အနိုင်ကစားမယ့် အင်တာမီလန်

**ရှိုင်းမင်းမင်း**

### ၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခန့်သံ-၁၉

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၁၉ ကို လာမယ့် ဒီဇင်ဘာ ၃၀၊ ၃၁ ရက်နေ့မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး ဒီပွဲစဉ်မှာ အသင်းကြီးနှစ်သင်းဖြစ်တဲ့ အင်တာမီလန်နဲ့ လာဇီယိုတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် ရိုးမားနဲ့ အေစီမီလန်တို့ နိုင်ပွဲပြန်ရမလား စောင့်ကြည့်ရမယ်။

### ခရိုတိုနီ - နာပိုလီ နံနက် ၂း၁၅ (၃၀-၁၂-၁၇)

ခရိုတိုနီတို့ အိမ်ကွင်းဖြစ်နေတာကြောင့် ရလဒ်ကောင်းရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း စွမ်းဆောင်ရည်မဆိုးပေမယ့် နာပိုလီကိုတော့ ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ နာပိုလီအနေနဲ့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေကာ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေလည်း ကောင်းနေတာကြောင့် ဒီပွဲမှာတော့ နာပိုလီကသာ အဝေးကွင်းဖြစ်နေပေမယ့်လည်း နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### ဖီအိုရင်တီးနား - မီလန် ည ၆း၀၀ (၃၀-၁၂-၁၇)

လက်ရှိအချိန်မှာ ဖီအိုရင်တီးနားရဲ့ခြေက တည်ငြိမ်မှုအားနည်းနေတယ်ဆိုပေမယ့်လည်း အိမ်ကွင်းဖြစ်နေလို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ မီလန်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် ဥရောပဝင်ခွင့်ရယူနိုင်ဖို့ဆိုရင် ဒီလိုပွဲမျိုးမှာ နိုင်ပွဲရဖို့လိုတာကြောင့် အားစိုက်ကစားလာမယ့် ဖီအိုရင်တီးနားပဲ နိုင်ပွဲရမယ်။

### အတ္တလန္တာ - ကယ်ဂလီယာရီ ည ၈း၃၀ (၃၀-၁၂-၁၇)

အတ္တလန္တာခြေက လက်ရှိအချိန်မှာ ကောင်းမွန်မှုရှိနေသလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်မှုရှိပါတယ်။ ကယ်ဂလီယာရီကတော့ အဝေးကွင်းပွဲတွေ တိုက်စစ်ပိုင်းအားနည်းမှုတွေ ရှိတတ်ပြီး အသင်းလိုက်စွမ်းဆောင်ရည်ကလည်း ကျဆင်းတတ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမယ့် အတ္တလန္တာကသာ ကယ်ဂလီယာရီကို ဖိအားပေးနိုင်ဖို့ရှိပြီး နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### ဘီနီဗန်တို - ချီယေဗို ည ၈း၃၀ (၃၀-၁၂-၁၇)

ဘီနီဗန်တိုဟာ အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် ခြေကုန်ထုတ်ကစားလာမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဘီနီဗန်တိုခြေကတော့ အားနည်းမှုတွေများနေပါတယ်။ ချီယေဗိုကတော့ အဝေးကွင်းပွဲစဉ်တွေမှာ ဂိုးသွင်းခြေ ပိုမိုကျဆင်းတတ်တယ်ဆိုပေမယ့်လည်း လက်ရှိအသင်းလိုက်ခြေက ဘီနီဗန်တိုထက် ပိုမိုကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာတော့ ဘီနီဗန်တိုတို့ အိမ်ကွင်းမှာ အမြင့်ဆုံးသရေလောက်သာ ကစားသွားနိုင်ဖို့ရှိနေပါတယ်။

### ဘိုလော့နာ - အူဒီးနီးစ် ည ၈း၃၀ (၃၀-၁၂-၁၇)

ဘိုလော့နာရဲ့ ထူးခြားမှုတော့ အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ဖွင့်ကစားရင် ခံစစ်ပိုင်းအားနည်းမှုရှိတတ်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘိုလော့နာဟာ တိုက်စစ်ဖွင့်ကစားတဲ့ အိမ်ကွင်းပွဲတွေမှာ ခံစစ်အားပြုကစားတဲ့ အဝေးကွင်းပွဲတွေလောက် ရလဒ်ပိုင်းကောင်းမွန်မှုမရှိခဲ့တာပဲဖြစ်ပါတယ်။ အူဒီးနီးစ်ကတော့ အိမ်ကွင်းမှာရော အဝေးကွင်းမှာပါ စွမ်းဆောင်ရည်မျှတတဲ့အသင်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာတော့ အူဒီးနီးစ်တို့ အနိမ့်ဆုံးသရေရမယ်။

### ရိုးမား - ဆာစူအိုလို ည ၈း၃၀ (၃၀-၁၂-၁၇)

ရိုးမားတို့ ကိုပါအီတာလီယာကနေထွက်ခဲ့ရတာကြောင့် စီးရီးအေကို ပိုမိုအားစိုက်ကစားလာမှာ သေချာနေပါတယ်။ ရိုးမားအနေနဲ့ အိမ်ကွင်းပွဲဖြစ်နေတာကြောင့်လည်း အမှားခံမှာမဟုတ်သလို အိမ်ကွင်းမှာ စွမ်းဆောင်ရည်ကလည်း ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါပေမယ့်လည်း ဆာစူအိုလိုကလည်း အဝေးကွင်းပွဲတွေမှာ တိုက်စစ်ပိုင်း ဂိုးသွင်းအား ပိုမိုကောင်းမွန်သလို ခြေစွမ်းပိုင်းလည်း ပိုမိုတည်ငြိမ်ပါတယ်။ ရိုးမား ကပ်ပြီးသာအနိုင်ရမယ်။

### ဆမ်ဒိုးရီးယား - SPAL ည ၈း၃၀ (၃၀-၁၂-၁၇)

SPAL က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပါတယ်။ အသင်းလိုက်ခြေစွမ်းပိုင်းအရ မဆိုးပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ အဝေးကွင်းပွဲတွေမှာလည်း စွမ်းဆောင်ရည် ပိုမိုကျဆင်းတတ်ပါတယ်။ ဆမ်ဒိုးရီးယားကတော့ အိမ်ကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်း သိသိသာသာကောင်းမွန်တတ်ပြီး အသင်းကြီးတွေကိုတောင် အခက်တွေ့စေနိုင်တဲ့ ခြေစွမ်းမျိုးကို ပိုင်ဆိုင်ထားပါတယ်။ ဆမ်ဒိုးရီးယားကပဲ နိုင်ပွဲရသွားမှာပါ။

### တိုရီနို - ဂျီနိုအာ ည ၈း၃၀ (၃၀-၁၂-၁၇)

တိုရီနိုရဲ့ခြေစွမ်းပိုင်းက သာမန်သာရှိတာမှန်ပေမယ့် အိမ်ကွင်းပွဲတွေမှာဆိုရင် အမှတ်ရအောင် ကစားနိုင်တဲ့အသင်းဖြစ်ပါတယ်။ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်မဆိုးသလို အသင်းလိုက်ဟန်ချက်ကလည်း ကောင်းမွန်ပါတယ်။ ဒါပေမယ့် ဂျီနိုအာကလည်း အဝေးကွင်းပွဲတွေမှာ ခံစစ်ကစားပုံကျစ်လျစ်မှုရှိလွန်းတဲ့ အသင်းဖြစ်တာကို သတိပြုရမှာဖြစ်ပါတယ်။ ထိုးစစ်ပိုင်းအားနည်းမှုရှိပေမယ့် အသင်းလိုက်တုံ့ပြန်ကစားပုံလည်း ကောင်းမွန်တယ်။ တိုရီနိုတို့အိမ်ကွင်းမှာ သရေလောက်ပဲရမယ်။

### အင်တာ - လာဇီယို ည ၁၁း၃၀ (၃၀-၁၂-၁၇)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ အသင်းကြီးနှစ်သင်း ဆုံတဲ့ပွဲဖြစ်တာကြောင့် အကြိတ်အနယ်လည်းရှိနိုင်ပါတယ်။ အခုအချိန်မှာ လာဇီယိုခြေက ကောင်းမွန်တာမှန်ပေမယ့်လည်း ခံစစ်ပိုင်းကတော့ ကစားပုံအနည်းငယ်အားနည်းလာတာကိုတွေ့ရပါတယ်။ အင်တာကတော့ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေကောင်းမွန်နေကာ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ဂိုးသွင်းအားပိုမိုကောင်းမွန်တတ်ပါတယ်။ အင်တာကသာ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

### ဗီရိုနာ - ဂျူဗင်တပ် နံနက် ၂း၁၅ (၃၁-၁၂-၁၇)

အိမ်ကွင်းဖြစ်နေတာကြောင့် ဗီရိုနာတို့ ရလဒ်ကောင်းရယူနိုင်ရေးအတွက် အားစိုက်ကစားလာဖို့ရှိနေတယ်။ ဗီရိုနာခြေက အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါပေမယ့် ဂျူဗင်တပ်ကလည်း အကောင်းဆုံးခြေစွမ်းကို ရရှိလာပြီဖြစ်သလို အင်တာပွဲကြပ်ကြုံနေချိန်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဂျူဗင်တပ်အနိုင်ပါ။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ရာနှုန်းပြည့်လက်အောက်ခံကုမ္ပဏီ (wholly - owned subsidiary) ဖြစ်သည့် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးအဖြစ် လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထိုသို့လိုက်နာဆောင်ရွက်ရန် အတိအလင်း ခွင့်ပြုထားလျှင် အဆိုပါ လက်အောက်ခံကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလဒ်မရှိစေကာမူ ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ (holding company) အတွက် အကောင်းဆုံး အကျိုးရလဒ်များရှိသည်ဟု ၎င်းတို့ ယုံကြည်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) ရာနှုန်းပြည့် ပိုင်ဆိုင်ထားသော လက်အောက်ခံကုမ္ပဏီ တစ်ခုမဟုတ်သည့် လက်အောက်ခံ ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ၎င်း၏လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထိုသို့လိုက်နာဆောင်ရွက်ရန် အတိအလင်းခွင့်ပြုထားပြီး ယင်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီမှအပ ကုမ္ပဏီတွင် အခြားပါဝင်သူများ၏ ကြိုတင်သဘောတူညီမှုရှိခဲ့လျှင် လက်အောက်ခံကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလဒ် မရှိစေကာမူ ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီအတွက် အကောင်းဆုံးအကျိုးရလဒ်များရှိသည်ဟု ၎င်းတို့ယုံကြည်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(ဃ) အစုရှယ်ယာရှင်များအကြား ဖက်စပ်လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဖက်စပ်လုပ်ငန်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထိုသို့လိုက်နာ ဆောင်ရွက်ရန်အတိအလင်းခွင့်ပြုထားလျှင် ကုမ္ပဏီအတွက် အကောင်းဆုံးအကျိုးရလဒ် မရှိစေကာမူ အစုရှယ်ယာရှင်တစ်ဦး သို့မဟုတ် အစုရှယ်ယာရှင်များအတွက် အကောင်းဆုံးအကျိုးရလဒ်များရှိသည်ဟု ၎င်းတို့ ယုံကြည်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(င) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၁)အရ တာဝန်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အခွင့်အာဏာများကို ကျင့်သုံးခြင်းနှင့် ၎င်းတို့တာဝန်များကို ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သည့်အခါ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးသည် အောက်ပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) အောက်ပါတို့အပေါ် အကျိုးသက်ရောက်ခြင်း အပါအဝင် ဆုံးဖြတ်ချက်ကြောင့် ကာလရှည်ဖြစ်ပေါ်မည့် အကျိုးဆက်များ -

(ကက) ကုမ္ပဏီ၏ ဝန်ထမ်းများ၊

(ခခ) ကုမ္ပဏီ၏စီးပွားရေးအရ ဆက်သွယ် ဆောင်ရွက်နေမှုများတွင် ကုမ္ပဏီ၏ ဝန်ဆောင်မှုများကိုသုံးစွဲနေသူများနှင့် ကုမ္ပဏီသို့ ပစ္စည်းပေးသွင်းနေသူများ၊

(ဂဂ) သဘာဝပတ်ဝန်းကျင်၊

(ဃဃ) ကုမ္ပဏီ၏ ဂုဏ်သိက္ခာ။

(၂) ကုမ္ပဏီတွင်ပါဝင်သူများအကြား တရားမျှတစွာ ဆောင်ရွက်ရန် လိုအပ်သည်များ။

**ရာထူးနေရာကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့်တာဝန်**

၁၆၇။ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ၎င်းတို့၏ ရာထူးနေရာအား အောက်ပါကိစ္စရပ်များအတွက် မလျော်မကန် အသုံးပြုခြင်းမရှိစေရ -

(က) မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း အကျိုးတစ်စုံတစ်ရာရရှိစေရန် သို့မဟုတ်

(ခ) ကုမ္ပဏီအား အကျိုးထိခိုက်နစ်နာစေရန်။

**သတင်းအချက်အလက်များကို အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့်တာဝန်**

၁၆၈။ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးအနေဖြင့် ၎င်းတို့ လက်ခံရရှိထားသော သတင်းအချက်အလက်များကို အောက်ပါကိစ္စရပ်များအတွက် မလျော်မကန်အသုံးပြုခြင်းမရှိစေရ-

(က) မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း အကျိုးတစ်စုံတစ်ရာရရှိစေရန် သို့မဟုတ်

(ခ) ကုမ္ပဏီအား အကျိုးထိခိုက်နစ်နာစေရန်။

**ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အား လိုက်နာရန်တာဝန်**

၁၆၉။ ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အား ဆန့်ကျင်သော နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်းမပြုရ သို့မဟုတ် ကုမ္ပဏီတွင်ထိုသို့ ဆန့်ကျင်လျက်ဆောင်ရွက်မည်ဟု သဘောတူလက်ခံခြင်း မပြုရ။

**ကျိုးကြောင်းစဉ်းစားမှုမပြုဘဲကုန်သွယ်ခြင်းမှ ရှောင်ကြဉ်ရန်တာဝန်**

၁၇၀။ ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးသည် ကုမ္ပဏီ၏စီးပွားရေး လုပ်ငန်းအား ဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ မြီရှင်များအတွက် ကြီးမားသည့် ဆုံးရှုံးမှုကို ဖြစ်ပေါ်စေမည့် နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ်ဆောင်ရွက်ရန် သဘောတူခြင်းကို မပြုလုပ်ရ သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်မပြုရ။

**တာဝန်များရယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့်တာဝန်**

၁၇၁။ ကုမ္ပဏီသည် တာဝန်တစ်ရပ်ရပ်ကို လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီက ဆောင်ရွက်နိုင်သည်ဟု သင့်လျော်သော အကြောင်းများရှိကြောင်း ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးက ယုံကြည်ခြင်း မရှိလျှင် ၎င်းသည် ကုမ္ပဏီမှဆောင်ရွက်ပေးရမည့် တာဝန်တစ်ရပ်ရပ်ကို သဘောတူလက်ခံခြင်း မပြုရ။

**အချို့သော အကျိုးခံစားခွင့်များကို ထုတ်ဖော်ပြောဆိုရမည့်တာဝန်**

၁၇၂။ (က) ကုမ္ပဏီ၏လုပ်ငန်းကိစ္စများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ်ပါရှိသော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် အောက်ပါ အကြောင်းအရာများအပြင် ယင်း၏ အကျိုးခံစားခွင့်နှင့်စပ်လျဉ်းသည့်ကိစ္စများအတွက် အကြောင်းကြားစာကို အခြားဒါရိုက်တာများထံသို့ ပေးပို့ရမည် -

(၁) အကျိုးခံစားခွင့်သည် -

(ကက) ဒါရိုက်တာမှာ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဖြစ်ပြီး အခြားပါဝင်သူများနှင့် အလားတူ ပိုင်ဆိုင်မှုကြောင့် ရရှိခြင်း၊

(ခခ) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ် ဒါရိုက်တာ လုပ်အားခနှင့်စပ်လျဉ်း၍ ရရှိခြင်း၊

(ဂဂ) ကုမ္ပဏီတွင်ပါဝင်သူများ၏ အတည်ပြုချက်လိုအပ်ပြီး ကုမ္ပဏီတွင် ပါဝင်သူများက အတည်မပြုခဲ့လျှင် ကုမ္ပဏီအပေါ် တာဝန်တစ်ရပ်ရပ် မဖြစ်ပေါ်စေမည့် ကုမ္ပဏီက ပါဝင်ချုပ်ဆိုရန် အဆိုပြုထားသည့် ပဋိညာဉ် တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း၊

(ဃဃ) ဒါရိုက်တာက အာမခံသူဖြစ်ခြင်း သို့မဟုတ် ၎င်းအား ကုမ္ပဏီကရယူသည့် ချေးငွေ သို့မဟုတ် အဆိုပြုထားသောချေးငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသအတွက် လျော်ကြေးငွေ တစ်ရပ်ရပ် သို့မဟုတ် အာမခံချက် တစ်ရပ်ရပ်ပေးခြင်းကြောင့် ဖြစ်ပေါ်လာခြင်း၊

(ငင) ပုဒ်မခွဲငယ်စိတ် (ဃဃ) တွင် ဖော်ပြထားသည့် အာမခံချက် သို့မဟုတ် လျော်ကြေးငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဒါရိုက်တာသည် အစားထိုးဆောင်ရွက်နိုင်ခွင့် (right of subrogation) ရှိခြင်းကြောင့် ဖြစ်ပေါ်လာခြင်း၊

(စစ) ကုမ္ပဏီကိုဖြစ်စေ၊ ဆက်စပ်သည့်အဖွဲ့အစည်းကို ဖြစ်စေ အာမခံချက်ပေးသူအဖြစ် ဆောင်ရွက်စေခြင်းမရှိစေဘဲ ကုမ္ပဏီ၏ အရာရှိတစ်ဦးအဖြစ် ဒါရိုက်တာက ဆောင်ရွက်ပေးရသော တာဝန်ရှိမှုများအပေါ် အာမခံစေသော သို့မဟုတ် အာမခံစေမည်ဖြစ်သော ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာခြင်း၊

(ဆဆ) ပုဒ်မ ၁၈၁ အရ ခွင့်ပြုထားသောလျော်ကြေးငွေ သို့မဟုတ် အဆိုပါ လျော်ကြေးငွေနှင့် သက်ဆိုင်သည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းက ငွေပေးချေမှုတစ်ရပ်ရပ်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာခြင်း၊

(ဇဇ) ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုနှင့်ဖြစ်စေ၊ ထိုအဖွဲ့အစည်း၏အကျိုးအတွက် ဖြစ်စေ၊ သို့မဟုတ် ထိုအဖွဲ့အစည်း၏ကိုယ်စားဖြစ်စေ ချုပ်ဆိုသော သို့မဟုတ် ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ်တွင်ပါရှိပြီး ဒါရိုက်တာသည် ဆက်စပ်သည့်အဖွဲ့အစည်း၏ ဒါရိုက်တာဖြစ်သော အကြောင်းကြောင့် ဖြစ်ပေါ်လာခြင်း။

(၂) ဒါရိုက်တာသည် အကျိုးခံစားခွင့်၏ အခြေအနေ၊ အတိုင်းအတာပမာဏနှင့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများတွင် ယင်း၏ သက်ဆိုင်မှုတို့နှင့်စပ်လျဉ်းသော အကြောင်းကြားစာကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးပို့ ဆောင်ရွက်ပြီးဖြစ်သည့် အပြင် ထိုအကြောင်းကြားစာမှာ ဆက်လက်အကျိုးသက်ရောက်နေခြင်း၊ သို့မဟုတ်

(၃) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးသာရှိပြီး အဆိုပါဒါရိုက်တာ၊ ၎င်းနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များသာလျှင်ဖြစ်ခြင်း၊ တစ်ဦးတည်း ဒါရိုက်တာရှိသည့် ကုမ္ပဏီတွင် အခြားအစုရှယ်ယာရှင်ရှိခဲ့လျှင် ပုဒ်မခွဲ (က) အရ ပေးပို့ရန်လိုအပ်သည့် အကြောင်းကြားစာကို ထိုအစုရှယ်ယာရှင်များထံသို့ ပေးပို့ရမည်။

(ခ) အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့် အကြောင်းကြားစာကို လိုအပ်သည့် အချိန်တိုင်းတွင် ပေးပို့နိုင်သည် သို့မဟုတ် ပေါ်ပေါက်လာသည့်ကိစ္စရပ်တွင် အကျိုးခံစားခွင့်ပါရှိသော ကုမ္ပဏီ၏ ဒါရိုက်တာသည် အခြားဒါရိုက်တာများထံသို့ အကျိုးခံစားခွင့်၏ အခြေအနေနှင့် အတိုင်းအတာ ပမာဏတို့နှင့် သက်ဆိုင်သော တည်မြဲအကြောင်းကြားစာ (standing notice) ကို ပေးပို့နိုင်သည်။

(ဂ) အကြောင်းကြားစာ ပေးပို့သည့်အချိန်တွင် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့် သက်ဆိုင်သော ကိစ္စရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တည်မြဲအကြောင်းကြားစာကို မည်သည့်အချိန်တွင်မဆို ပေးပို့နိုင်သည်။ သို့ရာတွင် ဒါရိုက်တာအဖွဲ့တွင် ဒါရိုက်တာအသစ်တစ်ဦးအား ခန့်ထားပါက ယခင်က ပေးပို့ထားသော တည်မြဲအကြောင်းကြားစာများကို အသစ်ဖွဲ့စည်းထားသော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးတွင် ပြန်လည်တင်ပြရမည်။

(ဃ) အကြောင်းကြားစာတွင် ဖော်ပြထားသော အကျိုးခံစားခွင့်၏ အခြေအနေ သို့မဟုတ် အတိုင်းအတာပမာဏမှာ သိသာစွာ တိုးမြင့်လာလျှင် အဆိုပါတည်မြဲအကြောင်းကြားစာ၏ အကျိုးသက်ရောက်မှုမှာ ရပ်စဲသည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးပို့ထားသော အကြောင်းကြားစာတစ်ရပ်ရပ်သည် -

(၁) အကျိုးခံစားခွင့်၏ အခြေအနေ၊ အတိုင်းအတာ ပမာဏတို့နှင့် သက်ဆိုင်သော အချက်အလက်အသေးစိတ်ကို ဖော်ပြပါရှိစေရမည်။ ၎င်းအပြင်

(၂) ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ပေးပို့တင်ပြရမည်ဖြစ်ပြီး မှတ်တမ်းများတွင် စာရင်းရေးသွင်းထားရမည်။

(စ) ဒါရိုက်တာတစ်ဦးဦးက ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက် ဆောင်ရွက်ခြင်းများသည် မည်သည့်ဆောင်ရွက်ချက်၊ လုပ်ငန်းဆောင်ရွက်မှု၊ သဘောတူညီချက်၊ စာချုပ်စာတမ်း၊ ဆုံးဖြတ်ချက် သို့မဟုတ် အခြားကိစ္စရပ်များ၏ တရားဝင်အတည်ဖြစ်မှုကို ထိခိုက်စေခြင်း မရှိစေရ။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအပြင် အကျိုးစီးပွားဆန့်ကျင်ခြင်းနှင့် သက်ဆိုင်သောဥပဒေတစ်ရပ်ရပ်နှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

## ဒါရိုက်တာများအား ခန့်အပ်ခြင်း၊ ၎င်းတို့၏အခကြေးငွေနှင့် ခန့်အပ်မှုအား ရပ်စဲခြင်း

**ဒါရိုက်တာများအား ခန့်အပ်ခြင်း**

၁၇၃။ (က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိခြင်းမရှိလျှင် ယင်း၏ အခြားစည်းမျဉ်းစည်းကမ်းများနှင့်အညီ -

(၁) ကုမ္ပဏီ၏ ပထမဦးဆုံးဒါရိုက်တာများမှာ ဤဥပဒေ၏ အပိုင်း(၂) အရ ပြုလုပ်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုအတွက် လျှောက်လွှာတွင် အမည်စာရင်း ဖော်ပြထားသော ပုဂ္ဂိုလ်များ ဖြစ်သည်။

(၂) ယင်းနောက်ပိုင်းတွင် ကုမ္ပဏီ၏ဒါရိုက်တာများကို အထွေထွေအစည်းအဝေး၌ သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ကုမ္ပဏီတွင်ပါဝင်သူများက ခန့်အပ်ရမည်။ ၎င်းအပြင်

(၃) ဒါရိုက်တာများအနက် ရုတ်တရက် လစ်လပ်သွားသော ဒါရိုက်တာနေရာတွင် အဆိုပါ ဒါရိုက်တာများသည်အစည်းအဝေးအထမြောက်စေမည့် အရေအတွက်တွင် မပါဝင်သော်လည်း ထိုသို့လစ်လပ်သွားသော နေရာအတွက် ဒါရိုက်တာများက ဖြည့်စွက်ခန့်ထားရမည်။ သို့သော် ထိုသို့ခန့်အပ်ခံရသူအတွက် အဆိုပါ ခန့်အပ်မှုကို ပြုလုပ်ပြီးနောက်တွင် ကျင်းပသည့် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ ကုမ္ပဏီတွင် ပါဝင်သူများ၏ အတည်ပြုချက်ကိုရယူရမည်။ အဆိုပါ အစည်းအဝေးအား ခန့်အပ်မှုပြုလုပ်ပြီး နောက်ခြောက်လအတွင်း ခေါ်ယူကျင်းပရမည်။

(ခ) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်နှင့်အညီ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတစ်ရပ်စီ၌ ဒါရိုက်တာဦးရေ စုစုပေါင်း၏ သုံးပုံတစ်ပုံ သို့မဟုတ် သုံးပုံတစ်ပုံနှင့် အနီးစပ်ဆုံးဖြစ်သည့် အရေအတွက်သည် ရာထူးမှအငြိမ်းစားယူရမည်။ အစည်းအဝေး တစ်ရပ်ရပ်တွင် အငြိမ်းစားယူရမည့် ဒါရိုက်တာများသည် နောက်ဆုံးရွေးကောက်တင်မြှောက်ထားသည့် အချိန်မှစ၍ ရာထူးနေရာတွင် သက်တမ်းအကြာဆုံး ထမ်းဆောင်ပြီးသူများဖြစ်ရမည်။ သို့သော် တစ်နေ့တည်းတွင် ဒါရိုက်တာများအဖြစ် ရွေးချယ်ခံခဲ့ရသူများအကြား အနားယူရမည့်သူကို ရွေးချယ်ရာတွင် ဥက္ကဋ္ဌက ဆုံးဖြတ်ရမည်။

(ဂ) ဒါရိုက်တာတစ်ဦးကို ခန့်အပ်နိုင်ရန်အတွက် အထွေထွေအစည်းအဝေး၌ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်တွင် အဆိုပြုထားသည့် ဒါရိုက်တာတစ်ဦးကိုသာလျှင် ဖော်ပြနိုင်မည်ဖြစ်သည်။ သို့သော် အခြားဒါရိုက်တာများ ခန့်ထားရန် သီးခြားဆုံးဖြတ်ချက်များကို အစည်းအဝေး တစ်ရပ်တည်း၌ ချမှတ်နိုင်သည်။

(ဃ) ဒါရိုက်တာများသည် ယင်းတို့အနက်မှ ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများကို ကာလတစ်ရပ်အတွက် ဒါရိုက်တာများက သင့်သည်ထင်မြင်သော စည်းကမ်းချက်များဖြင့် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ (managing director) အဖြစ် ခန့်အပ်နိုင်သည်။ ထိုသူသည် ဒါရိုက်တာတစ်ဦးအဖြစ်မှရပ်စဲလျှင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ်မှ ရပ်စဲရမည်။

(င) အခြားဒါရိုက်တာများ၏ အတည်ပြုချက်ဖြင့် ဒါရိုက်တာတစ်ဦးသည် သတ်မှတ်ထားသော ကာလတစ်ရပ်အတွက် ထိုဒါရိုက်တာ၏ လုပ်ပိုင်ခွင့် အချို့ကိုဖြစ်စေ သို့မဟုတ် အားလုံးကို ဖြစ်စေ ကျင့်သုံးစေရန် အခြားသူတစ်ဦးကို ခန့်အပ်နိုင်သည်။ အဆိုပါ အလှည့်ကျ ဒါရိုက်တာအဖြစ် ခန့်အပ်ခံရသူသည် ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ဒါရိုက်တာကကျင့်သုံးဆောင်ရွက်သကဲ့သို့ အကျိုးသက်ရောက်စေရမည်။ ခန့်အပ်မှုအား စာဖြင့် ရေးသား ဆောင်ရွက်ရမည်ဖြစ်ပြီး ကုမ္ပဏီသို့ ပေးပို့တင်ပြရမည်။ ခန့်အပ်မှုအား ထိုသို့ခန့်အပ်သည့် ဒါရိုက်တာက မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။ **စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(စ) အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏တစ်ဦးတည်းသော ဒါရိုက်တာလည်းဖြစ်သော၊ တစ်ဦးတည်းသော အစုရှယ်ယာရှင်လည်းဖြစ်သော ဒါရိုက်တာသည် စာဖြင့် ရေးသားချမှတ်သည့် ဆုံးဖြတ်ချက်ဖြင့် အခြားဒါရိုက်တာတစ်ဦးကို ခန့်အပ်နိုင်သည်။

(ဆ) ကုမ္ပဏီတစ်ခု၏ တစ်ဦးတည်းသော ဒါရိုက်တာလည်းဖြစ်သော၊ တစ်ဦးတည်းသော အစုရှယ်ယာရှင်လည်းဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦး သေဆုံးခြင်း သို့မဟုတ် မသန်စွမ်းသူ တစ်ဦးဖြစ်လာခြင်း ရှိခဲ့လျှင် ထိုပုဂ္ဂိုလ်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်စားလှယ်သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူသည် ပုဂ္ဂိုလ်တစ်ဦးဦးအား ကုမ္ပဏီ၏ ဒါရိုက်တာအဖြစ် ခန့်အပ်နိုင်သည်။

(ဇ) ကုမ္ပဏီတွင် ဒါရိုက်တာများမရှိခဲ့လျှင် သို့မဟုတ် ဒါရိုက်တာဦးရေသည် ဒါရိုက်တာ အစည်းအဝေးတစ်ရပ် ကျင်းပရာတွင် အထမြောက်စေရန် သတ်မှတ်ထားသည့် အနည်းဆုံး ဦးရေမပြည့်မီခဲ့လျှင် ဤဥပဒေပါပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းများနှင့်အညီ ဒါရိုက်တာများကို ခန့်ထားရန် မဖြစ်နိုင်လျှင် သို့မဟုတ် ဆောင်ရွက်၍ မရခဲ့လျှင် အစုရှယ်ယာရှင်တစ်ဦး သို့မဟုတ် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအတွက် ဒါရိုက်တာ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများကို ခန့်ထားပေးစေရန်အတွက် တရားရုံးသို့ လျှောက်ထားတင်ပြနိုင်သည်။ တရားရုံးသည် ကုမ္ပဏီ၏အကျိုးအတွက် ထိုသို့ခန့်အပ်ရန် ဆုံးဖြတ်လျှင် ထိုခန့်အပ်မှုအား ပြုလုပ်နိုင်ပြီး ထိုသို့ ခန့်အပ်မှုတစ်ရပ်ရပ်ကို တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည်။

**ဒါရိုက်တာများကို ဖယ်ရှားခြင်း**

၁၇၄။ကုမ္ပဏီတစ်ခုသည် ဒါရိုက်တာတစ်ဦးဦးအား ဖယ်ရှားရန် ရည်ရွယ်ချက်ဖြင့် ခေါ်ယူကျင်းပသည့် အထွေထွေအစည်းအဝေး၌ သာမန်ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ဖြစ်စေ၊ ဤဥပဒေနှင့်အညီ စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ဖြစ်စေ ဒါရိုက်တာတစ်ဦးဦးကို ဖယ်ရှားနိုင်သည်။

**ဒါရိုက်တာ၏ အရည်အချင်းများ**

၁၇၅။(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသော အစုရှယ်ယာများကို ပိုင်ဆိုင်ရန် လိုအပ်ပြီး ထိုသို့သတ်မှတ်ချက်နှင့် မပြည့်စုံသေးသော ဒါရိုက်တာ အားလုံးသည် ၎င်းအားဒါရိုက်တာအဖြစ် ခန့်အပ်သည့်နေ့မှ နှစ်လအတွင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအရ သတ်မှတ်နိုင်သည့် ပိုမိုတိုတောင်းသော ကာလအတွင်း အဆိုပါသတ်မှတ်ချက်နှင့်ကိုက်ညီစေရန် ဆောင်ရွက်ရမည့် တာဝန်ရှိသည်။

(ခ) အနည်းဆုံး အသက် ၁၈ နှစ်ပြည့်ပြီးသည့် လူပုဂ္ဂိုလ်ကိုသာလျှင် ဒါရိုက်တာတစ်ဦးအဖြစ် ခန့်ထားရမည်။

(ဂ) ဒါရိုက်တာသည် စိတ်ပေါ့သွပ်သောသူ မဖြစ်စေရ။

(ဃ) ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ရန် တားမြစ်ထားခြင်းခံရသူတစ်ဦးသည် ထိုသို့တားမြစ်ထားသည့် အချိန်ကာလအတွင်း ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ခြင်းမပြုနိုင်။

(င) လူမွဲအဖြစ်ခံယူထားသူတစ်ဦးသည် ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ခြင်းမပြုနိုင်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ကုမ္ပဏီက ထည့်သွင်းသတ်မှတ်နိုင်သော သီးခြား အရည်အချင်းများကို ထိခိုက်စေခြင်း မရှိစေရ၊ သို့သော်ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သောအရည်အချင်းတစ်ရပ်ရပ်နှင့် မဆန့်ကျင်သရွေ့အတည်ဖြစ်စေရမည်။

(ဆ) ဒါရိုက်တာတစ်ဦးအဖြစ် ၎င်းအားခန့်အပ်ရာတွင် အရည်အချင်း တစ်ရပ်ရပ်နှင့် ပြည့်စုံမှု မရှိဟုဆိုစေကာမူ ယင်းတာဝန်တွင် ထမ်းဆောင်သူသည် ဤဥပဒေအရဖြစ်စေ၊ အခြား သက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်ထားသည့် ဒါရိုက်တာ တစ်ဦး၏ တာဝန်ဝတ္တရားများကို ဖောက်ဖျက်ခြင်းအတွက် တာဝန်ရှိသည်ဟု သတ်မှတ်နိုင်သည်။

(ဇ) မှတ်ပုံတင်အရာရှိသည် သီးခြားလွတ်လပ်သော ဒါရိုက်တာ၏ အရည်အချင်း၊ လုပ်ပိုင်ခွင့်၊ တာဝန်များနှင့်ပတ်သက်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

**ဒါရိုက်တာများ၏ ဆောင်ရွက်မှုများသည် တရားဝင်အတည်ဖြစ်ခြင်း**

၁၇၆။ဒါရိုက်တာတစ်ဦး၏ ဆောင်ရွက်မှုများသည် ၎င်းအား ခန့်အပ်ပြီးနောက်ပိုင်း ချို့ယွင်းချက် တစ်ခုခုတွေ့ရှိခြင်း သို့မဟုတ် ဤဥပဒေအရဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ ဒါရိုက်တာအဖြစ် ခန့်အပ်ရန် သတ်မှတ်ထားသည့် အရည်အချင်း တစ်ရပ်ရပ်နှင့် မညီညွတ်စေကာမူ တရားဝင်အတည်ဖြစ်စေရမည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးအား ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းသည် တရားဝင် အတည်ဖြစ်ခဲ့သော်လည်း တရားဝင်မဟုတ်သော ဆောင်ရွက်မှုတစ်ရပ်ရပ်ကို တရားဝင်အတည်ဖြစ်စေသည်ဟု ဤပုဒ်မတွင်ပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ မှတ်ယူခြင်းမရှိစေရ။

**ဒါရိုက်တာများ၏ လုပ်ငန်းများကို လွှဲပြောင်းခြင်း**

၁၇၇။မည်သည့်ကုမ္ပဏီတွင်မဆို ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအား ယင်း၏ လုပ်ငန်းကို အခြားသူတစ်ဦးဦးသို့ လုပ်ပိုင်ခွင့်လွှဲအပ်နိုင်ရေးအတွက် စည်းကမ်းချက်များကို ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင်ဖြစ်စေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ကုမ္ပဏီအကြားချုပ်ဆိုခဲ့သော သဘောတူစာချုပ်ဖြင့်ဖြစ်စေ သတ်မှတ်ခဲ့လျှင် အဆိုပါစည်းကမ်းချက်နှင့်အညီ ပြုလုပ်သည့် လုပ်ငန်းလွှဲအပ်ခြင်းသည် တစ်စုံတစ်ရာနှင့်ဆန့်ကျင်စေကာမူ ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်ဖြင့် အတည်မပြုမီကာလအထိ အကျိုးသက်ရောက်ခြင်း မရှိစေရ။ သို့ရာတွင် ဒါရိုက်တာတစ်ဦးသည် ၎င်းအနေဖြင့် လုပ်ငန်းမဆောင်ရွက်နိုင်သည့်ကာလအတွင်း အလှည့်ကျ ဒါရိုက်တာတစ်ဦးကို ခန့်အပ်ရန်အတွက် လုပ်ပိုင်ခွင့်အား ကျင့်သုံးခြင်းကို ဤပုဒ်မ၏ အဓိပ္ပာယ်ဖော်ပြချက်အတွင်း လုပ်ငန်းလွှဲပြောင်းခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။ ထို့အပြင် အဆိုပါ အလှည့်ကျ ဒါရိုက်တာသည် ယင်းအားခန့်အပ်သောသူက လုပ်ငန်းဆောင်ရွက်နေသည့် ကာလများတွင် ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်းမပြုရ။

**ဒါရိုက်တာ၏ ရာထူးနေရာ ရပ်နားရခြင်း**

၁၇၈။(က) ဒါရိုက်တာတစ်ဦး၏ ရာထူးနေရာတွင် အောက်ပါကိစ္စတစ်ရပ်ရပ် ဖြစ်ပေါ်လာခဲ့လျှင် ရပ်နားရမည် -

(၁) ဒါရိုက်တာအဖြစ် ခန့်အပ်နိုင်ရေးအတွက် လိုအပ်သော အစုရှယ်ယာပိုင်ဆိုင်မှု သတ်မှတ်ချက်ရှိပါက ပုဒ်မ ၁၇၅၊ ပုဒ်မခွဲ (က) တွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကာလနောက်ပိုင်းကာလတစ်ရပ်ရပ်တွင် ထားရှိရန် ပျက်ကွက်ခဲ့လျှင်၊

(၂) စီရင်ပိုင်ခွင့် အာဏာရှိသော တရားရုံးတစ်ခုခုက စိတ်ပေါ့သွပ်သောသူဖြစ်ကြောင်း တွေ့ရှိခဲ့လျှင်၊

(၃) ဒေဝါလီခံရကြောင်း သို့မဟုတ် လူမွဲဖြစ်ကြောင်းဆုံးဖြတ်ခြင်းခံရလျှင်၊

(၄) အစုရှယ်ယာများအတွက် ငွေပေးချေရန် တောင်းခေါ်မှု ပြုလုပ်သည့်နေ့မှ ခြောက်လအတွင်း ဒါရိုက်တာများ ပိုင်ဆိုင်ထားသည့် အစုရှယ်ယာများနှင့်စပ်လျဉ်း၍ ၎င်းတို့အပေါ် တောင်းဆိုသည့်ငွေအား ပေးချေရန် ပျက်ကွက်လျှင်၊

(၅) တစ်ဆက်တစ်စပ်တည်း ပြုလုပ်သော ဒါရိုက်တာများအစည်းအဝေးသုံးရပ် သို့မဟုတ် တစ်ဆက်တစ်စပ်တည်းဖြစ်သော ပြက္ခဒိန်လ သုံးလ၊ ယင်းတို့အနက် ပိုမိုကြာမြင့်သည့် ကာလ အတွင်း ကျင်းပပြုလုပ်သော ဒါရိုက်တာများ အစည်းအဝေး အားလုံးသို့ ဒါရိုက်တာအဖွဲ့ထံမှ ခွင့်ယူခြင်းမရှိဘဲ သို့မဟုတ် အလှည့်ကျဒါရိုက်တာအား ခန့်အပ်ခြင်းမပြုဘဲ တက်ရောက်ရန် ပျက်ကွက်လျှင်၊

(၆) ကုမ္ပဏီသို့ စာဖြင့်ရေးသားအကြောင်းကြား၍ ဒါရိုက်တာအဖြစ် ၎င်း၏ ရာထူးနေရာမှ နုတ်ထွက်လျှင်၊

(၇) သေဆုံးခဲ့လျှင်၊

(၈) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ လုပ်ငန်းမှ ဖယ်ရှားခြင်းခံရလျှင်၊

(၉) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြထားသော ဒါရိုက်တာရာထူးနေရာအတွက် လိုအပ်သည့် အရည်အချင်း တစ်ရပ်ရပ်ကို ရရှိရန် သို့မဟုတ် ညီညွတ်ရန် ပျက်ကွက်လျှင်။

(ခ) ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ဒါရိုက်တာ၏ လုပ်ငန်းကို ဤပုဒ်မတွင် သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်များအပြင် အခြားအကြောင်းများကြောင့် ဖယ်ရှားခံရမည်ဟု ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိစေရန်အတွက် ကုမ္ပဏီက ဆောင်ရွက်နိုင်ခြင်းကို ပိတ်ပင်ထားခြင်း မရှိစေရ။

**အတွင်းရေးမှူးများ**

၁၇၉။(က) အတွင်းရေးမှူးတစ်ဦးကို ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် ခန့်အပ်နိုင်သည်။

(ခ) အနည်းဆုံး အသက် ၁၈ နှစ်ပြည့်ပြီးသည့် လူပုဂ္ဂိုလ်ကိုသာလျှင် အတွင်းရေးမှူးတစ်ဦးအဖြစ် ခန့်ထားရမည်။

(ဂ) အတွင်းရေးမှူးသည် စိတ်ပေါ့သွပ်သောသူ မဖြစ်စေရ။

(ဃ) ဤဥပဒေအရဖြစ်စေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ ဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် အရာရှိတစ်ဦးအဖြစ် ဆောင်ရွက်ရန် တားမြစ်ထားခြင်း ခံရသူ တစ်ဦးသည် ထိုသို့ တားမြစ်ထားသည့် အချိန်ကာလအတွင်း အတွင်းရေးမှူး တစ်ဦးအဖြစ် ဆောင်ရွက်ခြင်း မပြုနိုင်။

(င) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ကုမ္ပဏီက ထည့်သွင်းသတ်မှတ်နိုင်သော အတွင်းရေးမှူးတစ်ဦးတွင်ရှိရမည့် သီးခြားအရည်အချင်းများကို ထိခိုက်စေ ခြင်းမရှိစေရ၊ သို့သော် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် သတ်မှတ် ထားသည့် စည်းကမ်းချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော အရည်အချင်းတစ်ရပ်ရပ်နှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

(စ) အတွင်းရေးမှူးတစ်ဦး၏ ဆောင်ရွက်မှုများသည် ၎င်းတို့အား ခန့်အပ်ပြီးနောက်ပိုင်း ချို့ယွင်းချက်တစ်ခုခု တွေ့ရှိခြင်း သို့မဟုတ် ဤဥပဒေအရဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင်ဖြစ်စေ ၎င်းတို့အား ခန့်အပ်ရန် သတ်မှတ်ထားသည့် အရည်အချင်း တစ်ရပ်ရပ်နှင့် မညီညွတ်စေကာမူ တရားဝင် အတည်ဖြစ်စေရမည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးအား ဒါရိုက်တာ အဖြစ် ခန့်အပ်ခြင်းသည် တရားဝင်အတည်ဖြစ်ခဲ့သော်လည်း တရားဝင်မဟုတ်သော ဆောင်ရွက်မှုတစ်ရပ်ရပ်ကို တရားဝင် အတည်ဖြစ်စေသည်ဟု ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်း ချက်ကမျှ မှတ်ယူခြင်းမရှိစေရ။

**လျော်ကြေးငွေ၊ အာမခံ၊ တာဝန်ရှိမှုမှ သက်သာခွင့်များနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များနှင့် အကန့်အသတ်မရှိသော တာဝန်ရှိမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ**

**ဒါရိုက်တာများ၊ အရာရှိများနှင့်စာရင်းစစ်များ၏ တာဝန်ရှိမှုမှ ကင်းလွတ်ခွင့်ပြုနိုင်သော ပြဋ္ဌာန်းချက်များကို ရှောင်ရှားခြင်း**

၁၈၀။ဤအခန်းတွင် ပြဋ္ဌာန်းပါရှိသည်မှတစ်ပါး ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိကိုလည်းကောင်း၊ ကုမ္ပဏီ၏အရာရှိတစ်ဦးဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ စာရင်းစစ်အဖြစ်ခန့်အပ်ထားသော အခြားသူတစ်ဦးဦးကို လည်းကောင်း၊ ၎င်းတို့အပေါ် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်အရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ကုမ္ပဏီနှင့် အခြားနည်းဖြင့် ချုပ်ဆို ထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်တို့တွင် ဖော်ပြထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီနှင့် သက်ဆိုင်သော အပြစ်ရှိစေနိုင်မည့် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ တာဝန်ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်မှုတို့နှင့် စပ်လျဉ်း၍ ကုမ္ပဏီသို့ တာဝန်ရှိမှု တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့် ပြုနိုင်ရေးအတွက် ဖော်ပြထားသည့်ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည်ပျက်ပြယ်စေရမည်။

**လျော်ကြေးငွေများ**

၁၈၁။(က) ဤပုဒ်မတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်တစ်ဦးအဖြစ် ကျခံဆောင်ရွက်ပေးရန် ဖြစ်ပေါ်လာသည့် အောက်ပါတာဝန်ရှိမှု တစ်ရပ်ရပ်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား လျော်ကြေးမပေးရ -

(၁) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခုသို့ ဆောင်ရွက်ပေးရမည့် တာဝန်ရှိမှု တစ်ရပ်ရပ် သို့မဟုတ်

(၂) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခုမှအပ အခြားသူတစ်ဦးဦးသို့ ဆောင်ရွက်ပေးရမည်ဖြစ်ပြီး သဘောရိုးဖြင့် ဆောင်ရွက်ခြင်းမဟုတ်သည့် တာဝန်ရှိမှု တစ်ရပ်ရပ်။

(ခ) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်သည် အောက်ပါကိစ္စရပ်များအတွက် ကုန်ကျစရိတ်ကျခံခြင်းမှတစ်ပါး ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခုအား ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်တစ်ဦးအဖြစ် ကျခံဆောင်ရွက်ပေးရမည့် တာဝန်ရှိမှု တစ်ရပ်အတွက်တရားစွဲဆိုမှုကို ခုခံချေပရာတွင် ကုန်ကျသည့် တရားရုံးစရိတ်များအပေါ် တာဝန်ရှိမှုအတွက် လျော်ကြေးပေးခြင်းကို တားမြစ်ခြင်းမရှိစေရ -

(၁) ပုဒ်မခွဲ (က) အရ လျော်ကြေးမပေးရသော တာဝန်ရှိမှု တစ်ရပ်နှင့်စပ်လျဉ်းသော တရားစွဲဆိုမှုများတွင် ခုခံချေပခြင်း သို့မဟုတ်

(၂) အပြစ်ရှိသောသူပါဝင်သည့် ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများတွင် ခုခံချေပခြင်း သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိကဖြစ်စေ၊ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိကဖြစ်စေ တရားရုံး အမိန့်တစ်ရပ်ချမှတ်ရန်အတွက် စွဲဆိုသည့်အမှုများတွင် တရားရုံးက အမိန့်တစ်ရပ် ချမှတ်ရန် လိုအပ်ကြောင်း အထောက်အထားများရှိခဲ့လျှင် ထိုအမှုများကို ခုခံချေပခြင်း သို့မဟုတ်

(၄) ဤဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးကို သက်သာခွင့်ပြုရန်အတွက် တရားစွဲဆိုသော အမှုဖြစ်ပြီး တရားရုံးက ထိုသက်သာခွင့်ကို ငြင်းပယ်သည့်အမှုများနှင့်စပ်လျဉ်းခြင်း။

(ဂ) ပုဒ်မခွဲ (ခ) ပါကိစ္စရပ်များအတွက် တရားစွဲဆိုမှုတွင် အယူခံမှုများလည်း ပါဝင်သည်။

**အာမခံထားရှိခြင်း**

၁၈၂။(က) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အောက်ပါကိစ္စရပ်တစ်ခုခုကြောင့် ပေါ်ပေါက်လာသော တာဝန်ရှိမှုတစ်ရပ်အပေါ် တရားရုံးစရိတ်များအတွက် တာဝန်ရှိမှုမှအပ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်ဖြစ်သူအတွက် အာမခံပဋိညာဉ် တစ်ရပ်၏ ပရီမီယံကြေး (premium) ကို ပေးဆောင်ခြင်းမပြုရ သို့မဟုတ် ပေးဆောင်ရန်သဘောတူခြင်းမပြုရ -

(၁) ကုမ္ပဏီနှင့်သက်ဆိုင်သော တာဝန်တစ်ရပ်ရပ်ကို တမင်ဖောက်ဖျက်ခြင်းများ ပါဝင်သော ဆောင်ရွက်မှုများ ပြုလုပ်ခြင်း သို့မဟုတ်

(၂) ပုဒ်မ ၁၆၇ သို့မဟုတ် ပုဒ်မ ၁၆၈ ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်ခြင်း။

(ခ) အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) တွင် ရည်ညွှန်းသည့်တာဝန်ရှိမှု တစ်ရပ်မှအပ အခြားတာဝန်ရှိမှုကို ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခုသည် ပေးချေရန် သို့မဟုတ် ပေးချေရန် သဘောတူခြင်း၊ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်ဖြစ်သူအတွက် အာမခံ ပဋိညာဉ်တစ်ရပ်၏ ပရီမီယံကြေး (premium) ပေးဆောင်ခြင်းကို ပုဒ်မခွဲ (က) သည် တားမြစ်ခြင်းမရှိ။

**တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် ဒါရိုက်တာများ၌အကန့်အသတ် မရှိသော တာဝန်ရှိမှုများ ရှိနိုင်ခြင်း**

၁၈၃။ ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော အခြားပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်းမရှိစေဘဲ ဤဥပဒေ စတင်အာဏာသက်ရောက်ခြင်းမရှိမီက ဖွဲ့စည်း တည်ထောင်ခဲ့သည့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုတွင် ဤဥပဒေ စတင်အာဏာ သက်ရောက်ခြင်းမရှိမီက ခန့်အပ်ထားသော ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာတစ်ဦးဦး၏ တာဝန်ရှိမှုများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ထိုသို့အကန့်အသတ်မရှိကြောင်း သတ်မှတ်ဖော်ပြထားလျှင် အကန့်အသတ်မရှိ ထားရှိနိုင်သည်။

ဆက်လက်ဖော်ပြပါမည်။

# ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း သုံးနှစ်ပြည့်အခမ်းအနား ကျင်းပ

**ပုသိမ်ကြီး ဒီဇင်ဘာ ၂၆**
မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ထုံးဘိုကျေးရွာအုပ်စု ကြူဝန်းကျေးရွာရှိ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း သုံးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားနှင့် လုပ်ငန်းများ ပြန်လည်သုံးသပ်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်း ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာစိုးသန်းတို့ တက်ရောက်အားပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းကျောင်း၏ဆောင်ရွက်ချက်များကို စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ရှင်းလင်းတင်ပြပြီး ကိုရီးယားသမ္မတနိုင်ငံ KOICA အဖွဲ့အစည်းမှ စိုက်ပျိုးရေးပညာ အကြံပေးပညာရှင် Mr.Son Tae Mon က ကျေးဇူးတင်စကားပြောကြားပြီး ရိတ်သိမ်းချိန်လွန်နည်းပညာဆောင်းပါးများ ရေးသားခဲ့သည့်ဆောင်းပါးရှင်ဆရာ ဆရာမများအား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်များသည် သင်တန်းကျောင်းအတွင်းရှိ သီးနှံထုပ်ပိုးစက်ရုံ၊ သင်တန်းပို့ချသည့်ခန်းမ၊ အရည်အသွေးစစ်ဆေးသည့်ဓာတ်ခွဲခန်းများနှင့် လုပ်ငန်းသုံးဓာတ်ခွဲပစ္စည်းများ၊သင်တန်းကျောင်းမှထုတ်လုပ်သော စားသောက်ကုန်သီးနှံပစ္စည်းများ၊စိုက်ပျိုးရေးပညာပေးခင်းကျင်းပြသထားသော ပြခန်းများ၊ဓာတုကင်းလွတ်သီးနှံစိုက်ခင်းများအားကြည့်ရှုအားပေးသည်။

ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းသည် မြန်မာ-ကိုရီးယား ချစ်ကြည်ရင်းနှီးမှု အစီအစဉ်အရ KOICAထောက်ပံ့မှုဖြင့်ဖွင့်လှစ်ခဲ့ပြီးရက်တိုသင်တန်း ၇၄ ကြိမ်ဖွင့်လှစ်ပြီးစိုက်ပျိုး ထုတ်လုပ်သူတောင်သူ ၇၉၂ဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်း ၁၅၉၆ ဦးအား ရိတ်သိမ်းချိန်လွန်နည်းပညာများသင်ကြားပို့ချပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် စိုက်ပျိုးရေးပညာသင်တန်း ၃၂ ကြိမ်ဖွင့်လှစ်ကာ သင်တန်းသား ၁၁၀၀ ခန့်သင်ကြားပို့ချရန်စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**





# ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည့် ဝန်ဆောင်မှုပေးခြင်းနှင့် အပန်းဖြေခရီးစဉ်များရေးဆွဲရန် လိုအပ်

**မိတ္ထီလာ ဒီဇင်ဘာ ၂၆**
မိတ္ထီလာမြို့တွင်း ဟိုတယ်၊ မိုတယ်လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည့် ဝန်ဆောင်မှုပေးခြင်းနှင့် အပန်းဖြေ ခရီးစဉ်များရေးဆွဲရန် လိုအပ်ကြောင်း မြို့နယ်ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်မြင့်က ပြောသည်။

"မိတ္ထီလာမှာရှိတဲ့ ဟိုတယ်၊ မိုတယ်တွေကိုဝင်ရောက်တဲ့ နိုင်ငံခြားခရီးသွားဧည့်သည်က တကူးတကလာရောက်ပြီး တည်းခိုနေထိုင်တာမျိုးက မရှိသလောက်ရှားတယ်၊ ပုဂံ ညောင်ဦး၊ တောင်ကြီး-အင်းလေး၊ နေပြည်တော်၊ မန္တလေး စတဲ့ဒေသတွေကို သွားလာရင်း ဝင်ရောက်တည်းခိုနေထိုင်တာမျိုးပဲ ရှိတာများတယ်၊ မိတ္ထီလာမှာ နိုင်ငံခြားခရီးသွားဧည့်သည်တင်မကဘဲ ပြည်တွင်းခရီးသွားဧည့်သည်တွေလည်း ဝင်ရောက်တည်းခိုနေထိုင်လာချင်ပြီး ဟိုတယ် မိုတယ်လုပ်ငန်းတွေ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေဖို့ သူတို့ကို ဆွဲဆောင်နိုင်မယ့် ဝန်ဆောင်မှုပေးတာမျိုး၊ အပန်းဖြေခရီးစဉ်တွေရေးဆွဲဆောင်ရွက်တာမျိုးလုပ်ဖို့ လိုအပ်တယ်၊ မိတ္ထီလာမြောက်ကန်ထဲမှာ အပျော်ခရီးလိုက်ပါ စီးနင်းနိုင်မယ့် ငှက်လှေလေးတွေကို စီစဉ်ပေးတာမျိုး၊ မုန်တိုင်ကျေးရွာမှာရှိတဲ့ ရှေးဟောင်းဘုရားစေတီတွေဘက်ကို ဝင်ရောက်လေ့လာနိုင်အောင်နဲ့ ကူမဲနယ်ဘက်မှာရှိတဲ့ ပြက္ခရွေတောင်တက်ခရီးစဉ်ငယ်လေးတွေကို စီစဉ်ပေးတာမျိုးတွေလုပ်နိုင်မယ်ဆိုရင် မိတ္ထီလာကို အခြေစိုက်ပြီး လာရောက်တည်းခိုနေထိုင်မယ့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေလည်း ပိုမိုဝင်ရောက်လာနိုင်မယ်ထင်ပါတယ်၊ အဲဒီလို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာရင် မိတ္ထီလာမှာရှိတဲ့ ဟိုတယ်၊ မိုတယ်လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာသလို ဒေသခံတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုများပြားလာနိုင်ပါတယ်"ဟု မြို့နယ်ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်မြင့်က ပြောသည်။

မိတ္ထီလာတွင် ပန်းလေပြေ(ဝန်ဇင်း) ဟိုတယ်၊ မိတ္ထီလာဟိုတယ်၊ ဟိုတယ်ထီလာ၊ ဟန်းနီးဟိုတယ်၊ မဂ္ဂင်နန်းမိုတယ်၊ Grand Cosmas မိုတယ်၊ A1 မိုတယ်များ အပါအဝင် ဟိုတယ်၊ မိုတယ်နှင့် အဆင့်မြင့်တည်းခိုခန်းများ စုစုပေါင်း ၃၀ ကျော်ရှိပြီး ယခုအခါ မိတ္ထီလာကန်အနီးတွင် ဟိုတယ်၊ မိုတယ် အဆောက်အအုံသစ်များ တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ခရစ္စမတ်နေ့ အားလပ်ရက်တွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးသို့ တက်ရောက်သူများ စည်ကား

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးတွင် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက ခရစ္စမတ်ရက်အားလပ်ရက် အားကစားလှုပ်ရှားမှုအဖြစ် ပုပ္ပားတောင်တက်ရောက်သူများဖြင့် စည်ကားခဲ့ကြောင်းသိရသည်။

ဒီဇင်ဘာအားကစားလအတွင်း အမြို့မြို့အနယ်နယ်တိုင်းတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲများကို အပတ်စဉ်ကျင်းပသည့်နည်းတူ ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)တွင် ကျောက်ပန်းတောင်းမြို့နယ်ရှိ အမြင့် ၄၉၈၁ ပေရှိသည့် ပုပ္ပားတောင်မကြီးကို ကျောက်ပန်းတောင်းမြို့ပေါ်မှ အားကစားဝါသနာရှင်လူငယ်များအပြင် ချောက်၊ ရေနံချောင်း၊ မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး၊ မကွေးအစရှိသည့်မြို့များမှ ကိုယ်ပိုင်ကျောင်းများ၊ ရုံးဌာနအစုအဖွဲ့များ၊ မိသားစုများ၊ သူငယ်ချင်းအပေါင်းအသင်းများစုဖွဲ့၍ မော်တော်ကားများ၊ ဆိုင်ကယ်များဖြင့် တပျော်တပါးလာရောက်ကြပြီး ပုပ္ပားတောင်သို့ တက်ရောက်ကြကြောင်း သိရသည်။

ပုပ္ပားတောင်မကြီးသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် တည်ရှိ၍ အညာမြေ၏ အိုအေစစ်ဟုခေါ်စမှတ်ပြုရသည့် နေရာဒေသတစ်ခုဖြစ်ပြီး ယခုအခါ အမိကမ္ဘာ့စခန်းသာအဖြစ် UNESCO အသိအမှတ်ပြုသည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

အဆိုပါ ပုပ္ပားတောင်မကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၄၉၈၁ ပေတွင်ရှိပြီး သဘာဝသစ်မြစ်သစ်ဉများ၊ သစ်ခွမျိုးနွယ်များပေါများပြီး သဘာဝရေထွက်များဖြင့်တင့်တယ်လှပသည့်နေရာတစ်ခုဖြစ်ရာ ပြည်တွင်းပြည်ပ ခရီးသွားများစိတ်ဝင်စားသည့်နေရာတစ်ခုဖြစ်သည့်အပြင် ဘူမိဗေဒဆိုင်ရာပညာရပ်အတွက် လေ့လာစရာနေရာတစ်ခုအဖြစ်လည်း ထင်ရှားကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# LJ LED ကမ္ဘာ မီးအလှပြပွဲ ဦးပိန်တံတားအနီး ဖွင့်လှစ်

**အမရပူရ ဒီဇင်ဘာ ၂၆**
မန္တလေးခရိုင် အမရပူရမြို့နယ် ဦးပိန်တံတားအနောက်ဘက်ထိပ်အနီးတွင် L J LED ကမ္ဘာ မီးအလှပြပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက် ညနေ ၅ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မန္တလေးဒုတိယမြို့တော်ဝန် ဦးရဲမွန်ကမီးခလုတ်များ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အောင်မြေသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၊ အမရပူရမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖေသက်ထွန်းနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

LEDမီးအလှပြပွဲတွင် မီးလုံးသန်း ၈၀ ကျော်ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုပြကွက် ၃၀၀ကျော်နှင့် စိတ်ဝင်စားဖွယ်ရာအနုပညာပြကွက်များ၊ ဦးပိန်တံတားနှင့်လိုက်ဖက်သည့် ပြကွက်များကို အရုပ်ပုံ ၆၀ ကျော် ဖြင့် အလှဆင်ပြသထားသည်။ မီးအလှပြပွဲ ဝင်ကြေး လူကြီးတစ်ဦးလျှင် ကျပ် ၂၀၀၀၊ ကလေးတစ်ဦးလျှင်ကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ ငါးနှစ်အောက်ကလေးများ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအနေဖြင့် အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး မီးအလှပြပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ နေ့စဉ် ညနေ ၅ နာရီမှ ည ၁၁ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ထားဝယ်အင်းကျေးရွာတွင် ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**ပဲခူး ဒီဇင်ဘာ ၂၆**
ဆယ်မားအူးလ်အွန်ဒုံကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်းအရ ဆောင်ရွက်ခဲ့သော ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ပဲခူးမြို့ ထားဝယ်အင်းကျေးရွာ အဝင်လမ်း၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးလှမြင့်တို့က ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်တာဝန်ရှိသူများက ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။

အဆိုပါလမ်းကို နိုဝင်ဘာ ၁၈ ရက်တွင် စတင်လုပ်ဆောင်ကာ ဒီဇင်ဘာ ၇ ရက်တွင် ပြီးစီးခဲ့သည်။ လမ်းအကျယ် ၁၂ ပေ၊ အရှည် ၂၀၇၅ ပေ၊ အမြင့် ၈ လက်မရှိသည့် ကွန်ကရစ်လမ်းအမျိုးအစားဖြစ်ပြီး ငွေကျပ်သိန်း ၁၅၀ ကျော်ကုန်ကျခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကော့ဘိန်းကျေးရွာတွင် ဗုဒ္ဓသရီရဓာတ်တော်ပူဇော်ပွဲ ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၆**
နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သည့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မွန်းကျေးရွာဖြစ်သော ကော့ဘိန်းကျေးရွာတွင် မွန်တိုင်းရင်းသားတို့၏ (၃၆)ကြိမ်မြောက် ဗုဒ္ဓသရီရဓာတ်တော် ပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီမှ စတင်ကာ ကော့ဘိန်းကျေးရွာ မဟာဝိဟာရပရိယတ္တိကျောင်းတိုက်ကြီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။



ကော့ဘိန်းကျေးရွာနေ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ နိုင်ရာမညက ကျေးရွာမှာ ကိန်းဝပ်စံပယ်တော်မူသော ဓာတ်တော်များနှင့် ပတ်သက်ပြီး ပြောကြားရာတွင် "သုံးလောကထွတ်ထားမြတ်စွာဘုရား၏ ဓာတ်တော်၁၉ ဆူဟာဆိုရင် သီရိလင်္ကာနိုင်ငံ သီဟိုဠ်ကျွန်းမှ ဆရာတော်ကြီးတွေက ဝေနေယျသတ္တဝါတွေ ပူဇော်ကိုးကွယ်စေလိုသော ဆန္ဒနဲ့ ကော့ဘိန်းကျေးရွာကို ပင့်ဆောင်လာခြင်းဖြစ်ပါတယ်၊ အခုလို ဗုဒ္ဓသရီရဓာတ်တော်ပူဇော်ပွဲကို ကျေးရွာအနေနဲ့ နှစ်စဉ်မပျက် ပူဇော်ပွဲပြုလာတာဆိုရင် (၃၆) ကြိမ်ရှိပါပြီ၊ ဓာတ်တော် လှည့်လည်ပူဇော်မယ့်အပြင် နံနက်ပိုင်းမှာ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ညပိုင်းမှာ တရားပွဲများကိုလည်း ခုနစ်ရက်တိုင်း ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဗုဒ္ဓသိရီရ ဓာတ်တော် ၁၉ ဆူအား ကော့ဘိန်းကျေးရွာ၊ ကော့ပေါက်ကျေးရွာ၊ ကော့ပလိုင်ကျေးရွာများသို့ ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ပင့်ဆောင် အပူဇော်ခံခဲ့ပြီး ဒီဇင်ဘာ ၉ ရက်မှ စတင်ကာ ခုနစ်ရက်တိုင် နံနက်ပိုင်းတွင် ဆွမ်းတော်ကြီးတင်လှူပွဲနှင့် ညပိုင်းတွင် တရားပွဲများကိုကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဝေနေယျသတ္တဝါများအနေဖြင့် ကုသိုလ်တရားပွားများနိုင်စေရေး ဓာတ်တော် ၁၉ ဆူအား လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**



# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲ ကျင်းပ

**ပလောက် ဒီဇင်ဘာ ၂၆**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပလောက်မြို့မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသန်းဇော်ထွန်းက ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခဲ့ပြီး ကျောင်းဝင်းအတွင်း၌ မီးသတ်ဆေးဘူးများအသုံးပြု မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြမှုများကို မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

အဆိုပါအစီအစဉ်အား ပလောက်မြို့မီးသတ်ဦးစီးဌာနနှင့် ပလောက်မြို့ အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုတန်ဖိုးများစွာမဖြစ်ပေါ်ဘဲ အချိန်နှင့်တစ်ပြေးညီ ထိရောက်အောင်မြင်စွာ မီးငြိမ်းသတ်နိုင်ရေး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မီးလောင်ကျွမ်းမှု ငြိမ်းသတ်နည်းစနစ်များကို လက်တွေ့သရုပ်ပြ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**

# ဟိုင်းကြီးကျွန်းမြို့နယ် ကျောက်ချောင်းကျေးရွာတွင် ဆောင်းခိုငှက်တစ်ကောင် အရှင်ဖမ်းဆီးရမိ

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၂၆**
ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာအုပ်စု ကျောက်ချောင်းကျေးရွာတွင် ဒီဇင်ဘာ ၂၅ ရက် ညနေ ၅ နာရီခန့်က ဆောင်းခိုငှက်တစ်ကောင်အား ဒေသခံတစ်ဦးက အရှင်ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။



ဆောင်းခိုငှက်ကြီးအား ကျောက်ချောင်းကျေးရွာနေ ဦးမြင့်ဖေက ၎င်းပိုင်တောင်ယာအတွင်းရှိသစ်ပင်အမြင့်ပေါ်တွင် နားနေသည်ကိုတွေ့ရှိသဖြင့် ဖမ်းယူ၍ အိမ်သို့ခေါ်ဆောင်လာပြီး ငှက်အား ဆေးကုသမှုပြုလုပ်ပေးထားကာ သက်ဆိုင်ရာသို့ အပ်နှံရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်းခိုငှက်ကြီးအား ဆေးဝါးကုသပြီးပါက စတင်တွေ့ရှိသည့် သစ်တောအတွင်း ပြန်လွှတ်သွားမည်ဖြစ်ကြောင်း ဟိုင်းကြီးကျွန်းမြို့ သစ်တောဦးစီးဌာနမှ တောအုပ်ဦးဝင်းသိန်းအောင်၏ပြောကြားချက်အရ သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

# ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြိုင်ပွဲကျင်းပ

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၆**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ကျင်းပသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူ ၂၆ ဦးတို့က ပြိုင်ပွဲကို စိတ်ပါဝင်စားစွာ ယှဉ်ပြိုင်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေး

**လှိုင်သာယာ ဒီဇင်ဘာ ၂၆**
ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် ၅ ရပ်ကွက်အတွင်းရှိသီရိဇေယျာလမ်း သီရိဇေယျာဓမ္မာရုံတွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီခွဲက ကျင်းပရာ လှိုင်သာယာမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းနိုင်က ဟောပြောရှင်းလင်းဆောင်ရွက်ခဲ့ပြီး ရပ်ကွက်နေပြည်သူများတက်ရောက်ခဲ့သည်။ **၃၂၆**

# စာဖတ်စွမ်းရည်၊ ဆေးရောင်ခြယ်နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပ

**ကြို့ပင်ကောက် ဒီဇင်ဘာ ၂၆**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဝါဆိုရိပ်သာဓမ္မစကူးလ်တို့ ပူးပေါင်းကျင်းပသော စာဖတ်စွမ်းရည်၊ ဆေးရောင်ခြယ်နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ကလေးစာဖတ်ခန်းတွင် ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းလေးက ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး အဆိုပါပြိုင်ပွဲများသို့ ကျောင်းသား ကျောင်းသူ ၃၀ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြရာ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ပဉ္စမတန်းကျောင်းသူ မဆုရည်နှင်း၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဒုတိယတန်း ကျောင်းသား မောင်ထက်မြက်သူနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရရှိသူ တတိယတန်းကျောင်းသား မောင်ရဲရင့်သူတို့အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဝင်းလေးနှင့် ဝါဆိုရိပ်သာ ဓမ္မစကူးလ် နာယက ဦးစောခလီပတာ၊ ဦးတင်မောင်ဦးတို့က ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ အထကကြို့ပင်ကောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်တိုးဝေနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်မိဘများ၊ ဓမ္မစကူး ဆရာ ဆရာမများ အင်အား ၆၀ တက်ရောက်ခဲ့ကြသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# လက်မှုပညာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်ရန် ရှမ်းစုကျေးရွာ၌ ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲ ကျင်းပ

**ကော့မှူး ဒီဇင်ဘာ ၂၆**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လက်မှုပညာဖြင့်ဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နှင့်မြို့နယ် ကွာဟမှု ကျဉ်းမြောင်းလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သင်ကြားပို့ချပေးသော ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက လာဝတီကျေးရွာအုပ်စု ရှမ်းစုကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူက သင်တန်းသားများအနေဖြင့် သင်တန်းဆင်းပြီးလျှင် သင်တန်းမှသင်ကြားပေးထားသော ဘာသာရပ်များအား မေ့ဖျောက်မပစ်ရန်၊ မြို့နယ်နှင့်ကျေးရွာများတွင် ဆိုင်ကယ်ကိုအဓိကထား အသုံးပြုနေသောကြောင့် ကိုယ်တတ်ထားသောပညာဖြင့် ကျေးရွာများတွင်ထိထိရောက်ရောက်ဆောင်ရွက်ပါက တစ်ဖက်တစ်လမ်းမှဝင်ငွေများရရှိကာ မိသားစုဘဝများ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းဆင်းအောင်လက်မှတ်များကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်ကသင်တန်းသားများအား ပေးအပ်ခဲ့သည်။ ဆက်လက်၍ သင်တန်းတွင်ပထမဆုရ မောင်မျိုးသူရအောင်၊ ဒုတိယဆုရ မောင်မျိုးထက်အောင်၊ တတိယဆုရ မောင်သူရိန်ထွဋ်တို့အား ဦးစိုးကျော်သူ နှင့်တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြသည်။

**ကျော်သူရ(ကော့မှူး)**

# ရှေ့နေနှင့် အမှုတွဲ

## ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"
"ရှေ့နေနှင့်အမှုတွဲပါ"
"ဘာကိုဆိုလိုပါသလဲ ဆရာ"
"ဖတ်ကြည့်ဗျာ"

**အမှုတွဲ**

ရှေ့နေဘဝ ကျင်လည်ခဲ့ရသောအချိန်က အမှုတစ်မှုစတင်လိုက်ပါတော့မည်ဆိုလျှင် ဘာတွေကြိုတင်ပြင်ဆင်မည်လဲ။ ဘာအမှုလဲ။ ရှေ့နေကိုယ်စားလှယ်လွှဲစာက စရသည်။ အမှုသည်ကလွှဲမှ ကိုယ့်တာဝန်ရှိသည်။ လွှဲစာမရှိက ဘာမျှမလုပ်ရ။ ပထမသတိပြုရသည့် သင်ခန်းစာ။

ပြီးမှ တံဆိပ်ခေါင်းကပ်နည်း၊ ရဲအရေးပိုင်၊ မပိုင်။ မည်သည့်ပုဒ်မ။ မည်သည့်တရားရုံး။ မည်သည့်တရားခွင်စာရေး။ မည်သည့်တရားသူကြီး။ ဦးတိုက်မှုလား။ ရဲအရေးယူမှုလား။

စွပ်စွဲခံရသူသို့ချအပ်သည့် ရုံးခေါ်စာ။ တရားခံကို ဖမ်းဆီးသည့်အမိန့်။ စေ့စေ့ငငလေ့လာရသည်။ သေချာရသည်။

တရားခံအာမခံရဖို့ အထူးအရေးကြီး။ ဘယ်ပုံစံ၊ ဘယ်လျှောက်လွှာ၊ ဘယ်ဆေးစာသုံးရပ့်။ ဘယ်လိုအကြောင်းပြချက်ရေးရပ့်။ တရားသူကြီးက လက်ခံပ့်ါမလား။ စဉ်းစားရပြီ။ ချိန်ဆရပြီ။ အာမခံရပြန်တော့ ခံဝန်သူများ ရှာထားဦး။ တရားရုံးဖွဲ့စည်းပုံ၊ လုပ်ပိုင်ခွင့် သိသင့်သေးသည်။

**စာရွက်စာတမ်းများ**

ပထမသတင်းပေးတိုင်ချက်၊ ဘာတွေရေးထားသလဲ။ တရားလိုက ဘာစွပ်စွဲတာလဲ။ ဘာပုဒ်မနှင့်ငြိသလဲ။ ရမန်ယူတာ ဘယ်နေ့စ၊ ဘယ်နေ့ဆုံး။ ရဲစက္ကူက ကြည့်၍မရ။ ဥပဒေအရာရှိ၏ တာဝန်။ သက်သေခံပစ္စည်း၊ ရှာဖွေပုံစံ၊ဆေးစာ၊ ဓာတုဗေဒအစီရင်ခံစာ၊ လူစီတန်းပြသခြင်း ပုံစံပါသေးသလား။ သေတမ်းစစ်ချက်ရှိသလား။ ဖြောင့်ချက်ရှိသလား။ တရားစွဲခွင့်ပြုမိန့်လိုသောအမှုလား။ ဘာအမှုလဲ။ တရားရုံး၏နေ့စဉ်မှတ်တမ်း။ ရှေ့နေတစ်ယောက်အနေနှင့် သိသင့်တာမှန်သမျှ သိထားရမည်။ လေ့လာရမည်။

**အမှုသည်၏ညွှန်ကြားချက်**

အမှုသည်၏ညွှန်ကြားချက်ယူရသည်။ သူ့ညွှန်ကြားချက်မရှိရင် ကိုယ်ဘာလုပ်ရမည်လဲ။ သူပြောသမျှ နားထောင်ရမည်။ ပြောချင်တာပြောသော်လည်း စိတ်ရှည်ဖို့လိုသေး။ ပြီးမှ ခွဲခြမ်း စိတ်ဖြာ ဥပဒေရေးရာနှင့် ပေါင်းစပ်သုံးသပ်။ သူ့ညွှန်ကြားချက်ကို ရေးမှတ်ထား။ သူ့လက်မှတ်ယူထားလျှင် ပို၍ စိတ်ချရသည်။ နောင်တွင် အမှုသည်က (သူမပြောရပါလား) ဟု ငြင်းတတ်သည်။ သတိ။

**အဂတိတိုက်ဖျက်ရေးအမှုတွဲ**

ရှေ့နေတာဝန်က အမှုတွဲနှင့် နပန်းလုံးရသည်။ (ယခု)အဂတိတိုက်ဖျက်ရေးတာဝန်မှာလည်း ရှေ့နေတာဝန်နှင့် ဘာကွာခြားသလဲ။ အမှုတွဲများနှင့်သာ ပြန်လည်ပေါင်းဖက်ရပြန်ပါသည်။ မလုပ်မဖြစ်တာဝန်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ ဖြင့် (၇-၈-၂၀၁၃) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းကို **အဓိက** တိုက်ဖျက်ဖို့ပါ။ ရာထူးလုပ်ပိုင်ခွင့်၊ တာဝန်ကျင့်သုံးဆောင်ရွက်မှုတွေကို အခြေခံပြီး အဂတိလိုက်စားခြင်းပါ။ ထို့ကြောင့် ငွေကြေးနှင့်ပစ္စည်းများတိုးပွားပြီး မတရားရယူလာခြင်းဖြစ်လာသည်ပါ။ ငွေကြေးနှင့်ပစ္စည်းကို မတရားရယူပြီး ကြွယ်ဝချမ်းသာလာခြင်းကို ဆိုလိုတာပါ။ ဥပဒေစကားလုံးတွေက အများနားမလည်နိုင်၍ အများနားလည်အောင် ကိုယ့်စကားလုံးနှင့် ပြန်လည်ရေးပြခြင်းပါ။ အနှစ်သာရပျောက်၍တော့မဖြစ်ပါ။

ပဏာမစိစစ်ရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ စစ်ဆေးရေးမှူးချုပ်၊ စစ်ဆေးရေးမှူး စသည့် အသုံးအနှုန်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေရှိပါသေးသည်။ **နားရှုပ်သွားမည်ထင်သည်။** အများနားလည်အောင် ကြိုးစားရေးသားရှင်းလင်းသွားပါမည်။ အဂတိတိုက်ဖျက်ရေးအမှုတွဲ တည်ဆောက်ပုံတွေ၊ ဥပဒေဗဟုသုတဝေငှချင်ပါသည်။ အများပြည်သူ၏ အကူအညီရယူခြင်း၊ ကော်မရှင်က အကူအညီပေးခြင်း၊ အသိဗဟုသုတမျှဝေခြင်း၊ ပညာပေးခြင်း၊ ပညာယူခြင်း အစီအစဉ်ဖြစ်ပါသည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေး
နည်းဥပဒေ

**အဖွဲ့များဖွဲ့ပေးခြင်း**

ကော်မရှင်၏လုပ်ငန်းတာဝန်များထဲမှာ ပဏာမစိစစ်ရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေ လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးရပါသည်။ ဥပဒေပုဒ်မ ၁၆ အရ ဖြစ်ပါသည်။ အဆိုပါအဖွဲ့များကို ကော်မရှင်က ကြီးကြပ်ရသည်။ လမ်းညွှန်ရသည်။ စစ်ဆေးရေးမှူးချုပ်ကိုလည်း ခန့်အပ်တာဝန်ပေးရသည်။ စစ်ဆေးပြီးအစီရင်ခံစာများတင်ပြစေရသည်။ ဖတ်ရသည်။ သုံးသပ်ရသည်။ လူကြီးများကိုပြန်လည်အစီရင်ခံရသေးသည်။ ပေးရန်တာဝန်၊ ရရန်ပိုင်ခွင့်စာရင်း၊ လုပ်ပိုင်ခွင့်အာဏာရှိသူအမျိုးအစားပိုင်းခြား၊ အစိုးရဌာနများ၏ အကြံဉာဏ်ရယူ။ အသေးစိတ်သည်။ ဥပဒေနှင့်အညီ စီမံဆောင်ရွက်ရသည်။

**မမှန်မကန်တိုင်သူအရေးယူ**

တိုင်ကြားစာကို စိစစ်၍ လက်ခံရသည်။ မမှန်မကန်တိုင်ကြောင်း စိစစ်တွေ့ရှိပါက တိုင်ကြားစာကိုပယ်ချရသည်။ မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူရသည်။ (ဥပဒေပုဒ်မ ၁၆/၅) အဂတိမှုနှင့်ပတ်သက်လျှင် အဆောက်အအုံ၊ နေရာတစ်ခုခုအတွင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရသည်။ ရှာဖွေရသည်။ သက်သေခံပစ္စည်းသိမ်းရသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က ပေးအပ်သည့် အခြားတာဝန်များ ဆောင်ရွက်ရသည်။

**စုံစမ်းစစ်ဆေးခြင်းမပြုရ**

ကော်မရှင်သည် အောက်ပါကိစ္စများကို စုံစမ်းစစ်ဆေးခြင်းမပြုရ-

(က) တိုင်ကြားသည့်ကိစ္စသည် ကော်မရှင်က စုံစမ်းစစ်ဆေးပြီးသောကိစ္စဖြစ်ခြင်း
(ခ) တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်များမပါရှိခြင်း
(ဂ) ထပ်မံတိုင်ကြားမှုတွင် အရေးကြီးသည့်သက်သေခံချက်အသစ်မပါရှိခြင်း

စုံစမ်းစစ်ဆေးရေးအဖွဲ့တွင်အောက်ပါပုဂ္ဂိုလ်များမပါဝင်ရ-

(က) စွပ်စွဲတိုင်တန်းသည့်အကြောင်းအရာတွင် အကျိုးသက်ဆိုင်သူ
(ခ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူအပေါ် မလိုမုန်းတီးမှု
(ဂ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် ဆွေမျိုးတော်စပ်သူ
(ဃ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်နေသူ

**ဝန်ထမ်းစည်းကမ်းအရသာ**

စုံစမ်းစစ်ဆေးချက်အရ စွပ်စွဲခံရသူအပေါ် ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟုယူဆပါက ယင်း၏ ဝန်ထမ်းအကြီးအကဲထံ အကြောင်းကြားရမည်။ [ဥပဒေပုဒ်မ ၃၀(ခ)]

**ပဏာမစိစစ်ရေးအမှုတွဲ**

ကော်မရှင်၏တာဝန်ပေးအပ်ချက်အရ ပဏာမစိစစ်ရေးအမှုတွဲ ဖွင့်လှစ်ရမည်။ (နည်းဥပဒေ ၂၇)

အဂတိလိုက်စားမှုဖြင့်ရရှိသည့်ငွေကြေး၊ ပစ္စည်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခွင့်၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊ ရှာဖွေခွင့်၊ သိမ်းဆည်းခွင့်ပြုသည့်အမိန့် (နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (င)အရ) ပုံစံ(၁)ကို သုံးရမည်။ ပုံစံ(၂)မှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား ထုတ်ဆင့်သည့်အမိန့်ဖြစ်ပါသည်။ ပုံစံ(၃)မှာ ငွေကြေးနှင့်ပစ္စည်းများ သိမ်းဆည်းခြင်းပုံစံဖြစ်ပါသည်။ ပုံစံ(၄)မှာ ကတိခံဝန်ချုပ်ဖြစ်ပါသည်။ ပုံစံ(၅)မှာ တားမြစ်မိန့်ဖြစ်ပါသည်။ ပုံစံ(၆)မှာ ငွေကြေးနှင့်ပစ္စည်းများ ပြန်လည်ပေးအပ်ခြင်းပုံစံဖြစ်ပါသည်။ ပုံစံ(၇)မှာ ကြေညာလွှာ ပေးပို့ခြင်းပုံစံ ဖြစ်ပါသည်။ မရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ စသည်ဖြင့် ခွဲခြားထားပါသည်။ အများ သိစေချင်ပါသည်။

**ပြည်သူများပူးပေါင်းပါဝင်လာစေရေး**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းသည် တစ်ဖွဲ့တည်းလုပ်၍မရ။ တစ်ဦးတည်းလုပ်၍မရ။ အများပြည်သူပါဝင်မှု၊ ပူးပေါင်းမှုရမည်။ ထို့ကြောင့် အောက်ပါအတိုင်း ပြဋ္ဌာန်းသည်-

ကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

**(နည်းဥပဒေ ၅၉)**

(က) စာသင်ကျောင်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲ့ချခြင်း
(ခ) အစိုးရဌာန၊ အဖွဲ့အစည်းများရှိ ဝန်ထမ်းများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် စည်းရုံးပညာပေးဟောပြောဆွေးနွေးခြင်း၊ သင်တန်းများပို့ချခြင်း
(ဂ) သတင်းမီဒီယာများနှင့် ပြန်ကြားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအကြောင်းအရာများ၊ အကျင့်စာရိတ္တမြင့်မားသောပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို ထုတ်ဖော်ပြသနိုင်ရန် ဆောင်ရွက်ခြင်း
(ဃ) အဂတိလိုက်စားမှုဆိုင်ရာသတင်းများကို အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း
(င) လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ရိုးသားဖြောင့်မတ်သည့်စိတ်ဓာတ်ကို ပိုမိုမြှင့်တင်နိုင်ရန် လေ့ကျင့်ပညာပေးခြင်းတို့ဖြစ်ပါသည်။

**ဝိုင်းဝန်းကူညီ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပြည်သူများက၊ အားလုံးက ဝိုင်းဝန်း ကူညီကြမည်။ အခက်အခဲများဖြေရှင်းမည်။ ပြဿနာများအဖြေရှာမည်။ မသိနားမလည်မှုများ ပပျောက်စေမည်။ လုပ်အားတန်ဖိုးချစ်မြတ်နိုးစေမည်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဟူသော ဆောင်ပုဒ်ကို အကောင်အထည်ဖော်မည်။ လုံ့လဝီရိယရှိသူ၊ အလုပ်ကြိုးစားသူ၊ အကျင့်စာရိတ္တမြင့်မားသူများအား ဂုဏ်ပြုနည်းယူမည်။ တိုင်ကြားမှုအမှုတွဲ ပြည့်စုံမှန်ကန်စေမည်။ ဥပဒေဗဟုသုတပြည့်ဝအောင် ပညာပေးကြမည်။ လိုအပ်ချက်တွေ အဖြေထပ်ရှာရဦးမည်။ ကြိုးပမ်းကြရဦးမည်။ သို့မှသာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအင်အားတိုးပွားမည်။

**နိဂုံး**

စုံစမ်းစစ်ဆေးသည့်အလုပ်ဖြစ်သောကြောင့်-

(၁) အမှုတွဲမပါလျှင်မပြီး၊ ဥပဒေမပါလျှင်မပြီး
(၂) သတ်မှတ်ချက်ဂုဏ်အင်္ဂါတွေစုံလင်မှ၊ ဥပဒေနှင့်ညီညွတ်မှ အဂတိကို တိုက်ဖျက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါကြောင်း။

---

# ကျောင်းကုန်းမြို့တွင် လေးကောင်မြောက် စပါးအုံးမြွေကြီး ဖမ်းဆီးရမိ

**ကျောင်းကုန်း ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အိုးဘိုအုပ်စု အိုးဘိုကျေးရွာ ကျောင်းကုန်း တံတားအနီးတွင် ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီက စပါးအုံးမြွေကြီး တစ်ကောင် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ စပါးအုံးမြွေကြီးကို ဦးဇော်လေးက စတင်တွေ့ရှိခဲ့ပြီး ငါးဦးခန့် ဝိုင်းဝန်း ဖမ်းဆီးခဲ့ရကြောင်း၊ အသက်မသေစေလိုသဖြင့် ကံဦးဘုန်းကြီးကျောင်းသို့ သွားရောက်ပို့ဆောင်ရာ လက်မခံသဖြင့် ကျောင်းကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးဂျူလိုင်ဇင်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဦးဇော်လေးက ပြောသည်။

စပါးအုံးမြွေကြီးသည် အရှည် ၁၀ ပေကျော်၊ လုံးပတ် ၁၄ လက်မနှင့် အလေးချိန် ၁၁ ပိဿာ ၈၀ ကျပ်သားရှိကြောင်း၊ ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိထံ လွှဲပြောင်းပေးမည်ဖြစ်ပြီး လမ်းညွှန်မှု ခံယူမည်ဖြစ်ကြောင်း တောအုပ် ဦးဂျူလိုင်ဇင်က ပြောသည်။

**ဝင်းကြိုင်(မြန်/ဆက်)**



## အခြေခံ ရှေးဦးပြုစုခြင်း သင်တန်း ဖွင့်လှစ်ပို့ချ

**စလင်း ဒီဇင်ဘာ ၂၆**
မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် အခြေခံရှေးဦးပြုစုခြင်းသင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centreခန်းမ၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို မြို့နယ်ကြက်ခြေနီအဖွဲ့ကကြီးမှူးလျက် စလင်းမြို့နယ်အတွင်းရှိ စိတ်ပါဝင်စားသူ လူငယ်များအား ကြက်ခြေနီလှုပ်ရှားမှုနှင့်အခြေခံမူများ၊ ရှေးဦးပြုစုခြင်းသဘောတရားများနှင့် ရှေးဦးပြုစုသူများ၏ တာဝန်နှင့် ဝတ္တရားများ၊ လူနာဆန်းစစ်ခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ အဆိပ်သင့်ခြင်း၊ မတော်တဆထိခိုက်မှုများတွင် လူနာဆန်းစစ်ခြင်း၊ အရိုးအဆစ်နှင့် ကြွက်သားဒဏ်ရာများ၊ နားကြပ်အသုံးပြုပုံနှင့် RICE စည်းနည်း၊ ဆေးထည့်ခြင်းနှင့် ပတ်တီးစည်းခြင်း၊ ဦးခေါင်းဒဏ်ရာနှင့် ကျောရိုးတန်းမဒဏ်ရာ၊ သတိလစ်ခြင်းနှင့် စိတ်ချရသော ဘေးစောင်းအနေအထား၊ အခြေခံအသက်အထောက်အကူပြုနည်းနှင့် ဆို့နင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်းဘာသာရပ်များကို သင်တန်းပို့ချပေးခြင်းဖြစ်သည်။

သင်တန်းနည်းပြများအဖြစ် မကွေးတိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးအရာရှိ ဦးညီညီဇေ၊ စလင်းမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဆရာမြတ်ခိုင်၊ ဆရာသက်လွင်ဦး၊ ဆရာမဒေါ်ချိုမာအေး၊ ဒုခွဲမှူး ဒေါ်ရီရီထွေး၊ ဒုခွဲမှူးဒေါ်ခင်မာဦး၊ တပ်စုမှူးဆရာစိုးနိုင်၊ ဆရာကောင်းဖြိုးနိုင်၊ ဆရာဦးရဲမျိုးနိုင်တို့က စာတွေ့လက်တွေ့သင်ကြားပို့ချပေးရာ သင်တန်းသား၊ သင်တန်းသူ ၃၈ ဦးတို့ တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တိုင်ကြားနိုင်ပါသည်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် အကြောင်းကြားညှိနှိုင်းခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ် အခွင့်အရေးချိုးဖောက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခြင်းများ ခံစား၊ ကြုံတွေ့ရပါက လူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ဇင်သန့် ဘာသာပြန်သည့် "ဟီလာရီကလင်တန်၏ ခေါင်းဆောင်မှုလျှို့ဝှက်ချက်များ" စာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၂၆**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဇင်သန့် ဘာသာပြန်သည့် "ဟီလာရီကလင်တန်၏ ခေါင်းဆောင်မှုလျှို့ဝှက်ချက်များ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် နိုင်ငံတကာပုံရိပ်တွင် ထင်ရှားကျော်ကြားသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဟီလာရီကလင်တန်၏ ခေါင်းဆောင်မှုစွမ်းရည်နှင့် ဘဝအားမာန်ကို တင်ပြရေးသားထားသည့်စာအုပ်ဖြစ်သည်။ ဟီလာရီကလင်တန်သည် နိုင်ငံတကာက လေးစားချီးကျူးခြင်းခံရသည့် အမျိုးသမီးဖြစ်ပြီး ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးနှင့် ရဲရင့်ကြံ့ခိုင်သည့် အမျိုးသမီးတစ်ဦးဖြစ်သဖြင့် ယင်း စံနမူနာကို ခေတ်သစ်လူငယ်တို့ အားကျအတုယူနိုင်စေရန် ရည်ရွယ်၍ စာပေဗိမာန်က ထုတ်ဝေထားသည်။ ဤစာအုပ်တွင် အမျိုးသမီးတို့၏ ခေါင်းဆောင်မှုဆိုင်ရာ အတွေးအမြင်များ၊ အမျိုးသမီးများကို ထိခိုက်နစ်နာစေမှုများ၊ လုပ်ပိုင်ခွင့်အာဏာများ၊ လုပ်ငန်းခွင်ဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများကို နည်းနိဿယများ၊ ဗျူဟာများဖြင့် တင်ပြထားသည်။ ခေါင်းဆောင်မှုဆိုင်ရာ ပညာရှင်ဖြစ်သူ Rebecca Shambaugh ရေးသားသော စာအုပ်ကို ဆရာဇင်သန့်က ဘာသာပြန်ဆိုထားသည်။

ရောင်းဈေးငွေကျပ် ၁၇၀၀ ဖြင့် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇ ၄၁၄၆၈၁၊ (၈၆)လမ်း×(၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ်၌ သစ္စာပန်းခိုင် ယဉ်ကျေးလိမ္မာဓမ္မသင်တန်း ဆင်းပွဲနှင့် ဆုပေးပွဲ ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၆**
မိတ္ထီလာမြို့နယ်၌ သစ္စာပန်းခိုင် ယဉ်ကျေးလိမ္မာဓမ္မသင်တန်းဆင်းပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်၍ ကျောင်းအုပ်ဆရာကြီး ဦးသန်းအောင်(ငြိမ်း)က အမှာစကား ပြောကြားသည်။ ထို့နောက် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ လက်ထောက် ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သစ္စာပန်းခိုင် ယဉ်ကျေးလိမ္မာသင်တန်းတွင် သန္ဓေပျိုးအဆင့်၊ အခြေခံအဆင့်၊ (ပဥ္စမတန်း) အခြေပြုအဆင့်၊ (ဆဌမတန်း) အခြေပြုအဆင့်၊ (သတ္တမတန်း) ပထမအဆင့်နှင့် (အဌမတန်း) ဒုတိယအဆင့်များတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ သစ္စာပန်းခိုင် ယဉ်ကျေးလိမ္မာ ဓမ္မသင်တန်းတက်ရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများက အကများဖြင့် ဖျော်ဖြေခဲ့ကြရာ ဆရာမကြီး ဒေါ်သန်းသန်းအေးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ထမ်းများအား မီးဘေးလုံခြုံရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှု ပြုလုပ်

**ရွှေဘို ဒီဇင်ဘာ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ မီးလောင်မှုဖြစ်ပေါ်ပါက အရေးပေါ် မီးငြိမ်းသတ်နိုင်သတ်နိုင်စေရန် ရည်ရွယ်၍ ခရိုင်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းပြီး မီးဘေးလုံခြုံရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုများကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီက အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမြင့်က မီးဘေးလုံခြုံရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်က မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုဖြစ်ပွားတတ်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ လောင်စာဆီ၊ ဂတ်စ်အိုးကြောင့် မီးလောင်ပါက မီးငြိမ်းသတ်ခြင်းနှင့် အဝတ်စိုဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြ လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**





## အဆင့်(ကောင်း) သတ်မှတ်ထားသော ရွှေဘိုပေါ်ဆန်း မိုးစပါးစံကွက်ရိတ်သိမ်း

**ဝက်လက် ဒီဇင်ဘာ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပင်းဇင်းကျေးရွာအုပ်စု ကွင်းအမှတ်(၃၂၆) ပေါက်ကြီးအရှေ့ကွင်း ဦးပိုင်အမှတ် (၈၈/၁) တောင်သူ ဦးတင်မောင်ရွှေ၏ အဆင့်(ကောင်း) သတ်မှတ်ထားသော ရွှေဘိုပေါ်ဆန်း မိုးစပါးစံကွက် သုည ဒသမ ၉၁ ဧကတွင် ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန ဝန်ထမ်းများက စံကွက်ရိတ်သိမ်းမှုပြုလုပ်ခဲ့ရာ စာရင်းအင်းဌာနခွဲ (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးနှင့် ရွှေဘိုခရိုင်ဦးစီးမှူးတို့ လာရောက်ကြည့်ရှုပြီး မိုးစပါးအထွက်နှုန်းများစစ်ဆေးခဲ့ကြောင်း သိရသည်။

ရွှေဘိုပေါ်ဆန်းမိုးစပါး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း ၇၃ ဒသမ ၇၀ တင်း ထွက်ရှိခဲ့ပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်အတွင်း မိုးစပါးစိုက်တောင်သူများ၏ စပါးအထွက်နှုန်းများသိရှိနိုင်ရေးအတွက် ရေမြေဒေသအလိုက် ကောင်း၊ သင့်၊ ညံ့ စံကွက်များသတ်မှတ်ပြီး အထွက်နှုန်းမှန်ကန်စေရေးအတွက် စနစ်တကျ ရိတ်သိမ်းခြင်တွယ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း ရဲတပ်သားသစ်(အမျိုးသမီး) သင်တန်းဆင်းပွဲကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း ရဲတပ်သားသစ်(အမျိုးသမီး)သင်တန်းအမှတ်စဉ်(၄၁/၂၀၁၇)အောင်ဆန်းတပ်ခွဲသင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၇ နာရီခွဲက ရမည်းသင်းမြို့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီး ယာယီ ရဲမှူးကြီး စန်းလွင်ကိုက ရဲတပ်သားသစ်(အမျိုးသမီး)သင်တန်းအမှတ်စဉ်(၄၁/၂၀၁၇) သင်တန်းဆင်း အောင်ဆန်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲအား လိုက်လံစစ်ဆေးကာ စံပြကျောင်းသူဆုရ ကျောင်းသူ အမှတ်(၁၀၄) ခင်ယုဝေ၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသူ အမှတ်(၇၃) ယမင်းသူဇာ၊ ဥပဒေထူးချွန်ဆုရ ကျောင်းသူအမှတ်(၅၃)သီတာအေးနှင့် ရဲကျင့်ဝတ်ထူးချွန်ဆုရ ကျောင်းသူ အမှတ်(၆၈) ယမုံထွန်းကျော်တို့အား ကျောင်းအုပ်ကြီးက ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး ကျောင်းဆင်းသင်တန်းသူများက တန်းစိတ်ပုံ၊ စစ်ကြောင်းပုံတို့ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူသည်။ ရမည်းသင်းမြို့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း သင်တန်းအမှတ်စဉ်(၄၁/၂၀၁၇)၊ အောင်ဆန်းတပ်ခွဲမှ သင်တန်းဆင်းသင်တန်းသူ ၁၄၂ ဦးအား သင်တန်းဆင်းမွေးထုတ်ပေးခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင်(ပြန်/ဆက်)

# အမျိုးသားဘက်စုံစီမံကိန်း ဒေသန္တရနှင့်ကဏ္ဍအလိုက် နှစ်စဉ်နှစ်လတ်စီမံကိန်းများ စဉ်ဆက်မပြတ် ပေါ်ပေါက်စေရန် အားလုံးပါဝင်ကြိုးပမ်း

**မုံရွာ ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ(SDR)နှင့် လိုက်လျောညီထွေစွာ အကောင်အထည်ဖော်နိုင်ပြီး သဘောတရားများကို ထင်ဟပ်စေမည့် အမျိုးသားဘက်စုံစီမံကိန်း ဒေသန္တရနှင့်ကဏ္ဍအလိုက်နှစ်စဉ် နှစ်လတ်စီမံကိန်းများပေါ်ပေါက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့တော်ခန်းမ၌ ပြုလုပ်သည့် ဟောပြောပွဲတွင် ဗဟိုစာရင်းအင်းဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က ပြောကြားသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ(Sustainable Development Goals)အကြောင်းသိကောင်းစရာဟောပြောပွဲကို ဗဟိုစာရင်းအင်းဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်ဦးဆောင်၍ မုံရွာမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဆွေးနွေးဟောပြောသည်။

"၂၀၁၅ ခုနှစ် နောက်ပိုင်း ဖွံ့ဖြိုးမှုအစီအစဉ်နဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်တွေကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့တဲ့ United Nations General Assembly က အတည်ပြု ပြဋ္ဌာန်းခဲ့ပါတယ်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်တွေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်သက်ဝင်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်အထိ ၁၅နှစ်တိုင်အောင်ဆောင်ရွက်သွားမယ့် ဖွံ့ဖြိုးမှုလုပ်ငန်းရပ်တွေဖြစ်ပါတယ်" ဟု ဒေါက်တာဝါဝါမောင် က ပြောကြားသည်။

ဟောပြောပွဲတွင်နေရာအနှံ့ ဆင်းရဲမှုပုံစံအားလုံး အဆုံးသတ်ရေး၊ ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝမှု တိုးတက်ရေးနှင့် စဉ်ဆက်မပြတ်စိုက်ပျိုးမှု ဖြစ်ပေါ်တိုးတက်စေရေး၊ လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေး၊ လူသားအားလုံးအကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးတို့ကို ဟောပြောသည်။

ထို့ပြင်လူသားတိုင်းသန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေး၊ စဉ်ဆက်မပြတ် စီမံခန့်ခွဲမှုဖြစ်ပေါ်ရေး၊ လူတိုင်းတတ်နိုင်ပြီး စိတ်ချရသော ရေရှည်တည်တံ့ခိုင်မြဲသည့် ခေတ်မီစွမ်းအင် ရရှိရေးနှင့် စဉ်ဆက်မပြတ် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်စေရေး၊လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ဖြစ်ပေါ်ရရှိစေရေးများကိုဟောပြောသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များပြီးဆုံးပြီဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားနှင့် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံများတွင် ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များ၏ လုပ်ငန်းစဉ်များ ပင်လျှင် ယခုအချိန်အထိ မပြီးဆုံးသေးဘဲ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျန်ရှိနေသေးသည့် ရည်မှန်းချက်များအတွက် ယခုအခါ ၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးမှုအစီအစဉ်အဖြစ် ပန်းတိုင် ၁၇ ခု ရည်မှန်းချက် ၁၆၉ ခုနှင့် အညွှန်းကိန်း ၂၃၀ နီးပါး ခန့်ပါရှိသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)



# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဒီးမော့ဆို ဒီဇင်ဘာ ၂၆**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မင်း ဦးစီးတပ်ဖွဲ့ဝင်များက မြို့မရပ်ကွက်ရှိ ပရဟိတဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဒီဇင်ဘာ ၂၆ ရက် နံနက် ၇ နာရီခွဲက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မင်း၊ စခန်းမှူး ဒုရဲမှူး သီဟန် ဦးစီးတပ်ဖွဲ့ဝင် ၄၀ နှင့် တပ်ဖွဲ့ဝင် မိသားစုများ စုပေါင်း၍ ပရဟိတဘုန်းတော်ကြီးကျော်ဝင်းအတွင်းရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားရင်ပြင်အနီး ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် နေ့စား အလုပ်သမားများ အလုပ်အကိုင်အဆင်ပြေ

**မုံရွာ ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ဆောင်းသီးနှံများအဖြစ် ကုလားပဲ၊ ပဲမျိုးစုံ၊ ဂျုံနှင့် ကြက်သွန်နီသီးနှံများအဖြစ်စိုက်ပျိုးလျက်ရှိရာ ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် အလုပ်သမားများ ငှားရမ်းအသုံးပြုစိုက်ပျိုးလျက်ရှိရာ နေ့စားအလုပ်သမားများ အလုပ်အကိုင်များရရှိလျက်ရှိကြောင်း သိရသည်။

"တစ်နှစ်ထက်တစ်နှစ်က အလုပ်သမားတွေပိုပြီးရှားရတယ်၊ လုပ်အားခတွေကလည်းဈေးတက်တယ်၊ တစ်ရက်လုပ်အားခ အမျိုးသမီးတစ်ဦးကို ကျပ် ၃၅၀၀၊ အမျိုးသားတစ်ဦးကို ကျပ် ၅၅၀၀ အထိ ပေးရတယ်၊ အလုပ်သမားက လိုသလောက်ငှားလို့မရဘူး၊ ဧကပြတ်စိုက်မယ်ဆိုရင်တစ်ဧကကို ကျပ်တစ်သိန်းခွဲဈေးပေါက်တယ်၊ အခုအခြေအနေမှာတော့ဧကပြတ်စနစ်နဲ့ လုပ်ကြတာများတယ်၊ ကြက်သွန်နီဈေးက လာမယ့်နှစ်မျိုးအတွက် တစ်ပိဿာကို ငွေကျပ် ၃၀၀၀ ဈေးရှိပေမယ့် ရောင်းချမယ့်သူမရှိ ဖြစ်နေတယ်၊ တစ်နှစ်ထက်တစ်နှစ်က အလုပ်သမားရှားပါးပြီး ကြက်သွန်စိုက်ပျိုးချိန်ဆို အလုအယက်ရှာရတယ်၊ ကြက်သွန်စိုက်ရာသီကတစ်လခွဲလောက်ကြာတယ်၊ ဒီနှစ်မှာလည်း ကြက်သွန်နီဈေးကတောက်လျှောက်ကောင်းတဲ့အတွက် ရာသီဥတုဖောက်လို့ ကြက်သွန်ပျိုးခင်းတွေ ပျက်စီးမှုရှိပေမယ့် စိုက်တဲ့ဧကကတော့ လျော့မသွားတဲ့အပြင် တိုးလာတယ်" ဟု အက်တောကျေးရွာမှ ကြက်သွန်နီ စိုက်ပျိုးရေးတောင်သူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ် မြောက်ဘက်ခြမ်းရှိ တောင်ပလူ၊ ကျောက်စစ်ပုံ၊ ကွဲ့ရဲ၊ သမန်တာ၊ ကော်ရဗျ၊ ညောင်ခြေထောက်၊ ကျီကုန်း၊ အလုံ၊ သပြေတော၊ ဖန်ခါးကျင်းကျေးရွာတို့တွင် ကုန်း၊ အင်းကြက်သွန်များကို အများဆုံးစိုက်ပျိုးလျက်ရှိရာ နေ့စားအလုပ်သမားများအနေဖြင့် အလုပ်အကိုင်များရရှိကြသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဝင်းဦး(ဓေယျာတိုင်း)



# တောင်သမန်ပုံရိပ် ၁၀၀ ဓာတ်ပုံပြပွဲကျင်းပ

**အမရပူရ ဒီဇင်ဘာ ၂၆**

မန္တလေးမြို့ အမရပူရမြို့နယ် ကမ္ဘာကျော် ဦးပိန်တံတား အရှေ့ဘက်ထိပ် လှိုင်းခြေရာ ဆိုင်ခန်းတွင် ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် တောင်သမန်ပုံရိပ် ၁၀၀ ဓာတ်ပုံပြပွဲကို မန္တလေးမြို့မှ ဓာတ်ပုံပညာရှင်များနှင့်အတူ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါပြပွဲတွင် ဓာတ်ပုံ ရည်မွန်(မြစ်ငယ်)၏ တောင်သမန်အင်းနှင့် ဦးပိန်တံတား အလှရှုခင်းများကို ရသမျိုးစုံခံစားနိုင်စေရန် ရိုက်ကူးထားသော တောင်သမန်ပုံရိပ်ဓာတ်ပုံ ၁၀၀ ကို ပြသခြင်းဖြစ်သည်။ ဓာတ်ပုံများမှာ ကွန်ပျူတာနည်းပညာဖြင့် လုံးဝပြုပြင်မထားသော No Retouching Photography ပုံများဖြစ်ပြီး သဘာဝအလှအတိုင်း ခံစားကြည့်ရှုရသည့်အတွက် စိတ်ဝင်တစားလေ့လာကာ ဝယ်ယူမှုများပြားလျက်ရှိသည်။

နွေနဒီ(မြစ်ငယ်)

# မူလတန်းအဆင့် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဖွင့်

**ကနီ ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကင်းစံပြကျေးရွာ သိမ်ကုန်းကျောင်း၌ မဟာဓမ္မပါလဓမ္မစကူးလ်စင်တာတွင် ၉၁၂ ကြိမ်မြောက် မူလတန်းအဆင့် ဓမ္မစကူးလ် ဆရာဖြစ်သင်တန်းကို ဒီဇင်ဘာ ၂၄ ရက်က အဆိုပါကျောင်းတိုက်ဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ကနီမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဝင်မနားဆရာတော်ဦးတေဇနိယက ဗုဒ္ဓသာသနာတော်နှင့် နိုင်ငံတော်အတွက် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာပြီး ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရန် ရည်မှန်းချက်ထားပြီး ခေတ်မီသင်ကြားနည်းစနစ်များ ပါဝင်သည့် အတန်းစဉ်လိုက် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးမည့် ဓမ္မစကူးကျောင်းများ မြန်မာနိုင်ငံအနှံ့ ပေါ်ပေါက်လာပြီး မျိုးဆက်သစ်လူငယ်များ ဗုဒ္ဓတရားတော်များကို အခြေခံမှုစ၍ လေ့လာသင်ကြားနိုင်ရန်၊ မိရိုးဖလာဗုဒ္ဓဘာသာဝင်မှ ဗုဒ္ဓတရားတော်များကို လက်တွေ့ဘဝတွင် အသုံးချနိုင်သော အဆင့်မြင့်ဗုဒ္ဓဘာသာဝင်များ ဖြစ်လာစေရန်နှင့် ဆရာနှင့်ဒကာ ညီညာစွာလက်တွဲ၍ သာသနာပြုလုပ်ငန်းများ လုပ်ဆောင်သွားနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ယခုလို ဓမ္မစကူးလ်ဆရာဖြစ် သင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းမိန့်ကြားခဲ့သည်။

အဆိုပါ မူလတန်းအဆင့် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းသို့ ကနီမြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာ နှင့် ဝက်လက်မြို့နယ်ရှိ ကျေးရွာ သုံးရွာမှ သင်တန်းသားသင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ရက်အထိ တစ်ပတ်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဌွေးအောင်(ကနီ)

ကြေးမုံ







# ဩစတြေးလျအိုးပင်းအတွက် အသင့်ဖြစ်နေပြီဆိုတဲ့ အန်ဒီမာရေး

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးဟာ လာမယ့်လအတွင်း ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ ကျင်းပမယ့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို အကောင်းဆုံးရလဒ်ထွက်ပေါ်ရေးစွမ်းအားရှိသမျှ ယှဉ်ပြိုင်သွားဖို့ အသင့်ရှိနေပြီလို့ဆိုပါတယ်။

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ အန်ဒီမာရေးဟာ ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ဖို့အတွက် မီယာမီမြို့မှာ လေ့ကျင့်ရေးဆင်းခဲ့ပြီးလည်းဖြစ်ပါတယ်။ အန်ဒီမာရေးအနေနဲ့ ခရစ္စမတ်မတိုင်မီ ဩစတြေးလျကို သွားရောက်ဖို့ မူလက အစီအစဉ်ရှိခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မသွားရောက်ဖြစ်ခဲ့ပါဘူး။

ဗြိတိန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား အန်ဒီမာရေးဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကျင်းပခဲ့တဲ့ ဇူလိုင်လကတည်းက ပါဝင်ယှဉ်ပြိုင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပြီး အခြားသော နာမည်ကြီးတင်းနစ်လောကသားတွေဖြစ်တဲ့ ဆရီနာဝီလျံ၊ စတန်ဝေါရင်ကာတို့နဲ့အတူ ဩစတြေးလျအိုးပင်းမှာ ပါဝင်ယှဉ်ပြိုင်ဖို့ ရည်ရွယ်လျက်ရှိကြပါတယ်။

အန်ဒီမာရေးအနေနဲ့ ဩစတြေးလျကိုသွားရောက်မှာဖြစ်ပြီး ဇန်နဝါရီ ၁ ရက်မှာကျင်းပမယ့် ဘရစ္စဘိန်းအိုးပင်းပြိုင်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင်ဖို့ မျှော်လင့်ထားတယ်လို့ အန်ဒီမာရေးရဲ့စီမံခန့်ခွဲမှုအဖွဲ့က အခိုင်အမာပြောကြားထားပါတယ်။

အသက်(၃၀)အရွယ်ရှိပြီဖြစ်တဲ့ အန်ဒီမာရေးအတွက်တော့ လက်ရှိအချိန်မှာ တင်းနစ်ပြိုင်ပွဲတွေ ပါဝင်ယှဉ်ပြိုင်ဖို့ အကောင်းဆုံးအချိန်လို့ ဆိုခဲ့ပါတယ်။ အန်ဒီမာရေးဟာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ တစ်ဦးချင်းပြိုင်ပွဲ ယှဉ်ပြိုင်မှာ ဖြစ်ပေမယ့် ဘရစ္စဘိန်းအိုးပင်းပြိုင်ပွဲမှာတော့ နှစ်ယောက်တွဲယှဉ်ပြိုင်ဖို့ရှိနေတယ်လို့ သတင်းတွေထွက်ပေါ်လျက်ရှိပါတယ်။

အန်ဒီမာရေးဟာ ၂၀၀၅ ခုနှစ်မှာ ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားအဖြစ် စတင်ရပ်တည်လာခဲ့တာ ဖြစ်ပြီး ၂၀၁၇ ခုနှစ်မှာ တစ်ဦးချင်းပြိုင်ပွဲ ၁၁ ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ သုံးပွဲ၊ ၂၀၁၆ ခုနှစ်မှာ တစ်ဦးချင်းပြိုင်ပွဲ ၁၉ ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ ခြောက်ပွဲ၊ ၂၀၁၅ ခုနှစ်မှာ တစ်ဦးချင်းပြိုင်ပွဲ ၂၂ ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ ကိုးပွဲ၊ ၂၀၁၄ ခုနှစ်မှာ တစ်ဦးချင်းပြိုင်ပွဲ ၂၃ ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ သုံးပွဲ၊ ၂၀၁၃ ခုနှစ်မှာ တစ်ဦးချင်းပြိုင်ပွဲ ၁၃ ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ သုံးပွဲနဲ့ ၂၀၁၂ ခုနှစ်မှာ တစ်ဦးချင်းပြိုင်ပွဲ ၁၉ ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ ခုနစ်ပွဲပါဝင်ကစားခဲ့ပါတယ်။

တင်းနစ်လောကမှာ အန်ဒီမာရေးရဲ့ အဓိကပြိုင်ဘက်တွေကတော့ ဂျိုကိုဗစ်၊ ဖက်ဒဲရား၊ ရာဖေးလ်နာဒယ်နဲ့ ဝေါရင်ကာတို့ပဲ ဖြစ်ပါတယ်။

အန်ဒီမာရေးနဲ့ ဂျိုကိုဗစ်တို့ရဲ့ တွေ့ဆုံမှုကိုကြည့်ရင် အဓိကပြိုင်ပွဲတွေရဲ့ နောက်ဆုံးဗိုလ်လုပွဲတွေမှာ ခုနစ်ကြိမ်အထိ တွေ့ဆုံခဲ့ပါတယ်။ အဲဒီပြိုင်ပွဲတွေကတော့ ၂၀၁၁ ဩစတြေးလျအိုးပင်း၊ ၂၀၁၂ အမေရိကန်အိုးပင်း၊ ၂၀၁၃ ဩစတြေးလျအိုးပင်း၊ ၂၀၁၃ ဝင်ဘယ်ဒန်ချန်ပီယံရှစ်၊ ၂၀၁၅ ဩစတြေးလျအိုးပင်း၊ ၂၀၁၆ ဩစတြေးလျအိုးပင်းနဲ့ ၂၀၁၆ ပြင်သစ်အိုးပင်းတို့ပဲဖြစ်ပါတယ်။


အဲဒီတွေ့ဆုံမှုမှာ ဂျိုကိုဗစ်က ဩစတြေးလျအိုးပင်း လေးကြိမ်နဲ့ ပြင်သစ်အိုးပင်းတစ်ကြိမ်အနိုင်ရဗိုလ်စွဲခဲ့ပြီး အန်ဒီမာရေးကတော့ အမေရိကန်အိုးပင်းနဲ့ ဝင်ဘယ်ဒန်ပြိုင်ပွဲမှာသာ အနိုင်ရဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။ ၂၀၁၂ အမေရိကန်အိုးပင်းပြိုင်ပွဲမှာတော့ ဂျိုကိုဗစ်ကိုတောင် အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အိုးပင်းချန်ပီယံဖြစ်ခဲ့တဲ့ ပထမဆုံးသော ဗြိတိန်ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမားလည်းဖြစ်လာခဲ့ပါတယ်။

အန်ဒီမာရေးဟာ ဂျိုကိုဗစ်ကို ဩစတြေးလျအိုးပင်းမှာ အနိုင်မရရှိခဲ့သလို အခြားသောတင်းနစ်ပြိုင်ဘက်တွေနဲ့ ထိပ်တိုက်တွေ့ဆုံစဉ်မှာလည်း ဩစတြေးလျအိုးပင်းမှာ ချန်ပီယံမဖြစ်ခဲ့ပါဘူး။ ဒါကြောင့် ဩစတြေးလျအိုးပင်းမှာ ချန်ပီယံဆုမရရှိခဲ့ဖူးတဲ့ အန်ဒီမာရေးအတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီမှာ ကျင်းပမယ့်ပြိုင်ပွဲမှာ ချန်ပီယံအဖြစ်မြင်တွေ့ရမလားဆိုတာလည်းစိတ်ဝင်စားဖို့ကောင်းနေပါတယ်။




## မယ်ကွန်ရဲ့အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး မန်ယူနဲ့ဘော်ဒိုးအကြားဘယ်လိုဖြေရှင်းကြမလဲ

မန်ယူအသင်းနည်းပြ မော်ရင်ဟိုဟာ သူ့ရဲ့ဇန်နဝါရီအပြောင်းအရွှေ့မှာ ခေါ်ယူမယ့်ကစားသမားတွေထဲမှာ ဘော်ဒိုးကစားသမား မယ်ကွန်ကို ထိပ်ဆုံးကနေ ထည့်ထားတာဖြစ်ပြီး အာဆင်နယ်အသင်းကလည်း မယ်ကွန်ကို ခေါ်ယူဖို့ စောင့်ကြည့်မှုတွေလုပ်ဆောင်နေပါတယ်။ မယ်ကွန်ဟာ ဥရောပရဲ့ အကောင်းဆုံးလူငယ်ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်နေတာကြောင့် ဘော်ဒိုးအသင်းကတော့ မယ်ကွန်ရဲ့အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ကျော်လိုချင်နေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူအသင်းနည်းပြမော်ရင်ဟိုကတော့ ပြောင်းရွှေ့ကြေးပေါင် ၃၃ သန်းပေးမယ်လို့ ဆိုထားပါတယ်။ အသက် ၂၀ အရွယ်သာရှိသေးတဲ့ ဘရာဇီးလူငယ်ကစားသမားမယ်ကွန်ဟာ ဘော်ဒိုးအသင်းမှာ ခြေစွမ်းပြကစားနေသူဖြစ်ပါတယ်။ မယ်ကွန်ဟာ ပြီးခဲ့တဲ့နှစ်က ကိုရင်သီယန်အသင်းကနေ ဘော်ဒိုးအသင်းကို ရောက်ရှိလာတာဖြစ်ပြီး ဘော်ဒိုးအသင်းနဲ့အတူ ပြင်သစ်ပထမတန်းပွဲစဉ် ၁၈ ပွဲကစားအပြီးမှာ ခုနစ်ဂိုးအထိသွင်းယူထားတာဖြစ်ပါတယ်။ အဲဒါကြောင့် မော်ရင်ဟိုအတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း မျက်စိကျစေတဲ့ကစားသမားဖြစ်လာခဲ့တာဖြစ်ပေမယ့် ဘော်ဒိုးအသင်းက လိုချင်နေတဲ့ပြောင်းရွှေ့ကြေးနဲ့ မော်ရင်ဟိုပေးချင်တဲ့ ပြောင်းရွှေ့ကြေးအကြား ကွာဟမှုက များပြားလွန်းနေတာကြောင့် မယ်ကွန်ရဲ့အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး ဘော်ဒိုးနဲ့မော်ရင်ဟိုကြား ဘယ်လိုဖြေရှင်းကြမလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။



## ဆန်းချက်ဇ်ကို အာဆင်နယ် ဆက်ထိန်းထားနိုင်ပါ့မလား

အာဆင်နယ်အသင်းဟာ အသင်းမှာ ခြေစွမ်းပြကစားနေတဲ့ ချီလီတိုက်စစ်မှူး ဆန်းချက်ဇ်ကို ဇန်နဝါရီအပြောင်းအရွှေ့မှာ စာချုပ်သစ်အတွက် ကမ်းလှမ်းဖို့စီစဉ်နေတာဖြစ်ပြီး မန်စီးတီးအသင်းကလည်း ချီလီတိုက်စစ်မှူးကို ခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။ ဇန်နဝါရီဈေးကွက်အတွင်းမှာ အာဆင်နယ်အသင်းအနေနဲ့ ရောင်းထုတ်ဖို့မရှိပေမယ့် မန်စီးတီးအသင်းကတော့ ဆန်းချက်ဇ်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ ပေးပြီးခေါ်ယူဖို့ရှိနေတယ်ဆိုတဲ့ သတင်းတွေထွက်နေပါတယ်။ ဆန်းချက်ဇ်အနေနဲ့ကတော့ ရာသီဝက်အတွင်းမှာ အာဆင်နယ်ကို စွန့်ခွာပြီး နည်းပြဟောင်း ဂွါဒီယိုလာရှိရာ မန်စီးတီးအသင်းကို ပြောင်းရွှေ့မယ်ဆိုတာတွေကိုလည်း တစ်စွန်းတစ်စ သတင်းတွေထွက်နေပါတယ်။ လောလောဆယ်မှာလည်း အာဆင်နယ်အသင်းနဲ့ စာချုပ်သစ်အတွက် သဘောတူညီထားတာမရှိတဲ့ အတွက် အာဆင်နယ်အသင်းနေနဲ့ ဆန်းချက်ဇ်ကို အမ်းမရိတ်မှာ ဆက်ထိန်းထားနိုင်ပါ့မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။



## ဆရီနာဝီလျံအတွက် ချန်ပီယံရှစ်ကြိမ်အထိရရှိခဲ့တဲ့ ကရန်ဒန်ပါ့ခ်ကနေ ၂၀၁၉ ကစပြီး အိမ်ကွင်းပြောင်းရွှေ့ကျင်းပတော့မယ့် မီယာမီအိုးပင်း

တင်းနစ်လောကရဲ့ နာမည်ကြီးပြိုင်ပွဲတွေထဲက တစ်ခုဖြစ်တဲ့ မီယာမီအိုးပင်းပြိုင်ပွဲပွဲစဉ်တွေကို အိမ်ကွင်းအဖြစ်ရဲ့ ဟာ့ဒ်ရော့ခ်ကွင်းကို အိမ်ကွင်းအသုံးပြုကာ ၂၀၁၉ ခုနှစ် ကနေစပြီး ပြောင်းရွှေ့ကျင်းပတော့မှာဖြစ်ပါတယ်။ အေတီပီရော ဒဗလျူတီအေကိုပါ ပြိုင်ပွဲနှစ်ရပ်စလုံးကို ၁၉၈၇ ခုနှစ်ကတည်းကစပြီး ကရန်ဒန်ပါ့ခ်မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပြိုင်ပွဲပိုင်ရှင်တွေရဲ့အလိုကျ မတ်လမှာ ကျင်းပမယ့် ပြိုင်ပွဲတွေကစပြီး လက်ရှိဟာ့ဒ်ရော့ခ်ကွင်းမှာ ပြောင်းရွှေ့ကျင်းပဖို့ ကြေညာခဲ့ပြီးလည်းဖြစ်ပါတယ်။ အဲဒီကွင်းဟာဆိုရင် ဆောက်လုပ်ဆဲကာလမှာပဲရှိနေသေးတာဖြစ်ပြီး လာမယ့်နှစ်ကစပြီး တင်းနစ်ပြိုင်ပွဲတွေအတွက် လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ လုပ်ဆောင်ပေးတော့မှာဖြစ်တယ်လို့လည်း သတင်းတွေထွက်ပေါ်နေပါတယ်။ အရင်ကျင်းပခဲ့တဲ့ ကရန်ဒန်ပါ့ခ်မှာဆိုရင် မီယာမီအိုးပင်းပြိုင်ပွဲကို ရှစ်ကြိမ်အထိ ဗိုလ်စွဲထားသူကတော့ ဆရီနာဝီလျံဖြစ်ပါတယ်။ အဲဒါကြောင့် ဆရီနာဝီလျံက မီယာမီအိုးပင်းဟာ မီယာမီရဲ့ ယဉ်ကျေးမှုကို ကာလရှည်ကြာဖော်ညွှန်းပေးခဲ့တာဖြစ်လို့ အမြဲတမ်းအမှတ်တရဖြစ်နေမှာပါလို့ဆိုခဲ့တဲ့အပြင် သူ့ရဲ့မိသားစုနဲ့ သူ့အတွက်တော့ ထာဝရအမှတ်တရရှိနေမယ့် ပြိုင်ပွဲတစ်ရပ်လို့လည်းဆိုခဲ့ပါတယ်။ အခုပြောင်းရွှေ့ကျင်းပမယ့် ဟာ့ဒ်ရော့ခ်တင်းနစ်ပြိုင်ကွင်းကတော့ အခြားသောတင်းနစ်ပြိုင်ပွဲတွေနဲ့အတူ တင်းနစ်လောကရဲ့အိုအေစစ်လို့ တင်စားထားပြီး အဓိကပြိုင်ပွဲယှဉ်ပြိုင်မယ့် ကွင်းမှာတော့ ပရိသတ် ၁၄၀၀၀ အထိဝင်ဆံ့အောင်ဆောင်ရွက်ထားတယ်လို့ သိရပါတယ်။

# EXO တေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံများ ထုတ်ဖော်ပြသ



မင်းသား ဟယ်ရီနဲ့ စေ့စပ်ခဲ့ပြီးနောက် တော်ဝင်မိသားစုရဲ့ ခရစ္စမတ်ပွဲတော်မှာ ပထမဆုံးအကြိမ် ပါဝင်ဆင်နွှဲခဲ့တဲ့ ဟောလိဝုဒ်မင်းသမီး မက်ဂန်မာကယ်လ်အား မင်းသား ဝီလျံ၊ ဇနီးဖြစ်သူ ကတ်ထ်မစ်ဒယ်လ်တန်၊ မင်းသား ဟယ်ရီ တို့နဲ့အတူ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၅ ရက်က စိန့်မယ်ရီမက်ဒယ်လင်းဘုရားကျောင်းမှာ ပြုလုပ်ခဲ့တဲ့ ခရစ္စမတ်နေ့ အခမ်းအနားမှာ တွေ့ရစဉ်။ (ယင်းအခမ်းအနားသို့ ဘုရင်မကြီး အဲလိဇဘတ်(၂)နှင့် မင်းသား ဖိလစ်တို့လည်း တက်ရောက်ခဲ့ကြသည်။)

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ဟာ ဆောင်းရာသီအတွက် ရည်ရွယ်ထားတဲ့ တေးအယ်လ်ဘမ် “Universe”အတွက် ရိုက်ကူးထားတဲ့ အဖွဲ့ဝင်တွေရဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ ယခင်ကလည်း အဆိုပါ တေးအယ်လ်ဘမ်အတွက် ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ပြီး လတ်တလောဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေကတော့ တေးအယ်လ်ဘမ်အတွက် နောက်ဆုံးအကြိမ်ဖော်ပြပေးတဲ့ ပုံတွေလည်း ဖြစ်ပါတယ်။

EXO ဟာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်ကို ယခင်ကြေညာခဲ့ပြီးဖြစ်တဲ့ရက်ထက် ငါးရက်ခန့် နောက်ကို ရွှေ့ဆိုင်းခဲ့ပြီးနောက် ဒီဇင်ဘာ ၂၆ ရက်မှာမှ စတင်ထုတ်လွှင့်ပေးဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုရက်ကို နောက်ကျမှ ထုတ်လွှင့်ဖို့ရာ ဆုံးဖြတ်ခဲ့ရတာကတော့ လတ်တလောမှာ ကွယ်လွန်သွားခဲ့တဲ့ “SHINee”တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျွန်ဟွန်းကြောင့် ဖြစ်ပါတယ်။ ဂျွန်ဟွန်း ဈာပနအခမ်းအနားရှိနေပြီး ကေပေါ့ပ်ကြယ်ပွင့်ရဲ့ နောက်ဆုံးခရီးကို လေးစားဂါရဝပြုတဲ့အနေနဲ့ သူ့ရဲ့ဈာပနနဲ့ တိုက်ဆိုင်နေတဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်ကို ယခုလို ရက်အနည်းငယ်ရွှေ့ခဲ့တာဖြစ်ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျွန်ဟွန်းအတွက် ဝမ်းနည်းမှုတွေကို အလေးထားတဲ့အနေနဲ့ EXO တေးဂီတအဖွဲ့ရဲ့ ဒီဇင်ဘာ ၂၁ ရက်မှာ စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားတဲ့ တေးအယ်လ်ဘမ်ကို သတ်မှတ်ရက်မှာ မထုတ်လွှင့်တော့ဘဲ လာမယ့် ဒီဇင်ဘာ ၂၆ ရက်မှာမှ ပြောင်းလဲထုတ်လွှင့်ဖို့ စီစဉ်ခဲ့ကြတာ ဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ် “Universe”ကို ရက်ရွှေ့ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ဂျွန်ဟွန်း ကွယ်လွန်ပြီးနောက်နေ့မှာ ပရိသတ်တွေကို အသိပေးခဲ့တာ ဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက် ရွှေ့ဆိုင်းခဲ့ကြောင်းကိုတော့ EXO က အဖွဲ့ရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၉ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီလိုရက်ရွှေ့ဆိုင်းခဲ့တဲ့အပေါ် ပရိသတ်တွေကို နားလည်ပေးကြဖို့ တောင်းဆိုပါကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်တဲ့ ဓာတ်ပုံတွေကို အယ်လ်ဘမ်မထုတ်မီ ပြီးခဲ့တဲ့ရက်တွေကတည်းက ဆက်တိုက်ဆိုသလို ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာတော့ နောက်ဆုံးသောဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့တာဖြစ်ပြီး ယင်းဓာတ်ပုံတွေမှာ အဖွဲ့ဝင်တစ်ဦးချင်းစီဟာ ကော်ဖီခွက်တွေ ကိုယ်စီကိုင်ထားကြတာကို တွေ့ရပါတယ်။

“Universe”ကိုတော့ ဒီဇင်ဘာ ၂၆ ရက် ညနေ ၆ နာရီ (ဒေသစံတော်ချိန်)မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



အေးပြည့် - စုစည်းသည်

## မှတ်မှတ်ရရ ခရစ္စမတ်ညနဲ့ ဟောလိဝုဒ်ကြယ်ပွင့်များ



### ခရစ္စမတ်မတိုင်မီညကို အတူဖြတ်သန်းခဲ့ကြတဲ့ ဇေမာလိခ်နဲ့ ဂျီဂျီဟာဒစ်

နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ တေးသံရှင် ဇေမာလိခ်နဲ့ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် ဂျီဂျီဟာဒစ်တို့ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ ခရစ္စမတ်မတိုင်မီညမှာတော့ ပွဲတော်အတွက် ပြင်ဆင်ကြရင်း အချိန်တွေ အတူကုန်ဆုံးခဲ့ကြတာဖြစ်ပါတယ်။ ဒီညမှာတော့ သူတို့နှစ်ဦးဟာ နှစ်ဖက်မိသားစုဝင်တွေနဲ့အတူ ခရစ္စမတ်ပါတီအတွက် အတူပြင်ဆင်ခဲ့ကြတာဖြစ်ပြီး သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေကိုလည်း ဆယ်လ်ဖီရိုက်ကာ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့တာကိုလည်းတွေ့ရပါတယ်။



### ဝိုင်တစ်ခွက်နဲ့ ခရစ္စမတ်ကိုကြိုခဲ့တဲ့ ဘရွတ်ခ်လင်းဘက်ခမ်း

နာမည်ကျော်ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘက်ခမ်းနဲ့ မော်ဒယ်လ်နဲ့ ဒီဇိုင်နာတစ်ဦးဖြစ်သူ ဗစ်တိုးရီးယားဘက်ခမ်းတို့ရဲ့ သားကြီးဖြစ်တဲ့ ဘရွတ်ခ်လင်းဘက်ခမ်းကတော့ ယခုနှစ်ရဲ့ ခရစ္စမတ်ကို ဝိုင်တစ်ခွက်ကိုသောက်ရင်း ကြိုဆိုခဲ့တာဖြစ်ပါတယ်။ ဘရွတ်ခ်လင်းက ဒီခရစ္စမတ်အတွက် သူ့ရဲ့ဓာတ်ပုံတစ်ပုံကို လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ခရစ္စမတ်နေ့မှာပဲ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံမှာတော့ ဘရွတ်ခ်လင်းဘက်ခမ်းကို မီးလင်းဖိုရဲ့ဘေးမှာ ဝိုင်တစ်ခွက်သောက်နေတာကို တွေ့ခဲ့ရပါတယ်။ ဒီခရစ္စမတ်မှာ ဘရွတ်ခ်လင်းကတော့ မိသားစုနဲ့ ချစ်သူကို ချန်ထားကာ ဝိုင်တစ်ခွက်ကို အဖော်ပြုခဲ့တာလို့ ဆိုရမှာပါ။

### သမီးဖြစ်သူနဲ့အတူ ဖြတ်သန်းခွင့်ရခဲ့တဲ့ ဆရီနာဝီလျံရဲ့ ပထမဆုံးခရစ္စမတ်



ကမ္ဘာ့အဆင့်တစ် တင်းနစ်ချန်ပီယံ ဆရီနာဝီလျံကတော့ ခရစ္စမတ်ကို ကြိုဆိုတဲ့အနေနဲ့ ခရစ္စမတ်မတိုင်မီညက သူ့ရဲ့လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်မှာ သမီးဖြစ်သူ သုံးလအရွယ် အဲလက်ဇစ်အိုလံပီယာအိုဟာန်းနီးယမ်းဂျူနီယာနဲ့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ယင်းဓာတ်ပုံမှာတော့ ခရစ္စမတ်နဲ့ လိုက်ဖက်အောင် ဆရီနာနဲ့ သမီးလေးတို့ဟာ အနီရောင်ပန်းပွင့်တွေနဲ့ ဖန်တီးထားတဲ့ သရဖူတွေကို ဆောင်းထားတာတွေ့ရပါတယ်။ ဓာတ်ပုံရဲ့အောက်မှာတော့ ဆရီနာက တစ်စုံတစ်ရာရေးသားဖော်ပြခဲ့ခြင်း မရှိပေမယ့် သမီးဖြစ်သူကို ချီထားတဲ့အချိန်မှာ ပြုံးနေတဲ့ သူ့ရဲ့မျက်နှာက အားလပ်ရက်တွေရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုနေတယ်လို့လည်း ဆိုနိုင်ပါတယ်။

ဆရီနာဝီလျံဟာ သမီးလေးကို မွေးဖွားခဲ့စဉ်က အားကစားလောကနဲ့ အဆက်အသွယ်ပြတ်ခဲ့ရာကနေ ဒီဇင်ဘာလကုန်ပိုင်းမှာတော့ သူ့ကို တင်းနစ်ပြိုင်ပွဲတွေမှာ ပြန်လည်တွေ့မြင်ရတော့မှာဖြစ်ကြောင်း လတ်တလောမှာ ဆရီနာက သူ့ရဲ့လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို မကြာသေးမီက ထုတ်ဖော်အသိပေးခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆရီနာဝီလျံဟာ သမီးလေးကို မွေးဖွားခဲ့ပြီးနောက် သုံးလခန့်အကြာ၊ တင်းနစ်ပြိုင်ပွဲတွေနဲ့ ကင်းကွာနေခဲ့တာ တစ်နှစ်ခန့်အကြာမှာတော့ သူဝါသနာပါရာ တင်းနစ်လောကအတွင်း ပြန်လည်ခြေချဖို့အတွက် သူ့အနေနဲ့ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ယခုလို ထုတ်ဖော်ပြောကြားလာခဲ့တာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စနေနေ့မှာတော့ လတ်တလောမှာ အသက် (၃၆)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကမ္ဘာ့ကြေးအမြင့်ဆုံး အမျိုးသမီးအားကစားသမား ဆရီနာဝီလျံက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ သူဟာ လာမယ့်နှစ်အတွင်းမှာ ပြင်သစ်အိုးပင်းချန်ပီယံပြိုင်ပွဲမှာ သူ့ရဲ့ချန်ပီယံဆုကို ကာကွယ်ဖို့အတွက် ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။

ဒါဟာ ဆရီနာဝီလျံအတွက်တော့ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက နောက်ဆုံးပါဝင်ခဲ့တဲ့ ဩစတြေးလျအိုးပင်းပြိုင်ပွဲကြီးမှာ ဂရင်းဆလင်း ချန်ပီယံဖြစ်ခဲ့ပြီးနောက် ပြန်လည်ကစားမယ့်ပွဲလည်းဖြစ်တယ်လို့ သိရပါတယ်။

# မြန်မာစာပေသမိုင်း၊ မြန်မာသတင်းစာသမိုင်းတွင် မော်ကွန်းဝင် မော်ကွန်းတင်ထိုက်သူ

**တက္ကသိုလ်တင်ခ**

မြန်မာစာအတ္ထုပ္ပတ္တိခေါ် မြန်မာစာနိဒါန်း (စတုတ္ထအကြိမ်ပုံနှိပ်ခြင်း) စာအုပ်စာမျက်နှာ ၁၅ ၌ "ဘာသာစာအရေးအသားနှင့်စပ်လျဉ်း၍ အခက်အခဲကြုံတွေ့နေရခြင်း၏ အရင်းမူလသည်ကား ဘာသာစာပေ အတ္ထုပ္ပတ္တိအစဉ်အလာကို မလေ့လာ မကျွမ်းကျင်ခြင်းကြောင့်သာလျှင်ဖြစ်သည်ဟု ထင်မြင်သဘောရရှိသဖြင့် "မြန်မာစာနိဒါန်း" ကို စီရင်ရေးသားဖြစ်၏" ဟူ၍ ဦးထွန်းဖေ၏ မြန်မာစာပေ ရည်ရွယ်ချက်သဘောတရားကို ရေးသားပြဆိုထားပေသည်။

"မြန်မာစာသည် မြန်မာတို့၏ အသွေးအသားတမျှဖြစ်ပေတကား။ သွေးသားတမျှတည်းဟူသော မြန်မာစာ ဆုတ်ယုတ်လျှင် အမျိုးအနွယ် ဆုတ်ယုတ်ခြင်းပင် ဖြစ်ပေတကားဟု စေတနာရင်းရှိသဖြင့်လည်း ဤကျမ်းကို ရေးသားရ၏" ဟူ၍ "မြန်မာစာနိဒါန်း" တွင် ဖော်ပြထားရာ ဦးထွန်းဖေ၏ မြန်မာစာပေဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာကား ကြီးမားကျယ်ပြန့် နက်ရှိုင်းလှဘိသည်။

ဦးထွန်းဖေသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာသတ်ပုံကျမ်း၊ မြန်မာစာပေရေးထုံးကျမ်း၊ မြန်မာအဘိဓာန်များရှိသင့်ကြောင်း စာပေဆောင်းပါးများစွာ ရေးသားလှုံ့ဆော်ခဲ့သူဖြစ်သည်။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်စေရေး လှုံ့ဆော်အားပေးရေးသားသော စာပေဆောင်းပါးများ စုစည်းပြီး ၁၉၅၈ ခုနှစ် "အဘယ့်ကြောင့် မြန်မာစာ မတိုးတက်သနည်း" စာအုပ်ကိုပင် ထုတ်ဝေခဲ့သည်။ "မြန်မာစာ ကော်မရှင်" တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ထမ်းဆောင်ကာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ စွမ်းဆောင်ခဲ့သူ ဖြစ်ပေသည်။

၁၉၃၀ ပြည့်ပတ်ဝန်းကျင် မြန်မာစာပေ ရေအလျဉ်ပြောင်းလဲစပြုသည့် ကာလခေတ်စမ်းစာပေ ဝေဖန်ရေးတွင် ဦးထွန်းဖေသည် 'မောင်' အမည်ခံလျက် ဝေဖန်ရေးဆောင်းပါး ရေးသားတင်ပြခဲ့သည်။ 'မောင်'အမည်ခံ ဦးထွန်းဖေသည် ၁၉၃၄ ခုနှစ် မေလ ၃ ရက်နေ့ထုတ် သူရိယသတင်းစာတွင် "ခေတ်စမ်းပုံပြင်များ" ခေါင်းစဉ်ဖြင့် အားပေး ထောက်ခံ ဝေဖန်ရေးသားခဲ့သည်။

ဦးထွန်းဖေသည် မြန်မာစာပေသမိုင်းတွင် "မြန်မာစာနိဒါန်း" ဖြင့် ဖြည့်စွမ်းပါဝင်သည့်နည်းတူ "ခေတ်စမ်းစာပေ" လောကကိုပါ တစ်ပြိုင်နက်တည်း အားပေးကူညီခဲ့ပေရာ မြန်မာစာပေသမိုင်းတွင် မော်ကွန်းဝင်မော်ကွန်းတင်ထိုက် ပေသည်။

**သတင်းစာလောကတွင် မော်ကွန်းဝင် မော်ကွန်းတင်ထိုက်သူ**

ဦးထွန်းဖေသည် ၁၉၂၁ ခုနှစ်တွင် သူရိယကုမ္ပဏီလီမိတက်မှ ဦးစီးထုတ်ဝေနေသော "ဘားမားအော့ဆားဗား" အင်္ဂလိပ်သတင်းစာမှ သတင်းထောက်အဖြစ် စတင်လုပ်ကိုင်ခဲ့ခြင်းဖြင့် သတင်းစာလောကသို့ ဝင်ရောက်ခဲ့သည်။ မြန်မာဘာသာထုတ် သူရိယသတင်းစာတွင် သတင်းထောက်ဘဝမှ 'ည' အယ်ဒီတာအထိ စာတွေ့ လက်တွေ့သတင်းစာသမားတစ်ဦးအနေဖြင့် လုပ်ကိုင်ခဲ့ပါသည်။ ဦးထွန်းဖေ 'ည' အယ်ဒီတာဘဝတွင် ထိုခေတ်က သတင်းစာလောက အဆင့်အတန်းအရ တစ်လလျှင် လခ ၁၄၀ ကျပ်တည်းဟူသော လခအများဆုံးရသော ညအယ်ဒီတာဖြစ်ခဲ့ပါသည်။

၁၉၃၆ မှ ၁၉၄၀ ပြည့်နှစ်အထိ ဦးထွန်းဖေသည် 'သူရိယ' 'မြန်မာ့အလင်း' စသည့် သတင်းစာများတွင် အထူး သတင်းထောက်အဖြစ်လည်းကောင်း၊ ဆောင်းပါးရှင်အဖြစ် လည်းကောင်း လုပ်ကိုင်ခဲ့သည်။

၁၉၃၄-၄၀ ပြည့်နှစ်တို့တွင် ဦးထွန်းဖေသည် မိမိကျွမ်းကျင်သော အင်္ဂလိပ်လက်ရေးတိုပညာဖြင့် အုပ်ချုပ်ရေးဥပဒေသစ်အရ ရွေးကောက်တင်မြှောက်ဖွဲ့စည်းခဲ့ထားသော ဥပဒေပြုအောက်လွှတ်တော်တွင် အင်္ဂလိပ်ဘာသာ လွှတ်တော်လက်ရေးတို သတင်းထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။

၁၉၄၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှစ၍ ၁၉၄၆ ခုနှစ်အထိ 'ဗမာ့ခေတ်' သတင်းစာ အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်အဖြစ်လည်း လုပ်ကိုင်ခဲ့ပါသည်။

ဦးထွန်းဖေသည် အမျိုးသားလှုပ်ရှားမှုကြီးတွင် အခန်းတစ်ခန်းအဖြစ် ပါဝင်ခဲ့သော ၁၉၂၀ ပြည့်နှစ် ပထမကောလိပ်သပိတ်ကြီး၌ကျရာတာဝန်ကို ဝင်ရောက်အမှုထမ်းဆောင်ခဲ့ပါသည်။ သပိတ်မှောက်ကျောင်းသားတို့၏ ၂၆ ဦး ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါသည်။

သတင်းစာလောကသို့ ဝင်ရောက်လာခဲ့သော ဦးထွန်းဖေသည် ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီး၏ ကွန်ဖရင့်အားလုံးလိုလို ကိုယ်တိုင်တက်ရောက်သတင်းယူပြီး သတင်းစာထဲတွင် ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားဖော်ပြခဲ့ပါသည်။

၁၉၃၁ ခုနှစ် သာယာဝတီ တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင် ဆရာစံ၏ အမှုတွင် အစအဆုံး ကိုယ်တိုင်သတင်းယူခဲ့ပြီး ဆရာစံအား နယ်ချဲ့တရားရုံးမှ 'တရားဥပဒေအရ သတ်ဖြတ်ရန်'အမိန့်ပေးခဲ့ရပြီးနောက် ဆရာစံရေးသားသော ဆေးကျမ်းစာမူခကို နိုင်ငံအတွက် အကျိုးရှိရာရှိကြောင်း ထုတ်ယူသုံးစွဲခွင့်ပြုချက်ကို ဆရာစံကိုယ်တိုင် လက်မှတ်ရေးထိုးပေးအပ်ခြင်း ခံရသည်။

ဦးထွန်းဖေ ကိုယ်တိုင် တာဝန်ခံအယ်ဒီတာအဖြစ်ထုတ်ခဲ့သော "မြန်မာ့နေ့စဉ်" သတင်းစာကြီးတွင် တို့ဗမာ အစည်းအရုံး လှုပ်ရှားမှုသတင်းများကို အများဆုံးနေရာပေးခဲ့ရုံမျှမက သခင်ခေါင်းဆောင်တို့၏ ဆောင်းပါးများကိုလည်း အတော်များများ ဖော်ပြခဲ့ပါသည်။

၁၉၃၇ ခုနှစ်တွင် တိုးတက်သော၊ ခေတ်မီသောအယူအဆများပြန့်ပွားအောင် အားထုတ်လာခဲ့သော "နဂါးနီ" စာအုပ်အသင်းနှင့်လည်း ဦးထွန်းဖေသည် ပေါင်းဖက်မိလာခဲ့သည်ကို တွေ့ခဲ့ရပါသည်။

**ဘဝဖြစ်စဉ်အကျဉ်း**

ဦးထွန်းဖေ (၁၉၀၀-၁၉၇၄) သည် မလှိုင်မြို့နယ် သရက်ကောင်းပင်ရွာ ဇာတိဖြစ်သည်။ ၁၉၀၀ ပြည့် ဩဂုတ်လ ၅ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။

မိတ္ထီလာအေဘီအမ်ကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး မန္တလေးသာသနာ့နုဂ္ဂဟ ဗုဒ္ဓဘာသာကျောင်း၌ ဆက်လက်ပညာသင်ကြားရာ ၁၉၁၈ တွင် ၁၀ တန်းအောင်သည်။ ထို့နောက် ရန်ကုန်ကောလိပ်၌ ဆက်လက်ပညာသင်သည်။ ၁၉၂၀ ပြည့်နှစ်တက္ကသိုလ်သပိတ်ပါဝင်သူတစ်ဦးဖြစ်သည်။

အော့ဆားဗား အင်္ဂလိပ်သတင်းစာတွင် ဝင်ရောက်အမှုထမ်းပြီး သူရိယသတင်းစာ၏ ည အယ်ဒီတာအဖြစ် အမှုထမ်းခဲ့သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ဟံသာဝတီသတင်းစာ အယ်ဒီတာ ဖြစ်လာသည်။ ၁၉၄၇ ခုနှစ်တွင် ဟင်္သာတအနောက်ပိုင်းမှ ဥပဒေပြုလွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ၁၉၄၈ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီး၊ ၁၉၅၂ ခုနှစ် ယဉ်ကျေးမှုဌာနဝန်ကြီးအဖြစ် ၁၉၅၃ ခုနှစ်အထိ တာဝန်ယူခဲ့သည်။ ထို့နောက် ထွန်းနေ့စဉ် သတင်းစာကို တည်ထောင်၍ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစာနယ်ဇင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ "မြန်မာစာနိဒါန်း"(၁၉၃၃)နှင့် "အဘယ့်ကြောင့် မြန်မာစာမတိုးတက်သနည်း" (၁၉၅၁) စာအုပ်များ ပြုစုခဲ့သည်။ ၁၉၇၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ကွယ်လွန်ခဲ့သည်။

"မြန်မာစာနိဒါန်း"ဟူသော သူ၏စာပေသမိုင်းတစ်ခုပေါ်ထွက်လာသောအခါ သူ့ကို စာပေသမားအနေဖြင့် လေးစားခဲ့ပါသည်။ သတင်းစာသမိုင်း၌ ဦးထွန်းဖေလည်း မှတ်တိုင်တစ်ခုပင်ဖြစ်သည်။(မောင်ထင်)

**ရှေးရှုကြိုးပမ်း**

စာရေးဆရာ၊ သတင်းစာဆရာမောင်ထင်က အထက်ပါအတိုင်း မြန်မာ့နေ့စဉ် ဦးထွန်းဖေဟု ဂုဏ်ပြုရေးသားခဲ့ပါသည်။ ဦးထွန်းဖေသည် သတင်းစာဆရာသက်တမ်းအားဖြင့် နှစ်ပေါင်း ၅၀ ခန့်ရှိခဲ့သည်။ သတင်းစာဆရာဘဝမှ ဝန်ကြီးအထိရောက်ခဲ့ဖူးသည်။

ဦးထွန်းဖေသည် ၁၉၂၀ ပြည့်နှစ်မှ ကွယ်လွန်သည်အထိ မြန်မာစာပေတည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုကြိုးပမ်းစွမ်းဆောင်ပေးခဲ့သည်။

"သူရိယ"သတင်းစာတိုက်တွင် စတင်တာဝန်ယူခဲ့စဉ်က စာပြင်ဆရာ သခင်ကိုယ်တော်မှိုင်း အမည်ခံ ဆရာလွန်း အစရှိသော မြန်မာပညာရှင်များနှင့် ကျွမ်းဝင်ရင်းနှီးခဲ့ရပြီး မြန်မာစာအရေးအသားကို လေ့လာခွင့်ရခဲ့သည်။

မြန်မာပညာရှင်ကြီးများနှင့် လေ့လာဆည်းပူးခွင့်ရပြီး မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းချက်တစ်ရပ်အဖြစ် ၁၉၃၄ ခုနှစ်တွင် "မြန်မာစာပေအတ္ထုပ္ပတ္တိ"ခေါ် "မြန်မာစာနိဒါန်း" ကို ပြုစုထုတ်ဝေခဲ့သည်။ ဆရာကြီး ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း၏ နိဒါန်းဟု ဆိုရပေမည်။

ဦးထွန်းဖေသည် အခွင့်အခါကြုံတိုင်း မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး လှုံ့ဆော်ပေးသော ဆောင်းပါးများစွာ ရေးသားခဲ့သည်။ ဟောပြောပွဲ၊ ဆွေးနွေးပွဲများအပြင် မြန်မာ့အသံမှပင် လှုံ့ဆော်ဟောပြောအသံလွှင့်ခဲ့သည်။ ထိုသို့အသံလွှင့် ဟောပြောချက်များအနက် ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာ ၂၃ ရက်နေ့က မြန်မာ့အသံမှ ဦးထွန်းဖေ၏ အမျိုးသားနေ့ ရွှေရတုသဘင် အသံလွှင့်ချက်သည် ဤသို့ သမိုင်းတွင်ခဲ့သည်။

"မျိုးချစ်စိတ်ဓာတ်ဖြင့် ထွန်းကားလာခဲ့တဲ့ အမျိုးသားကျောင်းများမှ မျိုးချစ်ပုဂ္ဂိုလ်များကို မွေးထုတ်ပေးခဲ့ပါတယ်။ အဲဒီ သပိတ်မှောက်တော်လှန်မှုဟာ ရန်ကုန်တက္ကသိုလ်၌ မြန်မာစာ ဝိဇ္ဇာဂုဏ်ထူးတန်းဘွဲ့ ယူနိုင်သည်အထိ သင်ကြားပို့ချပေးခဲ့တဲ့မြန်မာစာဌာနကြီးတစ်ခုကိုလည်း ဖြစ်ပေါ်စေခဲ့ပါတယ်။ မြန်မာဘာသာကို ရုံးသုံးဘာသာစကားအဖြစ်သို့လည်း ရောက်လာစေခဲ့ပါတယ်။ မြန်မာရာဇဝင်သမိုင်းကို မှန်ကန်သော ရှုထောင့်မှ ကြည့်ရှုလေ့လာစေကာ ဇာတိသွေး၊ ဇာတိမာန်ကို တက်ကြွစေပါတယ်။"

ဦးထွန်းဖေသည် ဆောင်းပါးများ ရေးသားရာတွင် "သတင်းထောက်တစ်ဦး" အမည်ကို အမြတ်တနိုးတန်ဖိုးထားခံယူလျက် ရေးသားခဲ့သည်။ ခေတ်သစ်စာပေ အမြင်အတွေး ဝေဖန်ရေးသားရာတွင်မူ "မောင်" ကလောင်အမည်ကို ခံယူခဲ့သည်။ သတင်းစာဆရာတစ်ဦး ပီသစွာ သတင်းရေးခြင်း၊ ဆောင်းပါးရေးခြင်း၊ ခေါင်းကြီးပိုင်းရေးသည်အထိ တာဝန်ယူရေးသားနိုင်စွမ်းရှိသည်။

မြန်မာစာပေ တိုးတက်ရေးအတွက် လှုံ့ဆော်ပေးခဲ့သည့် မြန်မာစာပေသမိုင်းတွင် စာပေသမားအဖြစ် လေးစားထိုက်သူ၊ မြန်မာသတင်းစာသမိုင်းတွင်လည်း ထူးကဲစွာ စွမ်းဆောင်နိုင်ခဲ့သူ ဦးထွန်းဖေအား မြန်မာစာပေ သမိုင်း၊ မြန်မာသတင်းစာသမိုင်းတွင် မော်ကွန်းဝင်မော်ကွန်းတင်ထိုက်သူ မြန်မာစာပေ ကျေးဇူးရှင်ကြီးအဖြစ် ဂုဏ်ယူဖော်ပြအပ်ပေသည်။ ။




**ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဒီဇင်ဘာ ၂၁ ရက်က သဃ်န်းကျွန်းမြို့မ ရဲစခန်းမှူး ဒုရဲမှူးတင်ဦးက မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်း လျော့နည်းကျဆင်းရေးအတွက် မှုခင်းအသိပညာပေး ဟောပြောဆောင်ရွက်စဉ်။**

ကြေးမုံ

## မှုခင်းအသိပညာပေးဟောပြော

**မော်လမြိုင် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်စီစဉ်မှုဖြင့် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေရှိ ပညာရေးကောလိပ်ကျောင်းဝင်းအတွင်း မှုခင်းအသိပညာပေး မော်တော်ယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ ဒုတိယရဲမှူးဆန်းဦးက လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ အမှတ်(၁၂) ယာဉ်ထိန်းတပ်ဖွဲ့ ရဲအုပ်ဇော်ဇော်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ လိုက်နာရမည့်စည်းကမ်းချက်များကိုလည်းကောင်း၊ ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်အေးက နယ်မြေအတွင်း မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းပပျောက်ရေး သိရှိနားလည်စေရေးကိုလည်းကောင်း အသိပညာပေးဟောပြောကြပြီး လက်ကမ်းစာစောင်များ ဝေငှပေးသည်။ **၃၀၇**



&efukef;wdkif;a'oBuD;? ft rSwf(7) &yfuuft yfcsKyfa&;rSL;½kH; 'Zifbm 23 &ufnyd;fwif&efukef;wdkif;a'oBuD;&wyf&Tcsm;&rSL;oef;xGef;atmifu &yfuufae vnfbl40 ceftm;ouf,fkd;rlqif;a&;EStciftod ynmay;a[majympOf

a|u;rkH

## International Glass Co.,Ltd

## အထူး ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ရှိခြင်း

ကျွန်တော်များ International Glass Co.,Ltd (ကျောက်ဆည်)မှထုတ်လုပ်သောမှန် (Clear Glass, Solar Glass) များအား စတင်ထုတ်လုပ်သည့် အချိန်မှစ၍ ယခုအချိန်ထိ အရောင်းကိုယ်စားလှယ်ကြီးများ (Distributors)အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်မှုနှင့် International Glass Co.,Ltd မှ ချီးမြှင့်သောအကျိုးတူခံစားခွင့်များ ရရှိခြင်းအတွက် အောက်ပါအရောင်းကိုယ်စားလှယ်ကြီးများအား အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည် -

(1) Shwe Kyae Glass Trading (mdy)
(2) Landmark Enterprise Ltd - Asahi - Land Glass Center (YGN)
(3) Mahar Lin Htet Trading Co.,Ltd (YGN)
(4) Singapore Glass Trading (MDY)
(5) Toe Tet Aung Glass and UPVC Distribution (Soe Moe Khaing - YGN)

ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်သော အရောင်းကိုယ်စားလှယ်ကြီးများအား အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်းနှင့် စီးပွားဥစ္စာများစွာ တိုးတက်ပါစေရန် နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

International Glass Co.,Ltd
(ကျောက်ဆည်မှန်)

## International Glass Co.,Ltd

## အထူး ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ရှိခြင်း

ကျွန်တော်များ International Glass Co.,Ltd (ကျောက်ဆည်)မှထုတ်လုပ်သောမှန် (Clear Glass, Solar Glass) များအား စတင်ထုတ်လုပ်သည့် အချိန်မှစ၍ ယခုအချိန်ထိ အရောင်းကိုယ်စားလှယ်ကြီးများ (Distributors)ထံမှ ဝယ်ယူအားပေးပြီး တစ်ဆင့်ပြန်လည် ဖြန့်ဖြူးရောင်းချပေးပါသော ကုန်သည်ကြီးများနှင့် International Glass Co.,Ltd မှ ချီးမြှင့်သောအကျိုးတူခံစားခွင့်များ ရရှိခြင်းအတွက် အောက်ပါကုန်သည်ကြီးများအား အထူး ဂုဏ်ယူဝမ်းမြောက်ကြောင်း ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည် -

(၁) စွမ်းအားသျှင် မှန်အမျိုးမျိုးဖြန့်ချိရေး
(၂) ချယ်ရီမြင့် မှန် နှင့် အလူမီနီယံတပ်ဆင်ရောင်းဝယ်ရေး (ယခင် စုပေါင်းမှန်ဆိုင်)
(၃) Sky မှန်အမျိုးမျိုးရောင်းဝယ်ရေး
(၄) ပါရမီ မှန်အမျိုးမျိုးရောင်းဝယ်ရေး
(၅) ရောင်နီဦး မှန်အမျိုးမျိုးရောင်းဝယ်ရေး

ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်သော ကုန်သည်ကြီးများအားလုံးအား အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်းနှင့် စီးပွားဥစ္စာများစွာ တိုးတက်ပါစေရန် နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

International Glass Co.,Ltd
(ကျောက်ဆည်မှန်)

# ဒေသတွင်း တရားဥပဒေစိုးမိုးပါက အကြံပြုချက်ပါ လုပ်ငန်းစဉ်များ အမြန်အကောင်အထည်ဖော်နိုင်မည်

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ (၆/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညှိနှိုင်းအစည်းအဝေးများ ကျင်းပ၍ လုပ်ငန်းများ ဆောင်ရွက်နေသည်မှာ ယခုအကြိမ်အပါအဝင် (၆)ကြိမ် ရှိနေပြီဖြစ်ပါကြောင်း၊ အစီရင်ခံစာ၏ အကြံပြု ဖော်ပြချက်များသည် ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ (၆/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။




# ဆောက်သမ်တန်ကို စပါးက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်း ဟက်ထရစ်ဂိုး သွင်းယူ

ပရီမီယာလိဂ်ပွဲစဉ်(၂၀)၏ Boxing day ပွဲစဉ် အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် စပါးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်တွင် စပါးအသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယင်းပွဲစဉ်တွင် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် စပါးအသင်းသည် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲပယ်ပြစ်ဒဏ်ကြောင့် အသင်းခေါင်းဆောင် ချာလီအော်စတင် မပါဝင်နိုင်ခဲ့သည့် ဆောက်သမ်တန်အသင်းကို ပထမပိုင်း ပွဲကစားချိန်အတွင်းမှာပင် ဟယ်ရီကိန်း၏ သွင်းဂိုးနှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

စပါးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့သည် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယင်းပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ်အတွက် ဥရောပ၏ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။

စပါးအသင်းက ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် စပါးအသင်းအတွက် သွင်းဂိုးများကို ဟယ်ရီကိန်းက သုံးဂိုး၊ အလီက တစ်ဂိုးနှင့် ဆွန်ဟောင်မင်က တစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

GRAND HANTHA INTERNATIONAL HOSPITAL
GREEN. GRAND. CARE FOR THE PEOPLE
ကျောက်ကပ်သွေးသန့်စင်ဌာန စတင်ဖွင့်လှစ်ခြင်း အထူးအစီအစဉ်
HEMODIALYSIS CENTER



၁၅.၁၂.၂၀၁၇ မှ ၁၄.၁.၂၀၁၈ နေ့အထိ
တစ်ရက်လျှင် လူဦးရေ (၁၀)လက်ခံ၍
ကျောက်ကပ်သွေးသန့်စင်ခြင်းကို အခမဲ့
ကျန်းမာရေး အလှူဒါနပြုသွားမည် ဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
(အခမဲ့ အစီအစဉ်တွင် ဆေးရုံဝန်ဆောင်ခ နှင့် Dialyzer ပစ္စည်းခ မပါဝင်ပါ။)



အမှတ်(၃)၊ နာနတ်တောလမ်းနှင့်ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284